# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဟာဗျူဟာ စီမံကိန်း

၂၀၁၄ - ၂၀၁၈



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဟာဗျူဟာ စီမံကိန်း

## ၂၀၁၄ - ၂၀၁၈

ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် အတူတကွလုပ်ဆောင်ခြင်းဖြင့်
အများယုံကြည်လက်ခံအောင်မြင်သော ရွေးကောက်ပွဲများဆီသို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ အမှာစကား



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၁၄ မှ ၂၀၁၈ ခုနှစ်အထိ) ကို လေ့လာသုံးသပ်ရေးဆွဲနိုင်သည့်အတွက် အထူးဝမ်းမြောက်မိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအတူ၊ ပူအမျှ ရင်းနှီးချစ်ခင်စွာ စုပေါင်းနေထိုင်သော အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်ပါသည်။ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကျင့်သုံးပြီး ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးအတွက် ပါတီများ စနစ်တကျဖွဲ့စည်း နိုင်ရန် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါသည်။

ဒီမိုကရေစီစနစ်ကျင့်သုံးသည့်နိုင်ငံဖြစ်သည်နှင့်အညီ အာဏာ(၃)ရပ်အား တတ်နိုင်သမျှ ပိုင်းခြား သုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းပြုလုပ်နိုင်ရန် လွှတ်တော်အသီးသီးတွင် ပြည်သူ့ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ပေးရမည် ဖြစ်ပါသည်။ ဒီမိုကရေစီရှင်သန်ခိုင်မာရေးတွင် ရွေးကောက်ပွဲများသည် အလွန်အရေးပါပါသည်။ သို့သော် ရွေးကောက်ပွဲကျင်းပရသည်မှာ လွန်စွာရှုပ်ထွေးပြီး အားလုံးအောင်မြင်မှု (win win situation) မရနိုင်သဖြင့် တောင်းဆိုမှု၊ အငြင်းပွားမှု၊ စိန်ခေါ်မှုများ များပြားသောလုပ်ငန်းဖြစ်ပါသည်။

ကော်မရှင်သည် လူ့စွမ်းအားနှင့် စက်ပစ္စည်းစွမ်းအား အရင်းအမြစ် အခက်အခဲများ၊ စိန်ခေါ်မှုများကြားမှ ၂၀၁၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါသည်။ ရွေးကောက်ပွဲစက်ဝန်း လုပ်ငန်းစဉ်ပါအချက်များအား တစ်ခုပြီးတစ်ခု ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဤမဟာဗျူဟာစီမံကိန်းတွင် ကော်မရှင်အတွက် မဟာဗျူဟာမျှော်မှန်းချက်များ၊ အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ်အတွက် လိုအပ်သောစွမ်းဆောင်ရည်များ၊ တာဝန်နှင့်လိုက်နာရန် အခြေခံမူများနှင့် တိုင်းတာတွက်ချက်လို့ရသည့် ပန်းတိုင်များကို ဖော်ပြထား ပါသည်။ တွေ့ကြုံရမည့် အခက်အခဲအကြောင်းအရာများကို ဖော်ထုတ်ထားသည့်အပြင် ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ ကိုလည်း လေ့လာထည့်သွင်းရေးဆွဲထားပါသည်။ ရွေးကောက်ပွဲသည် လွန်စွာရှုပ်ထွေး စိန်ခေါ်မှုများသည့်လုပ်ငန်းဖြစ်သဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ထိရောက်စွာ စီမံဆောင်ရွက်နိုင် ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သော လူသားအရင်းအမြစ်ဖွဲ့စည်းပုံများ၊ အဆောက်အအုံများ၊ ခေတ်မီစက်ပစ္စည်းနှင့်ယာဉ်များ၊ စီမံခန့်ခွဲမှုနှင့် လေ့ကျင့်ပညာပေးမှုများ ဖြည့်တင်းလေ့ကျင့်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် လက်ရှိအခြေအနေကို ဖော်ထုတ်လေ့လာသုံးသပ်ပြီး ရေရှည် အကောင်အထည်ဖော်မည့် မဟာဗျူဟာပန်းတိုင်များ၊ လုပ်ငန်းစဉ်များ၊ နောင်ဖြစ်ပေါ်လာမည့် ကမ္ဘာ နှင့် မြန်မာ့အခြေအနေသစ်ကို မျှော်မှန်းပြီး ဤမဟာဗျူဟာစီမံကိန်းကို ရေးဆွဲထားပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လက်စွဲစာစောင်များ၊ လုပ်ငန်းလမ်းညွှန်များကို ပြန်လည် လေ့လာသုံးသပ်ပြီး နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင်ပြုစုရန် စီမံထားပါသည်။အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲ များတွင် ဝန်ထမ်းများခန့်အပ်နိုင်ရေးကိုလည်း စီမံထားပါသည်။ အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲရုံးများတွင် လိုအပ်သော အဆောက်အအုံများ၊ စက်ပစ္စည်းကိရိယာများ၊ ယာဉ်များ၊ ဆက်သွယ်ရေးပစ္စည်းများရရှိရေးကိုလည်း ဆောင်ရွက်ရန်ဖော်ပြထားပါသည်။ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ မီဒီယာများနှင့် တွေ့ဆုံ၍ ယုံကြည်မှုတည်ဆောက်ရန် လိုအပ်ပါသည်။ မဲပေးခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိရေးနှင့် မဲစာရင်း မှန်ကန်ရေးဆောင်ရွက်ရန်လည်းကောင်း၊ ပယ်မဲများမဖြစ်စေရေး မှန်ကန်စွာ မဲပေးတတ်ရန် ပညာပေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရန် ဖော်ပြထားပါသည်။ တိုင်းရင်းသားအားလုံးပါဝင်ပြီး သက်ဆိုင်ရာ ဘာသာစကားဖြင့် ပညာပေး နိုင်ရေးလည်း ဆောင်ရွက်ရန်ဖော်ပြထားပါသည်။ အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးစုများ၊ မသန်စွမ်းသူများလည်း ရွေးကောက်ပွဲ ဖြစ်စဉ်တွင်ပါဝင်ရန်လိုအပ်သဖြင့် မဟာဗျူဟာပန်းတိုင်တစ်ခု ချမှတ်ရေးဆွဲထားပါသည်။ ပါတီများအား ဥပဒေနှင့်အညီဆောင်ရွက်ရန် လှုံ့ဆော်ထားပြီး တရားမဲ့ပြုကျင့်မှုမရှိစေရန်အပြန်အလှန်ထိန်းကျောင်း၊ အငြင်းပွားမှုများနှင့် ကန့်ကွက်မှုများ လျော့နည်းအောင် တိုက်တွန်းထားပါသည်။ အငြင်းပွားမှုဖြစ်ပွား တိုင်ကြားလာပါကလည်း လွတ်လပ်တရားမျှတသော ခုံအဖွဲ့များဖြင့် စစ်ဆေး အဆုံးအဖြတ် ပေးနိုင်ရန် စီမံထားကြောင်း ဖော်ပြထားပါသည်။

မဟာဗျူဟာစီမံကိန်းတွင် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် သော့ချက်ကျသော အကြောင်းအရာများကိုလွှမ်းခြုံ၍ အကောင်အထည် ဖော်နိုင်ရန် ဖော်ပြထားပါသည်။ ကော်မရှင်၏စွမ်းဆောင်ရည် များတိုးတက်ရန်အတွက် မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာ၍ လိုအပ်ချက်အပေါ်မူတည်ပြီး မွမ်းမံဆောင်ရွက်သွားမည်ဖြစ် ပါသည်။ စီမံကိန်းတွင် ဖော်ပြထားသောအချိန်ဇယားအတိုင်း အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းများမှ နည်းပညာ ရပ်ပိုင်းဆိုင်ရာ အထောက်အပံ့၊ ပစ္စည်းနှင့်အရင်းအမြစ် အထောက်အပံ့များ မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်မှု အတွက် လိုအပ်မည်ဖြစ်ပါသည်။

မဟာဗျူဟာစီမံကိန်းဖြစ်မြောက်ရေးအတွက် လွန်ခဲ့သောလများကတည်းက ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ခဲ့ကြသော မဟာဗျူဟာ စီမံကိန်းရေးဆွဲရေး ကော်မတီနှင့်တကွ ဝန်ထမ်းအားလုံးကိုလည်း ကောင်း၊ စီမံကိန်းမူကြမ်းကို လေ့လာသုံးသပ်အကြံပြုခဲ့သော နိုင်ငံရေးပါတီများ၊ အမျိုးသမီးအဖွဲ့အစည်းများ အပါအဝင် လူမှုရေးအဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ မီဒီယာ အဖွဲ့အစည်းများအား အထူးကျေးဇူးတင်ရှိပါသည်။ ဤလုပ်ငန်းစဉ်ဖြစ်မြောက်ရေးအတွက် ပံ့ပိုးပေးကြသော IFES နှင့် USAID ကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၄-၂၀၁၈ မဟာဗျူဟာစီမံကိန်းသည် ကော်မရှင်၏လုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် များစွာအထောက်အကူ ဖြစ်စေပါသည်။ အရင်းအမြစ်များကိုအကျိုးရှိ ထိရောက်စွာ အသုံးချခြင်းအပြင်

ပါဝင်ပတ်သက်သည့် ပြည်တွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့များကို ပွင့်လင်းမြင်သာစွာ အသုံးချစေနိုင်မည် ဖြစ်ပါသည်။ ဤစီမံကိန်းသည် ၂၀၁၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး အထောက်အကူဖြစ်စေမည်ဟု ယုံကြည်မှုအပြည့်အဝရှိကြောင်းနှင့် နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများအတွက်လည်း အခြေခံကောင်း၊ အထောက်အပံ့ကောင်း ဖြစ်စေမည်ဟု ယုံကြည်ပါသည်။

ဤမဟာဗျူဟာစီမံကိန်းအောင်မြင်စေရေးနှင့် လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပြီး ယုံကြည်မှုရရှိစေရေးအတွက် ကော်မရှင်နှင့်တကွ တိုင်းရင်းသားလုပ်သားပြည်သူများ၊ အဆင့်ဆင့်သော လွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ နိုင်ငံတော်အစိုးရအဖွဲ့နှင့် နိုင်ငံတကာမှ မိတ်ဆွေအဖွဲ့အစည်းများကလည်း အားပေးကူညီကြမည်ဟု မျှော်လင့်ယုံကြည်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။



တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် လွှတ်တော် စနစ်ကျင့်သုံးသော နိုင်ငံဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်သည် ၂၀၀၈ ခုနှစ် အခြေခံ ဥပဒေအရ လွှတ်တော်နှစ်ရပ်ပေါင်းကာ ဖွဲ့စည်း ပေါ်ပေါက်လာသည့် နိုင်ငံတော်အဆင့် ဥပဒေပြု လွှတ်တော်ဖြစ်သည်။ ပြည်ထောင်စု လွှတ်တော်ကို ကိုယ်စားလှယ် ၂၂၄ ဦးပါဝင်သော အမျိုးသား လွှတ်တော် နှင့် ကိုယ်စားလှယ်ဦးရေ ၄၄၀ ပါဝင်သော ပြည်သူ့လွှတ်တော် နှစ်ရပ်ဖြင့် ဖွဲ့စည်းထားသည်။ နိုင်ငံတော်သမ္မတကို လွှတ်တော် ကိုယ်စားလှယ် များက ရွေးချယ် တင်မြှောက်သည်။

ဥပဒေအရ လက်ရှိအသုံးပြုနေသော ရွေးကောက်ပွဲ စနစ်မှာ မဲအများဆုံးရရှိသူအနိုင်ရသည့် (First-Past-the-Post) စနစ် ဖြစ်ပြီး အောက်ပါလွှတ်တော် ကိုယ်စားလှယ်များကို ရွေးချယ်ရန် အသုံးပြုသည် -

### အမျိုးသားလွှတ်တော်

အမျိုးသားလွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၂၂၄ နေရာ ရှိသည့်အနက် ၁၆၈ နေရာကို ရွေးကောက် တင်မြှောက်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ် တစ်ခုလျှင် ၁၂ နေရာစီဖြင့် ၁၄ခု အတွက် ကိုယ်စားလှယ် ၁၆၈နေရာ ရွေးချယ်ခြင်းဖြစ်သည်။ ကျန်ကိုယ်စားလှယ် ၅၆ဦး (၂၅ ရာခိုင်နှုန်း)မှာ အခြေခံဥပဒေအရ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က ရွေးချယ်သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည်။

### ပြည်သူ့လွှတ်တော်

ပြည်သူ့လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၄၄၀နေရာ ရှိသည့်အနက် ၃၃၀နေရာကို ရွေးကောက်တင်မြှောက်သည်။ တစ်မြို့နယ်လျှင် ကိုယ်စားလှယ် တစ်ဦးကျစီဖြင့် မြို့နယ် ၃၃၀အတွက် ကိုယ်စားလှယ် ၃၃၀နေရာ ရွေးချယ်ခြင်း ဖြစ်သည်။ ကျန်ကိုယ်စား လှယ် ၁၁၀ဦး (၂၅ ရာခိုင်နှုန်း)မှာ အခြေခံဥပဒေအရ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က ရွေးချယ်သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည်။

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်

တိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ်လွှတ်တော် (၇)ခုတွင် တစ်မြို့နယ်လျှင် ၂ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ် ၆၄၄ဦးနှင့် အခြေခံဥပဒေအရ နိုင်ငံတော်ရှိလူဦးရေ စုစုပေါင်း၏ ၀.၁%နှင့်အထက် ရှိသော တိုင်းရင်းသားလူမျိုးအသီးသီးအတွက် ရွေးချယ်သော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၂၉ဦးရှိသည်။ ထိုတိုင်း ဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီးတွင် လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ ၃ပုံ ၁ပုံကို အခြေခံဥပဒေအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရွေးချယ်သော တပ်မတော်သား ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်း ထားသည်။

ရည်ညွှန်း: -http://www.themimu.info/docs/Country_Map_MMR_StReg_Self_Admin_Zones_MIMU981v02_20_Aug_13_MMR_A4.pdf

## မာတိကာ

| | စာမျက်နှာ |
|---|---|
| ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ အမှာစကား | ၁ |
| ၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၅ |
| ၂။ မဟာဗျူဟာစီမံကိန်း ရေးဆွဲခြင်းနည်းစနစ် နှင့်လုပ်ငန်းစဉ် | ၆ |
| ၃။ အဖွဲ့အစည်းနှင့် အခြေအနေများကို ခြုံငုံဆန်းစစ်သုံးသပ်ခြင်း | ၉ |
| ၃.၁ ရွေးကောက်ပွဲစက်ဝန်းနှင့် SWOT ဆန်းစစ်သုံးသပ်မှု | ၉ |
| ၃.၂ မဟာဗျူဟာသုံးသပ်ချက်များနှင့်ယူဆချက်များ | ၁၀ |
| ၃.၃ ရင်ဆိုင်ရမည့်အခက်အခဲများ ဆန်းစစ်သုံးသပ်ခြင်း | ၁၄ |
| ၄။ မဟာဗျူဟာမျှော်မှန်းချက်၊ တာဝန်နှင့် လိုက်နာဆောင်ရွက်မည့် အခြေခံမူများ | ၁၆ |
| ၅။ မဟာဗျူဟာ ပင်မအခန်းများ၊ ပန်းတိုင်များနှင့် ရည်ရွယ်ချက်များ | ၁၇ |
| မဟာဗျူဟာအခန်း ၁။ ဥပဒေရေးရာမူဘောင် | ၁၈ |
| မဟာဗျူဟာအခန်း ၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံ | ၁၉ |
| မဟာဗျူဟာအခန်း ၃။ လူ့စွမ်းအားအရင်းအမြစ်များနှင့် ကျွမ်းကျင်မှုစွမ်းရည် ပျိုးထောင် တည်ဆောက်ခြင်း | ၂၀ |
| မဟာဗျူဟာအခန်း ၄။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်း | ၂၁ |
| မဟာဗျူဟာအခန်း ၅။ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ | ၂၂ |
| မဟာဗျူဟာအခန်း ၆။ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများ | ၂၃ |
| မဟာဗျူဟာအခန်း ၇။ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့်ဆက်ဆံရေး | ၂၅ |
| မဟာဗျူဟာအခန်း ၈။ ပြည်သူများနှင့် မဲဆန္ဒရှင်များအားအသိပညာပေးခြင်း | ၂၆ |
| မဟာဗျူဟာအခန်း ၉။ အားလုံးပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်း | ၂၇ |
| မဟာဗျူဟာအခန်း ၁၀။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီလိုက်နာဆောင်ရွက်ခြင်း | ၂၈ |
| မဟာဗျူဟာအခန်း ၁၁။ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း | ၂၉ |
| မဟာဗျူဟာအခန်း ၁၂။ စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း | ၃၀ |
| ၆။ မဟာဗျူဟာအခန်းတစ်ခုစီ၏ လုပ်ငန်းများ၊ လုပ်ငန်းစွမ်းဆောင်ရည်ကိုပြသော အညွှန်းများနှင့် ပြီးစီးရမည့်အချိန် | ၃၁ |
| ၇။ မဟာဗျူဟာစီမံကိန်း ပြက္ခဒိန် | ၇၀ |
| ၈။ အတိုကောက် အင်္ဂလိပ်စကားလုံးများ အဓိပ္ပါယ်ဖွင့်ဆိုချက် | ၇၉ |

## ၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲပြီးနောက် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် ‘ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်’ ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ မတ်လ (၃၀) ရက်စွဲပါ ကြေညာချက်အမှတ် ၅/ ၂၀၁၁ ဖြင့် ဖွဲ့စည်းပေးခဲ့သည် -



ဦးတင်အေး
ဥက္ကဋ္ဌ



ဦးမြင့်နိုင်
အဖွဲ့ဝင်



ဦးအောင်မြင့်
အဖွဲ့ဝင်



ဒေါက်တာဒေါ်မြင့်ကြည်
အဖွဲ့ဝင်



ဦးဝင်းကြည်
အဖွဲ့ဝင်



ဦးညွန့်တင်
အဖွဲ့ဝင်



ဦးဝင်းကို
အဖွဲ့ဝင်



ဦးတင်ထွန်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် လွတ်တော်စနစ်ကျင့်သုံးသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွှတ်တော်သက်တမ်းအား ၅နှစ် သတ်မှတ်ထားသည်။ သို့ဖြစ်၍ လာမည့် ၂၀၁၅ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရမည်ဖြစ်ရာ နိုင်ငံတကာစံနှုန်းများနှင့်အညီ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အောက်ဖော်ပြပါ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာများအလိုက် ဖွဲ့စည်းထားရှိသည် -

တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ - ၁၄
ခရိုင်ကော်မရှင်အဖွဲ့ခွဲ - ၇၃
**မြို့နယ်**ကော်မရှင်အဖွဲ့ခွဲ - ၃၃၀
ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲ - ၁၅၇၈၀




# ၂။ မဟာဗျူဟာစီမံကိန်း ရေးဆွဲခြင်းနည်းစနစ် နှင့်လုပ်ငန်းစဉ်

## ၂.၁။ မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်းနည်းစနစ်

**မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်းလုပ်ငန်း စက်ဝန်း ( Strategic Planning Cycle)**

ရွေးကောက်ပွဲဆိုင်ရာစက်ဝန်း (electoral cycle)မှာ ကဲ့သို့ပင် မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်းတွင် အသုံးပြုသည့် နည်းစနစ်မှာ - လုပ်ဆောင်ချက်အဆင့်တိုင်းတွင် ကောင်းမွန်သောအစပျိုးမှုနှင့် အဆုံးသတ်သည့် လုပ်ငန်းစဉ်လည်ပတ်စေသည့် စက်ဝန်းနှင့်လည်ပတ်မှုလုပ်ငန်းစဉ် (cyclical and revolving process) ကို အခြေခံထားခြင်းဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်းများမှ မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း လုပ်နည်းကိုင်နည်းကို ပြဋ္ဌာန်းထားသော်လည်း ဤနည်းစနစ်သည် အဆင့်တစ်ခုနှင့်တစ်ခု ဆက်နွယ်မှုရှိပြီး တစ်ခုပေါ်တစ်ခုတည်မှီနေသော လုပ်ဆောင်ချက်များကို မဏ္ဍိုင်ပြုပြီး လုပ်ငန်းလည်ပတ်နေသည်။ လုပ်ဆောင်ချက်အဆင့်တစ်ခုစီကို အကောင်အထည် ဖော်ဆောင်ခြင်းသည် ရှေ့ပြေးအဆင့် (preceding one) ပြီးမြောက်အောင်မြင်မှုအပေါ် အဓိက မူတည်နေသည်သာမကဘဲ ပေါ်ထွက်လာသည့် လုပ်ဆောင်ချက်အဆင့် အစပျိုးရန်နှင့် အောင်မြင်စွာအဆုံးသတ်လုပ်ဆောင်ရန် မရှိမဖြစ်လိုအပ်ပါသည်။ မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်းစက်ဝန်းသည် စနစ်ကျပြီး အစီအစဉ်ကျသော နည်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှတဆင့် လုပ်ငန်းလည်ပတ်ခြင်းဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် ရွေးကောက်ပွဲအပြီးကာလအထိ (သို့)ထိုကာလကျော်လွန်သည်အထိ အကျုံးဝင်နိုင်သည်။ မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း စက်ဝန်းလည်ပတ်မှု ပြီးဆုံးသည်နှင့်တပြိုင်နက် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်းများ အနေဖြင့် လုပ်ငန်း စက်ဝန်းအသစ် စတင်ရန်နှင့် အသစ်ထွက်ပေါ်လာသောလိုအပ်ချက်များကို စတင် သတ်မှတ်ထားသင့်သည်။




ရည်ညွှန်း - IFES Strategic Planning Guide for Effective Electoral Management, 2011

## ၂.၂။ မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများ စီစဉ်ကျင်းပ ပေးနိုင်ရေးအတွက် စွမ်းဆောင်မှုများအားကောင်းစေရန် ပထမဆုံးသော မဟာဗျူဟာစီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်ကို ၂၀၁၃ ခုနှစ်ဇူလိုင်လမှစတင်ခဲ့ပါသည်။ ယင်းလုပ်ငန်းစဉ်အတွက် ကော်မရှင်အဖွဲ့ဝင်ဒေါက်တာဒေါ်မြင့်ကြည်ဦးဆောင်သော အကြီးတန်း ဝန်ထမ်းများပါဝင်သည့် မဟာဗျူဟာစီမံကိန်းရေးဆွဲရေး ကော်မတီတစ်ခုနှင့် အထောက်အကူပြုအဖွဲ့တစ်ခုကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။ မဟာဗျူဟာ (၅) နှစ်စီမံကိန်းတစ်ခုကို ခြောက်လ အတွင်း ပေါ်ထွက်လာရေးအတွက် ရည်မှန်းချက်ထားကာ စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ မဟာဗျူဟာစီမံကိန်းရေးဆွဲချမှတ်ရေးကော်မတီသည် ပါကစ္စတန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ နီပေါနိုင်ငံ တို့မှ ရွေးကောက်ပွဲဆိုင်ရာ မဟာဗျူဟာစီမံကိန်းများကို နှိုင်းယှဉ်လေ့လာကာရေးဆွဲခဲ့ပါသည်။ မဟာဗျူဟာ စီမံကိန်းတွင် မျှော်မှန်းချက်၊ တာဝန်၊ ရည်မှန်းချက်ပန်းတိုင်နှင့် လိုက်နာဆောင်ရွက်မည့် အခြေခံ မူများ၊ ရည်ရွယ်ချက်များနှင့်အတူ အသေးစိတ်ချမှတ်ထားသည့်ပန်းတိုင် (၁၂) ခုနှင့် ဌာနတစ်ခုစီ အတွက်တိကျသည့် တာဝန်ဝတ္တရားများ၊ လုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်လျာထားမှုများနှင့်တကွ အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်မည့်ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ စွမ်းဆောင်ရည်ကိုစဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာမည့် ကဏ္ဍများပါဝင်ပါသည်။

| | |
|---|---|
| မဟာဗျူဟာစီမံကိန်းရေးဆွဲရေးကော်မတီ | ဒေါက်တာဒေါ်မြင့်ကြည် (ကော်မရှင်အဖွဲ့ဝင်)၊ ဦးတင်ထွန်း (ညွှန်ကြားရေးမှူးချုပ်)၊ ဦးသန်းထွန်း (ကျွမ်းကျင်သူ)၊ ဦးနေမျိုး (ညွှန်ကြားရေးမှူး)၊ ဦးစိုင်းကျော်သူ (ဒုတိယညွှန်ကြားရေးမှူး)၊ ဒေါ်ရီရီမြ (ဒုတိယညွှန်ကြားရေးမှူး)၊ ဒေါက်တာထွန်းထွန်းဦး (ဒုတိယညွှန်ကြားရေးမှူး)၊ ဒေါ်ခင်ဝင်းမြင့် (ဒုတိယညွှန်ကြားရေးမှူး)၊ ဦးမြတ်ထွန်းဦး (လက်ထောက်ညွှန်ကြားရေးမှူး)၊ ဒေါ်သင်းသင်းနွယ် (ဦးစီးအရာရှိ) |
| လုပ်ငန်းပံ့ပိုးဆောင်ရွက်မှုအဖွဲ့ | ဦးသိန်းဦး (ညွှန်ကြားရေးမှူး)၊ ဦးအောင်မျိုးသန့် (လက်ထောက်ညွှန်ကြားရေးမှူး)၊ ဦးကျော်ဇေယျာတင့် (ဦးစီးအရာရှိ)၊ ဒေါ်မို့မို့အောင် (ဒုတိယဦးစီးမှူး)၊ ဒေါ်အေးမြမြကျော် (ဒုတိယဦးစီးမှူး)၊ ဒေါ်ဝင်းမမထွန်း (ဒုတိယဦးစီးမှူး)၊ ဒေါ်သဇင်ဦး (အကြီးတန်းစာရေး)၊ ဦးဝေကိုထက် (အကြီးတန်းစာရေး) |

### မဟာဗျူဟာစီမံကိန်းရေးဆွဲရေးဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲများ

မဟာဗျူဟာစီမံကိန်းများရေးဆွဲရာတွင် ပေါ်ထွက်လာမည့်ရလဒ်များကဲ့သို့ပင် လုပ်ငန်းစဉ် သည်လည်းအရေးပါပါသည်။ ယင်းလုပ်ငန်းစဉ်သည် ရွေးကောက်ပွဲတွင်ပါဝင်ပတ်သက်သည့် အဖွဲ့ အစည်းအားလုံးပါဝင်ကာ ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ်ပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်းရေးဆွဲရာတွင်လည်း သက်ဆိုင်သူအားလုံး ပါဝင်ဆောင်ရွက်မှုဖြစ်စေရန်နှင့် ပိုမိုပူးပေါင်းပါဝင်ကူညီမှုအားကောင်းလာစေရန် ကဏ္ဍစုံမှ တာဝန်ရှိသူများနှင့် ဆွေးနွေး ညှိနှိုင်းအကြံပြုချက်ရယူခြင်းကို ကော်မရှင်က ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ဆောင်ရွက်ခြင်းသည် အခွင့်အရေးနည်းပါးနိုင်ဖွယ်ရှိသော မဲဆန္ဒရှင်များအထူးသဖြင့် တိုင်းရင်းသားလူနည်းစုများ၊ အမျိုး သမီးများ၊ မသန်စွမ်းသူများ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပိုမိုဝင်ဆန့်ပါဝင်နိုင်စေရေးအတွက် များစွာအထောက်အကူဖြစ်စေပါသည်။ ကော်မရှင်သည် မဟာဗျူဟာစီမံချက်များနှင့်ပတ်သက်၍ အကြံပြုစာများရရှိနိုင်ရေးအတွက် မူကြမ်းမိတ္တူများကို မြန်မာနိုင်ငံရှိလူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲများထံသို့ ၂၀၁၃ ခုနှစ်နိုဝင်ဘာလတွင် ပေးပို့ခဲ့ပါသည်။ မဟာဗျူဟာရေးဆွဲရေးကော်မတီသည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် မျက်နှာစုံညီအစည်းအဝေးများမစတင်မီ ဝေဖန်အကြံပြုချက်များကို စုဆောင်းသုံးသပ်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင်မဟာဗျူဟာစီမံကိန်းရေးဆွဲရေးကော်မတီနှင့် အထောက်အကူပြုအဖွဲ့တို့ သည် ၈၈ မျိုးဆက်ခေါင်းဆောင်များ ပညာရှင်အသိုင်းအဝိုင်းမှခေါင်းဆောင်များ၊ အမျိုးသမီးရေးရာ အဖွဲ့များမှ ခေါင်းဆောင်များနှင့် မသန်စွမ်းသူများကိုယ်စားပြုအဖွဲ့အစည်းများမှ ခေါင်းဆောင်များ အပါအဝင် လူမှုအဖွဲ့အစည်း ၂၅ ခုမှကိုယ်စားလှယ် ၃၂ ဦးနှင့် ရန်ကုန်တွင် တွေ့ဆုံဆွေးနွေး ခဲ့ကြပါသည်။ လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များသည် ကော်မရှင်နှင့် ၎င်းတို့၏ဆက်ဆံရေးတွင် ယခုကဲ့သို့သော တိုးတက်မှုခြေလှမ်းအတွက် ယုံကြည်မှုရှိလာခဲ့ကြပြီး စီမံကိန်းတွင်ထည့်သင့်သည့် ကိစ္စရပ်များ၊ ကိုင်တွယ်ဖြေရှင်းရန်လိုအပ်သည့် အရေးပါသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌဦးတင်အေးနှင့် တွေ့ဆုံကာ၂နာရီကြာမျှရင်းနှီးဖော်ရွေစွာ တွေ့ဆုံဆွေးနွေးခဲ့ကြ သည်။

အလားတူပင် နိုဝင်ဘာလ ၂၂ ရက်နေ့၌ မဟာဗျူဟာရေးဆွဲရေးကော်မတီသည် နိုင်ငံရေးပါတီ ၅၈ ပါတီကိုတွေ့ဆုံဆွေးနွေးရန်ဖိတ်ကြားခဲ့ရာ နိုင်ငံရေးပါတီ ၅၀ မှကိုယ်စားလှယ် ၅၂ ဦးတက် ရောက်ခဲ့သည်။ ယင်းကိုယ်စားလှယ်များသည် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍တစ်ရက်တာဆွေးနွေးခဲ့ကြပြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ပွင့်လင်းရင်းနှီးစွာ ဆွေးနွေး ညှိနှိုင်းခွင့်ရခဲ့ပါသည်။ ဤဆွေးနွေးညှိနှိုင်းမှုများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများက ဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကိုကျယ်ပြန့်စွာနားလည်သိရှိကြစေရန် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ရေး၊ ကျယ်ပြန့်စွာဖြန့်ဝေအသိပေးရေး၊ မဲဆန္ဒရှင်စာရင်းများပိုမိုတိကျမှန်ကန်စေရေး၊ ကြိုတင်မဲပေးရာတွင်ပိုမို ပွင်းလင်းမြင်သာမှုရှိစေရေး၊ မဲဆန္ဒရှင်များအသိပညာပေးရေးနှင့် ဤသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူနည်းစုများထံသို့ပါရောက်ရှိရေး၊ လုပ်ငန်းစဉ်တစ်လျှောက်အတူတကွပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအကြား ဆက်သွယ်ဆောင်ရွက်နိုင်ရန်

ဆက်ဆံရေးအဖွဲ့များထားရှိရေး၊ ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ကြေးနှင့် ကန့်ကွက်လွှာများ တင်သွင်းရာတွင်ပေးသွင်းရသည့် အခကြေးငွေများလျှော့ချရေး စသည့်အရေးပါသောဆွေးနွေးမှုများ ထည့်သွင်းဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးညှိနှိုင်းမှုများမှ ရရှိလာသော ပွင့်လင်းမြင်သာမှုရှိသည့် လုပ်ဆောင်ချက်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက် သမိုင်းတင်သည့် ခြေလှမ်း တစ်ခုပင် ဖြစ်သည်။


## လုပ်ငန်းအကောင်အထည်ဖော်မှုများကိုစဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာခြင်း

မဟာဗျူဟာစီမံကိန်း၏အခန်း(၁၂)ခန်းမှတစ်ခန်းချင်းစီကိုချမှတ်ထားသည့်ရည်မှန်းချက်နှင့် အချိန်ဇယားအတိုင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှုရှိမရှိစသည်တို့ကိုဆန်းစစ်နိုင်ရန်နှင့် အထူးတာဝန်ယူကြီးကြပ်နိုင်ရန်အတွက် အခန်းတစ်ခန်းချင်းစီ အတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးစီကို တာဝန်ခံများအဖြစ်ခန့်အပ်ထားသည်။ မဟာဗျူဟာ စီမံကိန်း ရေးဆွဲရေး ကော်မတီနှင့် အလုပ်အမှုဆောင်အဖွဲ့ကို စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်ဆန်းစစ်သည့်ကော်မတီအဖွဲ့သို့ ပြောင်းလဲဖွဲ့စည်းပြီးနောက်၊ အဆိုပါကော်မတီသည်သုံးလ တစ်ကြိမ်အစီရင်ခံစာများကို အခန်းတစ်ခန်းချင်းစီကို တာဝန်ယူရသည့် တာဝန်ခံများထံမှ ရယူစုဆောင်း၍မဟာဗျူဟာအခန်း (၁၂) ခန်းလုံးနှင့်ဆိုင်သည့် အကျဉ်းချုပ်တင်ပြထားသည့်အစီရင်ခံစာကို ကော်မရှင်ဥက္ကဋ္ဌထံသို့ တင်ပြရမည်ဖြစ်သည်။ ဥက္ကဋ္ဌသည် ကော်မရှင်အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ တင်ပြလာသည့် တိုးတက်မှု အစီရင်ခံစာအပေါ် ပြန်လည်စိစစ်၍ လိုအပ်ပါက အရင်းအမြစ်များပြန်လည်ချထားခြင်း၊ အချိန်များ ထပ်တိုးခြင်း စသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ချမှတ်ထားသောပန်းတိုင်နှင့် ရည်မှန်းချက်များမပြောင်းလဲဘဲ လမ်းညွှန်အနေဖြင့် ထားရှိ၍ အဆိုပါ ချမှတ်ထားသောရေတိုနှင့် ရေရှည်ရလဒ်များကိုရရှိနိုင်ရန်အတွက် တွေ့ကြုံလာနိုင်သည့်စိန်ခေါ်ချက်များပေါ်မူတည်၍ လိုအပ်ပါက မဟာဗျူဟာကိုပြန်လည် ဖြည့်စွက်ပြင်ဆင်ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်သည်။

# ၃။ အဖွဲ့အစည်းနှင့် အခြေအနေများကို ခြုံငုံဆန်းစစ်သုံးသပ်ခြင်း

## ၃.၁ ရွှေကောက်ပွဲစက်ဝန်းနှင့် SWOT ဆန်းစစ်သုံးသပ်မှု

ရွှေကောက်ပွဲစက်ဝန်းသည် ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်အတွက် ရွှေကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးကို ခြုံငုံကြည့်ရှုနိုင်စေရန်နှင့် ရွှေကောက်ပွဲတစ်ခုတည်းကို အာရုံစိုက်ရန်သာမကဘဲ ကာလရှည်အတွက်ရည်မှန်းချက်ပန်းတိုင်များကို မဟာဗျူဟာစီမံကိန်းချမှတ်ရေးဆွဲခြင်းမှတဆင့်၊ အဖွဲ့အစည်းကိုအားကောင်းအောင်တည်ဆောက်နိုင်ရန်အတွက် နှင့် အရည်အသွေး မြှင့်တင်ပျိုးထောင်ခြင်း၊ စနစ်များနှင့်လုပ်ငန်းစဉ်များကို တိုးတက်အောင်ပြုလုပ်ခြင်းနှင့် အခက်အခဲစိန်ခေါ်မှုအသစ်များကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ရန် အသုံးဝင်သည့် နည်းလမ်းကိရိယာတစ်ခုဖြစ်သည်။ ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်သည် ဤစက်ဝန်းကို ကော်မရှင်ကပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများတွင် သင်ကြားဆွေးနွေးရေး နည်းလမ်းတစ်ခုအဖြစ် အသုံးပြုခဲ့ပြီး ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့်ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများတွင်လည်း (ရွှေကောက်ပွဲလုပ်ငန်းစဉ်၏ အဆင့်အမျိုးမျိုးတို့ကို ကျား၊ မ ညီမျှမှုရှိရေး၊ မသန်စွမ်းသူများအခွင့်အရေး အစရှိသည့် မတူညီသော ရှုထောင့်၊ အမြင်များမှ ကြည့်ရှု သုံးသပ်ရာတွင်လည်း) အသုံးပြုခဲ့သည်။




### SWOT ဆန်းစစ်သုံးသပ်မှု

မဟာဗျူဟာရေးဆွဲရေးကော်မတီနှင့်အလုပ်အမှုဆောင်များသည် SWOT ဆန်းစစ်သုံးသပ်မှု တစ်ရပ်ကိုပြုလုပ်၍ အရေးပါသော အကြောင်းအရာအချို့ကိုအောက်ပါအတိုင်းဖော်ထုတ်ခဲ့ကြသည်။

အားသာချက်များ – ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်သည်ဖွဲ့စည်းအုပ်ချုပ်ပုံအရ လွတ်လပ်သည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ သီးခြားသတ်မှတ်ထားသည့်တာဝန်နှင့်ဝတ္တရားများ ဖြင့်အဆင့်အလိုက်တာဝန်ထမ်းဆောင်နေသည့်ကော်ခွဲများထားရှိထားသည်။ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်လမ်းညွှန်ချက်များပါဝင်သည့်တည်ဆဲဥပဒေမူဘောင်ရှိသည်။ ၂၀၁၂ ကြားဖြတ်ရွှေကောက်ပွဲကို အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့ပြီး(၅)နှစ်ကြာမဟာဗျူဟာစီမံကိန်းတစ်ခုရှိသည်။

အားနည်းချက်များ – နည်းပညာ၊ စက်ပိုင်းဆိုင်ရာ နှင့် ဝန်ထမ်းများ၏အတတ်ပညာပိုင်းဆိုင်ရာ အားနည်းမှု၊ ဘတ်ဂျက်မလုံလောက်မှု၊ မဲစာရင်းမတိကျမှု၊ မဲဆန္ဒရှင်ပညာပေးမှုမလုံလောက်ခြင်း၊ ဘာသာစကားများမတူညီခြင်း၊ ကျားမမညီမျှခြင်း၊ လူမှုအဖွဲ့အစည်း နှင့်ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ ဥပဒေနှင့်စည်းမျဉ်းများလိုက်နာကျင့်သုံးမှုအားနည်းခြင်း၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ရန် လိုအပ်သေးခြင်း။

အခွင့်အလမ်းများ – လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ မီဒီယာများ နှင့်ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ပြည်ထောင်စုရွှေကောက်ပွဲ ကော်မရှင်ကိုတိုးချဲ့ပြင်ဆင်ဖွဲ့စည်း၍အရင်းအမြစ်များထပ်တိုးခြင်း၊ နည်းပညာများကိုကြိုဆိုခြင်း၊ တိုင်းရင်းသား လူနည်းစုများနှင့် ယုံကြည်မှု တည်ဆောက်ခြင်းနှင့် ဥပဒေများ၊ စည်းမျဉ်းများကိုပြင်ဆင်ခြင်း

အခက်အခဲများ – နိုင်ငံရေးမငြိမ်သက်မှုနှင့်အကြမ်းဖက်မှု၊ ဥပဒေမူဘောင်ပြုပြင်မှုများနှောင့်နှေးကြန့်ကြာခြင်း၊ အချိန်နှင့် အရင်းအမြစ်နည်းခြင်း၊ ဥပဒေမဲ့အပြုအမူများ၊ မီဒီယာများနှင့်စောင့်ကြည့်လေ့လာသူများမှ သတင်းအမှားထုတ်လွှင့်ခြင်းနှင့်ကဲ့ရဲ့ရှုံ့ချခြင်း

မဟာဗျူဟာ စီမံကိန်း၏ရည်ရွယ်ချက်သည် အားနည်းချက်နှင့်အခက်အခဲများကိုအားသာချက် နှင့် အခွင့်အလမ်းများသို့ ပြောင်းလဲရန် ဖြစ်သည်။

## ၃.၂ မဟာဗျူဟာသုံးသပ်ချက်များနှင့်ယူဆချက်များ

### ဥပဒေရေးရာမူဘောင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ သုံးခု အပါအဝင် ဥပဒေ ငါးခုနှင့် နည်းဥပဒေ လေးခု တို့ကို လိုက်နာကျင့်သုံးလျက်ရှိပြီး ယင်းဥပဒေ၊ နည်းဥပဒေတို့အား အခြေခံလျက် လုပ်ငန်းလမ်းညွှန်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့ပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က လိုက်နာကျင့်သုံးလျက်ရှိသော လက်ရှိတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များမှာ အခြေအနေအချိန်အခါအရ ပြည့်စုံသောဥပဒေများဖြစ်ပါသည်။ သို့သော်ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲများမှ အတွေ့အကြုံများနှင့် ပြည်တွင်းပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အကြံပြုချက်များအရ၊ ယင်းနည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များသည် ပြည့်စုံစွာရေးဆွဲထားသော်လည်း ရွေးကောက်ပွဲတွင်ပါဝင်ပတ်သက် နေသူများ တိကျမှန်ကန်စွာ သိရှိနားလည်မှု အားနည်းကြောင်းတွေ့ရှိရပါသည်။ အချို့လမ်းညွှန်ချက်များရှိသော်လည်း နည်းဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိသည်ကို ပြည်ပဥပဒေကျွမ်းကျင်သူများက ထောက်ပြသည်ကိုလည်းသိရှိခဲ့ရပါသည်။ နိုင်ငံရေးပါတီများ ကိုယ်စားလှယ်လောင်းများအနေဖြင့် လိုက်နာရမည့်ကျင့်ဝတ်များ၊ ပါတီရန်ပုံငွေ၊ မဲဆွယ်စည်းရုံးမှုရန်ပုံငွေ၊ စောင့်ကြည့်လေ့လာသူများအတွက် ကျင့်ဝတ်များကိုလည်း သီးခြားထုတ်ပြန်ထားရန် လိုအပ်ကြောင်း အကြံပြုကြပါသည်။ ယင်းအကြံပြုသုံးသပ်ချက်များကို အခြေခံ၍ မဟာဗျူဟာမျှော်မှန်းချက်များ ရေးဆွဲရာတွင် နည်းဥပဒေများ၊ ညွှန်ကြားချက်များ လိုက်နာရန်ကျင့်ဝတ်များကို ပြင်ဆင်ရေးဆွဲ၍ထည့်သွင်းထားပါသည်။ ၎င်းအပြင်နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ထံမှ အကြံဉာဏ်များကိုရယူ၍ အကြံပြုချက် အသီးသီးကိုလည်း ထည့်သွင်းစဉ်းစားကာ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် လိုက်နာရမည့်ကျင့်ဝတ်များကို ပြင်ဆင်ရေးဆွဲမည် ဖြစ်ပါသည်။ အချို့အကြံပြုချက်များမှာ မဟာဗျူဟာမျှော်မှန်းချက်တွင် အသေးစိတ်ထည့်သွင်းဖော်ပြရန် အခက်အခဲရှိသဖြင့် မဖော်ပြထားသော်လည်း ပြင်ဆင်ချက်များတွင်ထည့်သွင်းပြင်ဆင်ရေးဆွဲမည်ဖြစ်ပါသည်။ ပြည်သူများလေ့လာသိရှိနိုင်ရန်အတွက် တိုင်းရင်းသား ဘာသာစကားများဖြင့် ပြန်ဆိုခြင်းကိုလည်း ဆောင်ရွက်မည် ဖြစ်ပါသည်။

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံ

လက်ရှိကော်မရှင်၏ဖွဲ့စည်းပုံအရ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသာရှိပြီး၊ တိုင်းဒေသကြီး/ ပြည်နယ်မှစ၍ ရပ်ကွက်/ကျေးရွာအထိ အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲများတွင် အမြဲတမ်းဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော သီးခြားရုံးများထားရှိခြင်းမရှိသေးပါ။ သို့ပါ၍ ကော်မရှင်အဖွဲ့ခွဲရုံးများကို မြို့နယ်အဆင့်အထိ ဖွင့်လှစ်နိုင်ရန် တိုးချဲ့ဖွဲ့စည်းပုံကိုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူပြီး ဖြစ်ပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင် တိုင်း/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ၁၄ ခု၊ ခရိုင်ကော်မရှင် အဖွဲ့ခွဲ ၇၃ ၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲပေါင်း ၃၃၀ အတွက် ဖြည့်ဆည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့သော်နိုင်ငံတော်၏ ဘဏ္ဍာရေး အခြေအနေအရ တိုင်း/ပြည်နယ်အဆင့်ကို ပထမဦးစားပေးအဖြစ်ဖြည့်ဆည်းရန်စတင် ဆောင်ရွက်နေပြီဖြစ်ပါသည်။ ရရှိသည့်ဘဏ္ဍာရေးအခြေအနေနှင့် လိုအပ်သည့်မြေနေရာ ပံ့ပိုးပေးနိုင်မှု အခြေအနေများပေါ်တွင်မူတည်ပြီး တိုးချဲ့ဖြည့်ဆည်းဆောင်ရွက်မည် ဖြစ်ပါသည်။ ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များကို လိုအပ်သော သယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ဆက်သွယ်ရေးပစ္စည်းများ၊ အသုံးအဆောင်နှင့်စက်ကိရိယာများကို အတတ်နိုင်ဆုံးဖြည့်ဆည်းပံ့ပိုးနိုင်ရန် ဆောင်ရွက်မည်ဖြစ်ပါသည်။ နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လိုငွေများကိုတွက်ချက်ကာ တင်ပြတောင်းခံမည်ဖြစ်ပါသည်။ ဆက်သွယ်ရေးပိုမို ကောင်းမွန်တိုးတက်လာပါက မဲဆန္ဒရှင်စာရင်း ပြုစုရေး၊ ပြည်သူလူထုပညာပေးရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စီမံခန့်ခွဲရေးများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စွမ်းဆောင်ရည်

ရွေးကောက်ပွဲများစီမံခန့်ခွဲရာတွင် ပါဝင်ဆောင်ရွက်အကောင်အထည်ဖော်သူများ၏ အရည်အချင်းပြည့်ဝမှုသည်လည်း လွတ်လပ်မျှတ၍ အများယုံကြည်လေးစားသော ရွေးကောက်ပွဲများဖြစ်စေရန် အထောက်အကူပြုပါသည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည်လည်းကောင်း ရွေးကောက်ပွဲလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် မဲရုံဝန်ထမ်းများသည်လည်းကောင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များကို နားလည်သဘောပေါက်ပြီး ဥပဒေနှင့်အညီဆောင်ရွက်ပါက လွတ်လပ်မျှတ၍ အများယုံကြည် လက်ခံသော ရွေးကောက်ပွဲများ မလွဲမသွေပေါ်ပေါက်မည်ဖြစ်ပါသည်။ သို့သော်ယင်းဥပဒေများကိုနားလည်တတ်ကျွမ်းမှုအားနည်း၍ ရွေးကောက်ပွဲလုပ်ငန်းစဉ် အားနည်းချက်များ ရှိခဲ့သည်မှာလည်း မငြင်းနိုင်သောအချက်ပင်ဖြစ်ပါသည်။ ယခုအခါ IFES, EU အဖွဲ့များ၏ အကူအညီဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်းများ၊ ရွေးကောက်ပွဲ အခြေခံစနစ်များ စသည့်အချက်များနှင့် ပတ်သက်သောအလုပ်ရုံဆွေးနွေးပွဲများကို ကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များအတွက် ပြုလုပ်ပေးလျက် ရှိပါသည်။ ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများနှင့်ဆိုင်သော သင်တန်းများကိုလည်း ၂၀၁၅ ရွေးကောက်ပွဲ မတိုင်မီကျင်းပပေးရန် စီမံချက်များ ရေးဆွဲထားပါသည်။ ထို့ပြင်နည်းပညာဆိုင်ရာသင်တန်းများကိုလည်း ပြည်တွင်းပြည်ပသို့စေလွှတ်တက်ရောက်ရန် ရေးဆွဲထားပါသည်။ ဝန်ထမ်းများ၏အရည်အသွေး စဉ်ဆက်မပြတ်မြှင့်တင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲ အကယ်ဒမီဖွင့်လှစ်ရန် ရည်ရွယ်ဆောင်ရွက် နေပါသည်။ ဘဏ္ဍာရေးလိုအပ်ချက်ပေါ်တွင်မူတည်၍ ငွေကြေးကုန်ကျမှုများပြားမည်ဖြစ်သဖြင့် ပံ့ပိုးကူညီမည့် အဖွဲ့အစည်းများ လိုအပ်မည် ဖြစ်ပါသည်။

## မဲဆန္ဒရှင်စာရင်းပြုစုခြင်း

လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကျင်းပရာတွင် မဲစာရင်းများပြည့်စုံမှန်ကန်ရန် အလွန်အရေးကြီးပါသည်။ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းဆန္ဒမဲပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြီးခဲ့သောရွေးကောက်ပွဲများတွင် မဲစာရင်းနှင့်ပတ်သက်၍ အားနည်းချက်များရှိသည်ကို လေ့လာသုံးသပ်သိရှိခဲ့ပါသည်။ မဲစာရင်းပြုစုရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနများ၏ စာရင်းပေါ်တွင် အခြေခံ၍ပြုစုခဲ့ပါသည်။ သို့ဖြစ်၍ယင်းဌာနများ၏ စာရင်းဇယားအချက်အလက်များတိကျမှန်ကန်မှုသည် အရေးပါသကဲ့သို့ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အရေးပါသည်ကိုတွေ့ရှိရပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မိမိ၏အမည် မဲစာရင်းတွင်ပါ၊ မပါ ကြည့်ရှုရန်နှင့် လိုအပ်သလို ပြင်ဆင်ခြင်း၊ အမည်စာရင်းပြောင်းရွှေ့ခြင်းများပြုလုပ်ရန်တာဝန်ရှိပါသည်။ လာမည့်ရွေးကောက်ပွဲတွင်မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးအတွက် ကော်မရှင်အဆင့်ဆင့်သာမက သက်ဆိုင်ရာ ဌာနများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ယခုရေးဆွဲသော မဟာဗျူဟာစီမံကိန်းတွင် သက်ဆိုင်ရာရွေးကောက်ပွဲနှင့်ပါဝင်ပတ်သက်သူများ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်နည်းလမ်းများကိုပါ ထည့်သွင်းရေးဆွဲထားပါသည်။ သက်ဆိုင်သူများနှင့်ညှိနိုင်းဆွေးနွေးပွဲများကိုလည်း အခါသင့်တိုင်း ကျင်းပလျက်ရှိပါသည်။ မဲစာရင်းပြုစုချိန်တွင် ပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ရေး၊ မျှော်မှန်းချက်များကို ရေးဆွဲထားပါသည်။ ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ သက်ဆိုင်ရာ ဘာသာစကားများဖြင့် ပညာပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါသည်။ တစ်ဘက်မှလည်းရေရှည်တွင် မဲစာရင်းပြည့်စုံမှန်ကန်ရေးကို အချိန်နှင့်တပြေးညီပြင်ဆင်ဖြည့်စွက်ဆောင်ရွက်နိုင်ရန် အခြေခံမဲစာရင်းခိုင်မာစွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မဲစာရင်းများကိုကွန်ပျူတာစနစ်ဖြင့်စာရင်းသွင်းပြုစုရန် ကြိုးပမ်းဆောင်ရွက်နေသော်လည်းလုပ်ငန်း အကောင်အထည်ဖော်အောင်မြင်နိုင်မှုသည် စက်ပစ္စည်းအင်အားရရှိနိုင်မှု၊ နည်းပညာကျွမ်းကျင်မှုများအပေါ်တွင် မူတည်နေသည်ကို တွေ့ရှိရပါသည်။ လိုအပ်သောစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန်လည်း ဘတ်ဂျက်များကြိုတင်တွက်ချက်ကာ အစိုးရအဖွဲ့အစည်းသို့ တင်ပြတောင်းခံနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ရေးဆွဲနေသောမဟာဗျူဟာရည်မှန်းချက်တွင်မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ဆောင်ရွက်မှုများသည်အဓိကကျသော အခန်းကဏ္ဍပင်ဖြစ်ပါသည်။

## သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာအသုံးချခြင်း

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သော မဲစာရင်းပြုစုရေး၊ အချိန်နှင့်တပြေးညီ တိုးတက်ပြင်ဆင်ဖြည့်စွက်မှုများ ဆောင်ရွက်နိုင်ရေး၊ ပြည်သူများအားအသိပညာပေးရေး၊ ကော်မရှင်၏ သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရေးတို့တွင် အဆင့်မြင့်နည်းပညာ အသုံးချမှုက ထိရောက်လျင်မြန်စွာ အကျိုးသက်ရောက်မှုနှင့် ပွင့်လင်းမြင်သာမှု ကိုဖြစ်ပေါ်စေပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဘ်ဆိုက်ကိုလွှင့်တင်ရန် ဆောင်ရွက်နေပါသည်။ သို့သော်နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိနေ၍ နည်းပညာ ဆိုင်ရာသင်တန်းများကို ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဝန်ထမ်းများကို ပေးအပ်ရမည်ဖြစ်သကဲ့သို့ သတင်းအချက်အလက်များလုံခြုံမှုအတွက်လည်း ပြည်တွင်းပြည်ပ ပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လိုအပ်သော စက်ပစ္စည်း၊ စနစ်များဖြည့်ဆည်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရန် အတွက်ဘဏ္ဍာငွေလိုအပ်ချက်များရှိလာပါမည်။ ယင်းမျှော်မှန်းချက် အကောင်အထည်ဖော်နိုင်မှုသည် ရရှိသောဘဏ္ဍာငွေပမာဏပေါ်တွင် မူတည်၍ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဆိုပါက ပြည်သူများကိုအသိပညာပေးရာတွင် ကျယ်ပြန့်ထိရောက်မှု ရှိနိုင်ပါမည်။

## ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲရေး

ရွေးကောက်ပွဲဆိုင်ရာအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ အများယုံကြည်လက်ခံသော ရွေးကောက်ပွဲများကျင်းပနိုင်ရန် ရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်ပမှရွေးကောက်ပွဲနှင့် ပတ်သက်သော အဖွဲ့အစည်းများ၏ အကြံဉာဏ်များကို ရယူခဲ့ပါသည်။ ယင်းအကြံဉာဏ်များပေါ်တွင်အခြေခံကာ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာမျှော်မှန်းချက်များကို ရေးဆွဲထားခြင်းဖြစ်ပါသည်။ မဲစာရင်းပြည့်စုံမှန်ကန်ရေး၊ ရွေးကောက်ပွဲသတင်းများကို ပြည်သူများသို့အချိန်မီထုတ်လွှင့်နိုင်ရေး၊ ဆန္ဒမဲပေးခြင်းနှင့် မဲရေတွက်ခြင်းများတွင်ပွင့်လင်းမြင်သာမှုရှိရေး မဲပေးရာတွင် လွတ်လပ်မျှတမှုရှိရေး၊ ရွေးကောက်ပွဲပြစ်မှုနှင့် တရားမဲ့ပြုကျင့်မှုများကိုလည်း ပြည်သူအများကွဲပြားစွာ သိရှိနားလည်ရေးတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်းအပြင် မသန်စွမ်းသူများ မဲပေးရာတွင်အဆင်ပြေရေးအတွက်လည်း စီမံဆောင်ရွက်မည်ဖြစ်ပါသည်။ အများယုံကြည်မှုရရှိရန် ပွင့်လင်းမြင်သာမှုသည်အဓိက အကျဆုံးဖြစ်သည်ကို တွေ့ရသဖြင့် ရွေးကောက်ပွဲရလဒ်များကိုလည်း အများပြည်သူ ယုံကြည်မှုရှိစေရန် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန် လိုအပ်သောလူ့စွမ်းအား၊ ပစ္စည်းအင်အားများ ဖြည့်ဆည်းကာ ဆောင်ရွက်ရန်ပြင်ဆင်ထားပါသည်။ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်နေသော နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများပြည်တွင်းပြည်ပလေ့လာစောင့်ကြည့်ရေးအဖွဲ့များ၏ အကြံပြုချက်များကိုအခြေခံကာ ဆောင်ရွက်နိုင်သည့်အတိုင်းအတာအတွင်း အတတ်နိုင်ဆုံးဖြည့်ဆည်းရန် မျှော်မှန်းချက်ထားကာ ရေးဆွဲထားပါသည်။

## ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများအားလုံးက ရွေးကောက်ပွဲ၏အခြေခံသဘောတရားများ၊ လိုက်နာဆောင်ရွက်ရမည့် ဥပဒေများ၊ စောင့်ထိန်းသင့်သည့် ကျင့်ဝတ်များကို တတ်သိနားလည်မှသာလျှင် ရွေးကောက်ပွဲများသည် လွတ်လပ်မျှတသော ရွေးကောက်ပွဲများဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံမှပြည်သူလူထုအများစုသည် ရွေးကောက်ပွဲအတွေ့အကြုံနည်းပါသေးသဖြင့် ပြည်သူများအားအသိပညာပေးရန် လိုအပ်လျက်ရှိသည်။ ရွေးကောက်ပွဲ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲကော်မရှင်သာမက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေး အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ပါက ပွင့်လင်းမြင်သာသော အများပူးပေါင်းပါဝင်မှုရှိသော ရွေးကောက်ပွဲများ ကျင်းပနိုင်မည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းပြုစုရေး၊ ပြည်သူများအား အသိပညာပေးရေးကဏ္ဍများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး ကဏ္ဍများတွင် ယင်းအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးပါပါသည်။ ယင်းအဖွဲ့အစည်းများ၏အကူအညီဖြင့် ပြည်သူများကိုအသိပညာပေးခြင်းနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် လိုအပ်သောပူးပေါင်းဆောင်ရွက်မှုများ ရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်ရန် အကြံပြုချက်များရယူ နိုင်ခဲ့ပါသည်။ ယင်းအကြံပြုချက်များအပေါ်အခြေခံ၍ ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို သတ်မှတ်ညှိနိုင်းရန် ပူးပေါင်းဆောင်ရွက်သွားရန် မဟာဗျူဟာရည်မှန်းချက်တွင်ရေးဆွဲထားပါသည်။ ယင်းအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ပြင်ပဆက်ဆံရေးဌာနကိုလည်း ကော်မရှင်တွင်ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ပါသည်။ ပြည်တွင်းပြည်ပစောင့်ကြည့်လေ့လာသူများအတွက် သင်တန်းများပို့ချခြင်း၊ လိုက်နာရမည့်ကျင့်ဝတ်များရေးဆွဲခြင်းကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။ ပြည်တွင်းပြည်ပ စောင့်ကြည့်လေ့လာရေး အဖွဲ့များ၏ စွမ်းဆောင်ချက်များသည် လာမည့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှုတိုးတက်ရေးအတွက် အထောက်အကူများစွာ ဖြစ်စေပါသည်။ အများယုံကြည်လက်ခံသောရွေးကောက်ပွဲဖြစ်စေမည့် အင်အားများပင်ဖြစ်ပါသည်။

## ပြည်သူနှင့်မဲဆန္ဒရှင်အသိပညာပေးခြင်း

ကျင်းပပြီးစီးခဲ့သော ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ အတွေ့အကြုံများအရ ပြည်သူများအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာကျယ်ပြန့်စွာပေးအပ်နိုင်ရန်လိုအပ်ကြောင်း သုံးသပ်သိရှိရပါသည်။ မဲဆန္ဒရှင်များသာမက ဝင်ရောက်ယှဉ်ပြိုင်သူအချို့ပင်လျှင် ရွေးကောက်ပွဲဆိုင်ရာအသိပညာများအားနည်းသည်ကိုတွေ့ရှိရပါသည်။ ပြည်သူအများမဲစာရင်းတွင်ပါဝင်နိုင်မှု၊ မှန်ကန်သော ကိုယ်စားလှယ်လောင်းများရွေးချယ်နိုင်မှု၊ မိမိပေးလိုက်သော ဆန္ဒမဲသည်ခိုင်လုံသောမဲဖြစ်စေမှုများအတွက် ကျေးလက်ဒေသအထိပညာပေး လုပ်ငန်းများ ထိရောက်စေရန် ပုံနှိပ်မီဒီယာ၊ ရေဒီယို၊ ရုပ်သံ၊ အင်တာနက်စသည်များကို အသုံးပြုဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။ အသိပညာပေးရေးတွင်ဝေးခေါင်သော ဒေသများတွင်နေထိုင်သည့် တိုင်းရင်းသားပြည်သူများအတွက် သက်ဆိုင်ရာဘာသာစကားများဖြင့် အသိပညာပေးရန် နိုင်ငံရေးပါတီများ လူမှုရေးအဖွဲ့အစည်းများကလည်း အကြံပြုထားကြပါသည်။ သို့ပါ၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များ၊ ပညာပေးစာစောင်များ၊ လက်စွဲစာအုပ်များ၊ လက်ကမ်းစာစောင်များကို သက်ဆိုင်ရာတိုင်းရင်းသား ဘာသာစကားများဖြင့်ပြန်ဆို၍ အသိပညာပေးရန် ဤမဟာဗျူဟာရည်မှန်းချက်တွင် ထည့်သွင်းရေးဆွဲထားပါသည်။ သက်ဆိုင်ရာ ဒေသဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ဘာသာပြန်ဆိုကာ အသိပညာပေးမည်ဖြစ်ပါသည်။ ထို့ပြင် ရုပ်သံမီဒီယာများမှလည်း ပညာပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## အားလုံးပါဝင်ဆောင်ရွက်မှု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကျား၊မ မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံသားအားလုံးကို ဥပဒေအရ တန်းတူညီမျှအခွင့်အရေးပေးထားပါသည်။ သို့သော် ယဉ်ကျေးမှုအစဉ်အလာအရ သော်လည်းကောင်း၊ နိုင်ငံရေးအသိပညာ ကြွယ်ဝမှုအားနည်း၍သော်လည်းကောင်း၊ ဝေးလံသော ဒေသများမှတိုင်းရင်းသားများတွင် ဘာသာစကားကွဲပြားမှုများကြောင့်လည်းကောင်း၊ လူနည်းစု တိုင်းရင်းသားများ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် ပဋိပက္ခများကြောင့်တိုင်းပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများ (IDPs) ရွေးကောက်ပွဲနှင့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်မှုအားနည်း နေသည်ကိုတွေ့ရပါသည်။ ယင်းသို့ပါဝင်မှုအားနည်းနေခြင်းနှင့်စပ်လျဉ်း၍ တိုင်းရင်းသားပါတီများ၊ အမျိုးသမီးများ၊ မသန်စွမ်းသူ အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများမှ ရရှိသောအကြံပြုချက်များပေါ်တွင်မူတည်၍ ပါဝင်မှုတိုးတက်လာစေရန် ဤမျှော်မှန်းချက်တွင် ထည့်သွင်းရေးဆွဲထားပါသည်။ ဤသို့ဆောင်ရွက်ရာတွင် အမျိုးသမီးအဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့များ၊ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ပူးပေါင်းကာပညာပေးခြင်း၊ အားပေးစည်းရုံးခြင်းများဆောင်ရွက်ရန်ဖြစ်ပါသည်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ် များတွင်လည်း ယင်းအဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာနိုင်ရေးကို အလေးပေးကာပြင်ဆင် ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။ မသန်စွမ်းသူများ ကိုယ်တိုင်ကိုယ်ကျ မဲဆန္ဒပေးနိုင်ရန် မဲရုံများကိုပြင်ဆင်ဆောင်ရွက်ပေးထားရေး အကြံပြုချက်များကိုလည်း အလေးထားကာ ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်လာနိုင်ရန်အတွက်လည်း ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံဝန်ထမ်းများ ခန့်အပ်ရာတွင် တိုင်းရင်းသားများ၊ အမျိုးသမီးများနှင့်မသန်စွမ်းသူများအား ထည့်သွင်းခန့်အပ်ထားနိုင်ရေးကို မျှော်မှန်းချက်တွင် ထည့်သွင်း

ရေးဆွဲထားပါသည်။ ရွေးကောက်ပွဲတွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး နိုင်ငံသားတိုင်းပါဝင်လာနိုင်ရေးကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

## ရွေးကောက်ပွဲဆိုင်ရာဥပဒေများလိုက်နာကျင့်သုံးခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား နိုင်ငံတော်မှပေးအပ်ထားသောတာဝန်များတွင် နိုင်ငံရေးပါတီများက၊ ဥပဒေ၊ နည်းဥပဒေများနှင့် အညီစည်းရုံးဆောင်ရွက်မှုရှိရေးကို ကြီးကြပ်ပေးရန်အခွင့်အာဏာ ပေးအပ်ထားပါသည်။ ၎င်းအပြင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် အားလည်း ကြီးကြပ်စေခွင့်ကို ပေးအပ်ထားပါသည်။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ဥပဒေ၊ နည်းဥပဒေများကို လေ့လာ သိရှိနားလည်မှသာလျှင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ပြီးခဲ့သော ရွေးကောက်ပွဲများ၏ အတွေ့အကြုံများအရ လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးပွဲများမှ အတွေ့အကြုံများအရလည်းကောင်း ဥပဒေနှင့် အညီဆောင်ရွက်မှုမရှိခြင်းသည် ဥပဒေကို ကြေညက်စွာနားလည်သဘောပေါက်မှုမရှိခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။ အချို့သော ကိုယ်စားလှယ်လောင်းများပင်လျှင် ဥပဒေများကို လေ့လာသိရှိမှုအားနည်း၍ တရားမဲ့ပြုကျင့်မှုကို ကျူးလွန်မိသွားသည်ကိုတွေ့ရှိရပါသည်။ ဤတွေ့ရှိချက်များအပေါ် အခြေခံ၍ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များကိုနိုင်ငံရေးပါတီများအပါအဝင်၊ ပြည်သူများကျယ်ပြန့်စွာ သိရှိနိုင်စေရန်၊ ဝက်ဘ်ဆိုက်မှလွှင့်တင်ခြင်း၊ တိုင်းရင်းသားဘာသာများဖြင့်ပြန်ဆိုခြင်း၊ ဖြန့်ဝေခြင်းတို့ကိုဆောင်ရွက်ရန် ဤမျှော်မှန်းချက်တွင် ထည့်သွင်းရေးဆွဲထားပါသည်။ ပြည်ပမှအချို့သောဥပဒေပညာရှင်များ၏ အကြံပြုချက်များအရ ပါတီရံပုံငွေနှင့် ရွေးကောက်ပွဲအသုံးစရိတ်များ၊ မဲဆွယ်စည်းရုံးလှုံ့ဆော်မှုများနှင့် ပတ်သက်သည့် လိုက်နာရမည့်ကျင့်ဝတ်များကိုလည်း ရေးဆွဲသွားရန်ဖြစ်ပါသည်။ ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကိုလည်း သင်တန်းများပို့ချခြင်းလမ်းညွှန်ချက်များအချိန်နှင့် တပြေးညီထုတ်ပြန်ခြင်းများကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ ကြီးကြပ်ဆောင်ရွက် ရာတွင်လည်း ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် နိုင်ငံရေးပါတီများ ဆက်သွယ်နိုင်မည့်လမ်းကြောင်းများ ဖန်တီးကာ အခါအားလျော်စွာတွေ့ဆုံညှိနှိုင်းပူးပေါင်းဆောင်ရွက်ပါက၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲများ အေးချမ်းတည်ငြိမ်စွာ ဖြစ်ပေါ်လာမည်မှာ မလွဲမသွေပင် ဖြစ်ပါသည်။

## ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများဖြေရှင်းခြင်း

ရွေးကောက်ပွဲအငြင်းပွားမှုများနှင့်ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင် ထုတ်ပြန်ဖော်ပြထားပြီးဖြစ်ပါသည်။ သို့သော်သက်ဆိုင်ရာ ဌာနများ၊ ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ် လောင်းများအနေဖြင့် ကွဲပြားခြားနားစွာနားလည်ရန်လိုအပ်ပါသည်။ အငြင်းပွားမှုများနှင့်ပတ်သက်၍ ရွေးကောက်ပွဲအကြိုမဲဆွယ်စည်းရုံးမှုကာလ၊ မဲပေးနေစဉ်ကာလများတွင် ပေါ်ပေါက်သောအငြင်းပွားမှုများတွင် ရဲအရေးပိုင်သည့် ပြစ်မှုများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသာ အဆုံးအဖြတ်ပေးနိုင်သော တရားမဲ့ပြုကျင့်မှုများကို လွှတ်တော်ကိုယ်စားလှယ်လောင်းများအပါအဝင် ပြည်သူများတိကျစွာသိရှိမှု အားနည်းသည်ကိုတွေ့ရပါသည်။ တိုင်ကြားရမည့်ဌာန၊ တိုင်ကြားရမည့်အချိန် ကန့်သတ်ချက်များကို တိကျစွာနားလည်မှုမရှိ၍ အချို့သောပြဿနာများမှာ အမှန်တရားဖော်ထုတ်ရန် ခက်ခဲသော အခြေအနေများ ဖြစ်ပေါ်သွားလေ့ရှိပါသည်။ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးပွဲများတွင်လည်း ပါတီအသီးသီး၏ သဘောထား အကြံပြုချက်များကို ထည့်သွင်းစဉ်းစားကာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများအား အသိပညာပေးရန် ဤမျှော်မှန်းချက်တွင် ထည့်သွင်းရေးဆွဲထားပါသည်။ ရွေးကောက်ပွဲ ကန့်ကွက်လွှာများ စီရင်ဆုံးဖြတ်ရာတွင်လည်း မှန်ကန်မြန်ဆန်ရေးအတွက် နည်းဥပဒေများ လုပ်ငန်းလမ်းညွှန်များကို ပိုမိုပြည့်စုံအောင် ပြင်ဆင်ဖြည့်စွက်ရေးဆွဲရန် မျှော်မှန်းချက်တွင်ထည့်သွင်းထားပါသည်။ ခုံအဖွဲ့များ ဖွဲ့စည်းရာ တွင်လည်း နိုင်ငံရေးပါတီများက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များတွင်ခုံအဖွဲ့များခွဲ၍ စစ်ဆေးရန်အကြံပြုချက်များကိုရရှိပါသည်။ ကန့်ကွက်လွှာ စီရင်ဆုံးဖြတ်ချက်များ လျင်မြန်စွာထုတ်ပြန်နိုင်ရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ခြင်းနှင့်သုံးသပ်စိစစ်ခြင်း

မဟာဗျူဟာရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်ပြီးမြောက်မှုသည် အရေးကြီးသည်ဖြစ်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စိစစ်သုံးသပ်ရမည်ဖြစ်ပါသည်။ ဤသို့ အကောင်အထည်ဖော်ရာတွင် ရည်မှန်းချက်အလိုက် တာဝန် ရှိသော ပုဂ္ဂိုလ်များက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်မှု၊ အခက်အခဲများနှင့်ရင်ဆိုင်ရမှုများကို သုံးသပ်အကဲဖြတ်၍ ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးရန်လိုအပ်ပါသည်။ သို့မှသာရည်မှန်းချက်များ ပြည့်စုံပြီးမြောက် အောင်မြင်နိုင်မည် ဖြစ်ပါသည်။ ဤသို့စိစစ်သုံးသပ်ရာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများက လစဉ်တိုးတက်မှုအစီရင်ခံစာကို တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲမှတာဝန်ခံများကလည်း စိစစ်သုံးသပ်ကာ လိုအပ်သော ပံ့ပိုးမှုများကိုဆောင်ရွက်နိုင်ရေးအတွက် သုံးလတစ်ကြိမ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ တင်ပြအစီရင်ခံရန်လိုအပ်ပါသည်။ ထို့ကြောင့် ဤမျှော်မှန်းချက်တွင် အကောင်အထည်ဖော်မှု စိစစ်ရေးနှင့် သုံးသပ်ရေးလုပ်ငန်းစဉ် တစ်ရပ်ကိုထည့်သွင်းရေးဆွဲထားခြင်းဖြစ်ပါသည်။

## ၃.၃ ရင်ဆိုင်ရမည့်အခက်အခဲများ ဆန်းစစ်သုံးသပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံချက်ရေးဆွဲရာတွင် လွတ်လပ်မျှတ၍ ဘက်မလိုက်သော အများယုံကြည်မှုရှိသည့် ရွေးကောက်ပွဲများကျင်းပနိုင်ရန် မြန်မာနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီမည့် နိုင်ငံတကာမှ ကောင်းမွန်သင့်လျော်သည့်စနစ်များကို ထည့်သွင်းစဉ်းစား ရေးဆွဲထားခြင်း ဖြစ်ပါသည်။ သို့သော် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မျှော်လင့်ထားသော စိန်ခေါ်မှုများနှင့် မျှော်လင့်မထားသောအခက်အခဲ များကို ရင်ဆိုင်ရမည်ဖြစ်ပါသည်။ ယင်းသို့သော အခက်အခဲများကို အတတ်နိုင်ဆုံး ဖြတ်ကျော်နိုင်ရေး အတွက်လည်း စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါသည်။ မျှော်လင့်ထားသော စိန်ခေါ်မှုများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်သော်လည်း မျှော်လင့်မထားသော အခက်အခဲများကိုလည်း စဉ်းစားစီမံထားရမည် ဖြစ်သည်။ ယင်းအခက်အခဲများမှာ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အသီးသီးတွင် တွေ့ကြုံရမည့်အခက်အခဲနှင့် ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ရာတွင် ရင်ဆိုင်တွေ့ကြုံရမည့် အခက်အခဲများ ဖြစ်ပါသည်။

ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအသီးသီးအတွက်တွေ့ကြုံနိုင်သည့်အခက်အခဲများတွင် ဖွဲ့စည်းပုံတိုးချဲ့ခြင်းနှင့် ဝန်ထမ်းအင်အားဖြည့်တင်းခြင်း ဖြစ်သည်။ ဖွဲ့စည်းပုံကိုတိုးချဲ့ပြင်ဆင်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီး၌ ကော်မရှင်အဖွဲ့ခွဲရုံးများဟူ၍ သီးခြားမရှိသေးသဖြင့်တိုးချဲ့ ဖွဲ့စည်းရမည် ဖြစ်ပါသည်။ အချို့ဒေသများတွင် ရုံးအဆောက်အအုံသီးခြားရရှိရေးအတွက် မြေနေရာရရန်အခက်အခဲရှိနိုင်သကဲ့သို့ အဆောက်အအုံဆောက်ရန် ငွေကြေးအခက်အခဲလည်းရှိနိုင်ပါသည်။ ထို့ကြောင့် အစိုးရအဖွဲ့ထံ ဘတ်ဂျက်ကိုကြိုတင်တွက်ချက်၍ တောင်းခံထားရမည်ဖြစ်ပါသည်။ သို့သော် လိုအပ်သည့် ဘတ်ဂျက်ကို အပြည့်အဝရရှိရေးအတွက် အခက်အခဲရှိနိုင်ပါသည်။

ဥပဒေများပြင်ဆင်ဖြည့်စွက်ခြင်းနှင့်ပတ်သက်၍ ရွေးကောက်ပွဲဥပဒေများသည် လွှတ်တော်မှသာ ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်းများ ဆောင်ရွက်ပြီး ယင်းဥပဒေများကိုအခြေခံကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ ကျင့်ဝတ်များကိုရေးဆွဲရခြင်းဖြစ်သည်။ ယခုအခါ ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီ ဖွဲ့စည်းပြီးပြုပြင် ပြင်ဆင်ရန် ဆောင်ရွက်နေဆဲဖြစ်ပါသည်။ အကယ်၍ ရွေးကောက်ပွဲဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေများကိုလည်းကောင်း၊ ရွေးကောက်ပွဲဥပဒေများကိုလည်းကောင်း၊ ရွေးကောက်ပွဲစနစ်များကိုလည်းကောင်း ပြင်ဆင်ဖြည့်စွက်ပါက ပေါ်ထွက်လာသောဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို ဆက်လက်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ တည်ဆဲဥပဒေအရ ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲများကျင်းပရမည်ဖြစ်ပါ၍ ဥပဒေပြင်ဆင်ဖြည့်စွက်ရေးမှာ ၂၀၁၄ ခုနှစ် နှစ်လယ်လောက်တွင် ပြီးစီးသင့်ပါသည်။ သို့မှသာ လိုအပ်သော နည်းဥပဒေ၊ ညွှန်ကြားချက်များကို ယင်းအတည်ပြုပြီးဖြစ်သော ဥပဒေပေါ်တွင်အခြေခံ၍ ရေးဆွဲနိုင်မည် ဖြစ်ပါသည်။

ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲများမှ အတွေ့အကြုံများအရ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများအား ပြည်သူများ နားလည်သိရှိမှုအားနည်းသည်ကို တွေ့ရှိရပါသည်။ ယခုလာမည့်ရွေးကောက်ပွဲအတွက် ပညာပေးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရမည်ဖြစ်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ ရွေးကောက်ပွဲပညာပေးစာစောင်စသည်များကို အချိန်မီပြုစုရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးစုအသီးသီးအားပညာပေးရန်အတွက် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာများသို့ ဘာသာပြန်ရန်လည်း လိုအပ်ပါသည်။ လုပ်ငန်းသဘောအရ ချိတ်ဆက်နေသဖြင့် အကယ်၍ဥပဒေအတည်ပြုခြင်းများ နောက်ကျခဲ့ပါက ဆက်စပ်လျက်ရှိသော လုပ်ငန်းများလည်း နောက်ကျမည်ဖြစ်သဖြင့် အခက်အခဲတွေ့နိုင်ပါသည်။

အခြားမမျှော်လင့်နိုင်သော အခက်အခဲမှာ ရွေးကောက်ပွဲစနစ်ပြုပြင်ပြောင်းလဲရေးအတွက် အချို့သောပါတီများကလိုလားလျက်ရှိသကဲ့သို့ အချို့ကလည်းကန့်ကွက်လျက်ရှိပါသည်။ မည်သို့ပင်ဖြစ်စေ အချိန်တိုအတွင်းစနစ်တစ်ခုပြောင်းပါက၊ မဲဆန္ဒနယ်သတ်မှတ်မှု၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် အပါအဝင် မဲရုံမှူးများ/မဲရုံဝန်ထမ်းများအားပညာပေးမှု၊ ပြည်သူများအားအသိပညာပေးမှုများကို အချိန်ယူဆောင်ရွက်ရမည်ဖြစ်၍ အခက်အခဲတွေ့နိုင်ပါသည်။ အချိန်မလုံလောက်ပါက တရားမျှတသော အများယုံကြည်လက်ခံသော ရွေးကောက်ပွဲများဖြစ်ရန် အခက်အခဲရှိမည် ဖြစ်ပါသည်။ ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်းတွင်လည်း တိုင်းရင်းသားလူမျိုးစု အသီးသီးအတွက် အသိပညာပေးရန် သက်ဆိုင်ရာဘာသာစကားဖြင့် ရေးသားပြုစုခြင်းလုပ်ငန်းများကိုလည်း အချိန်ယူဆောင်ရွက်ရမည် ဖြစ်ရာ အခြေအနေပေါ်မူတည်၍ ရင်ဆိုင်ကြုံတွေ့လာရမည့်အခက်အခဲများ ဖြစ်ပါသည်။

မဟာဗျူဟာရည်မှန်းချက်များအကောင်အထည်ဖော်ရာတွင် အခြားတွေ့ကြုံနိုင်သည့်အခက်အခဲမှာ ငွေကြေးမပြည့်စုံမှုပင်ဖြစ်သည်။ ယခုအခါ မဲစာရင်းများတိကျမှန်ကန်ရေးအတွက် စတင်ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါသည်။ အိမ်ထောင်စုစာရင်းကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင်မွမ်းမံပြုစုခြင်းဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှပံ့ပိုးကူညီနိုင်မည်ဖြစ်သကဲ့သို့ တစ်နိုင်ငံလုံး သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့် ၄င်းမှရရှိသော အချက်အလက်များကလည်း အထောက်အကူဖြစ်မည် ဖြစ်ပါသည်။ မဲစာရင်းပြုစုရန်အတွက် ကော်မရှင်အနေဖြင့် ကွန်ပျူတာအချက်အလက်သွင်းရန်ဝန်ထမ်းသစ်များနှင့် လေ့ကျင့်သင်ကြားပေးရန်လည်း လိုအပ်မည်ဖြစ်ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ရာတွင် ငွေကုန်ကြေးကျများမည်ဖြစ်ပါသည်။ သို့သော် ရွေးကောက်ပွဲအတွက်ချပေးသော ဘတ်ဂျက်မှာ လိုအပ်ချက်ပြည့် မပြည့်ခန့်မှန်း၍မရနိုင်ပါ။ ထို့ကြောင့် နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသော ဘတ်ဂျက်အပြင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီကိုရယူရန် ကြိုးစားရပါမည်။ အထောက်အပံ့မည်မျှရရှိမည်ကိုခန့်မှန်း၍မရနိုင်သောကြောင့် နိုင်ငံတော်အစိုးရထံမှ ဘတ်ဂျတ်ကို ပိုမိုကြိုတင်တွက်ချက် တောင်းခံခြင်းဖြင့် ရေရှည်အတွက်ခိုင်မာမှုရှိစေရန်ဆောင်ရွက်ရပါမည်။

ကွန်ပျူတာဖြင့် စာရင်းဇယား အချက်အလက်များ စာရင်းသွင်း သိမ်းဆည်းသည့်စနစ်ကို အသုံးပြုနိုင်ရန် ရွေ့ပြောင်းစီမံကိန်းတစ်ခုဆောင်ရွက်ပြီး မှန်ကန်တိကျသော တစ်နိုင်ငံလုံးဆိုင်ရာ မဲစာရင်းရရှိရေးအတွက် အခက်အခဲများကို ဖော်ထုတ်လေ့လာသွားမည်ဖြစ်ပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ပြုစုနိုင်ရန် ကွန်ပျူတာအင်အား၊ လူအင်အား အတတ်ပညာ လိုအပ်ချက်များစွာရှိပါသည်။ မဲစာရင်းအများစုမှာ ကွန်ပျူတာတွင်သိမ်းဆည်းခြင်း မပြုနိုင်သေးသဖြင့် လက်ရေးဖြင့်ပင် ရှိနေပါသည်။ မှန်ကန်သောမဲစာရင်းရရှိရေးသည် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင်သာမက နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများ၏ပူးပေါင်းပါဝင်မှုသည်လည်း အရေးပါပါသည်။

မဟာဗျူဟာရည်မှန်းချက်များအကောင်အထည်ဖော်ရာတွင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် အများယုံကြည်မှုရှိစေရန် တိုးတက်မှုအစီရင်ခံစာများကိုလည်း သတ်မှတ်ချက်အတိုင်း ထုတ်ပြန်ပေးရန် လိုအပ်ပါသည်။ နေရာဒေသကိုလိုက်၍ ကော်မရှင်အဖွဲ့ခွဲများ၏ အခြေအနေများကွာခြားနိုင်ပါသည်။ ယင်းအခြေအနေများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများမှ ထုတ်ပြန်သောအစီရင်ခံစာများအပေါ် ကော်မရှင်အနေဖြင့် အတတ်နိုင်ဆုံး ညှိနှိုင်းဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကြားဖြတ်ရွေးကောက်ပွဲများကျင်းပရန်ရှိလာပါကဆောင်ရွက်ကျင်းပနိုင်ရန် လုပ်ငန်းဆောင်ရွက်မှုများဆိုင်ရာစီမံကိန်းနှင့် လိုအပ်မည့် ဘတ်ဂျက်များကိုလည်း ကော်မရှင်အနေဖြင့် ကြိုတင်ပြင်ဆင်ရေးဆွဲထားရမည်ဖြစ်သည်။ အဆိုပါရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက်မူ လိုအပ်သော အချိန်နှင့် အရင်းအမြစ်များ ကော်မရှင်တွင်လုံလောက်စွာ ရှိရမည်ဖြစ်သည်။

# ၄။ မဟာဗျူဟာမျှော်မှန်းချက်၊ တာဝန်နှင့် လိုက်နာဆောင်ရွက်မည့် အခြေခံမူများ

## ၄.၁ မျှော်မှန်းချက်

စစ်မှန်ခိုင်မာသောဒီမိုကရေစီစနစ်တည်ဆောက်နိုင်ရေးအတွက် ရွေးကောက်ပွဲများကို လွတ်လပ်၍တရားမျှတပြီး တူညီသောအခွင့်အရေးဖြင့် ဘက်လိုက်ခြင်း မရှိဘဲ ပွင့်လင်း မြင်သာစွာကျင်းပပေးခြင်းဖြင့် အများယုံကြည်လက်ခံလာစေရန်

## ၄.၂ တာဝန်

ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်ထားသောအခွင့်အာဏာအရ လွတ်လပ်၍တရားမျှတသောဘက်မလိုက်သည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ အဖွဲ့ဝင်များ၏ စွမ်းဆောင်မှု အရည်အသွေးမြှင့်တင်ပေးခြင်း၊ ပြည့်စုံမှန်ကန်သောမဲစာရင်းများပြုစုခြင်း၊ မဲဆန္ဒရှင်များအားပညာပေးခြင်း၊နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့ အစည်းများ၊ ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအားခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်ရမည်။ သက်ဆိုင်ရာဝန်ကြီးဌာနများကို လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများ ကျင်းပနိုင်ရေး အတွက် ပံ့ပိုးကူညီပေးရန် ညှိနှိုင်းဆောင်ရွက်ရမည်။

## ၄.၃။ လိုက်နာဆောင်ရွက်မည့်အခြေခံမူများ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စီမံဆောင်ရွက် ရာတွင် အောက်ပါအခြေခံ သဘောတရားများပေါ်တွင် မူတည်၍စိတ်ဓါတ်ရေးရာ၊ ကျွမ်းကျင်မှု၊ တာဝန်ယူမှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

၁။ လွတ်လပ်၍အမှီအခိုကင်းခြင်း
ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စီမံဆောင်ရွက်ရာတွင် ပြင်ပလွှမ်းမိုးမှုမရှိစေဘဲ အမှီအခို ကင်းစွာဖြင့် လွတ်လပ်စွာစီမံဆောင်ရွက်ခြင်း

၂။ တရားမျှတခြင်း
မည်သည့်ပါတီကိုမျှဘက်လိုက်ခြင်းမပြုဘဲ ဥပဒေနှင့်အညီ တရားမျှတစွာ ဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ခြင်း

၃။ ပွင့်လင်းမြင်သာမှုရှိခြင်း
မူဝါဒများ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲများကို အများပြည်သူများအား ပွင့်လင်းမြင်သာမှုရှိစေရန်ဆောင်ရွက်ခြင်း

၄။ တာဝန်ခံယူစိတ်ဖြင့်ဆောင်ရွက်ခြင်း
ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် တာဝန်သိမှု၊ တာဝန်ခံယူမှုကို အခြေခံကာ ဆောင်ရွက်ခြင်း

၅။ တီထွင်ကြံဆတွေးခေါ်ခြင်း
ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အစဉ်အမြဲခိုင်မာရှင်သန်စေရန် တိုးတက်နေသောခေတ်မီနည်းပညာများကို လေ့လာအသုံးပြု၍ တီထွင်ကြံဆတွေးခေါ်ဆောင်ရွက်ခြင်း

၆။ ပြည်သူများ၏ယုံကြည်ကိုးစားမှုရှိခြင်း
ရွေးကောက်ပွဲများနှင့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် ပြည်သူများ၏ယုံကြည်ကိုးစားမှု မြင့်မားစေရန် တည်ဆဲဥပဒေများနှင့်အညီ စီမံဆောင်ရွက်ခြင်း

၇။ ဂုဏ်သိက္ခာပြည့်ဝခြင်း
ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက်တွင်တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် လူမှုအဖွဲ့အစည်း များအပါအဝင် ပြည်သူများပူးပေါင်း ဆောင်ရွက်မှုဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပပေးကာ သိက္ခာရှိသော ရွေးကောက်ပွဲများ တိုးတက်ခိုင်မာလာစေပြီး ဒီမိုကရေစီအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေခြင်း

## ၅။ မဟာဗျူဟာ ပင်မအခန်းများ

မဟာဗျူဟာ၏ ပင်မအခန်း (၁၂)ခန်းသည် ရွေးကောက်ပွဲဖြစ်စဉ်တွင်သီးသန့်စီရပ်တည်သော်လည်း တစ်ခန်းနှင့်တစ်ခန်းဆက်စပ်နေ၍ အားလုံးသည်ညီတူညီမျှ အရေးပါကြသည်။ အဆိုပါအခန်း များသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မဟာဗျူဟာဆိုင်ရာ မျှော်မှန်းချက်များဖြည့်စည်းပေးရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းတည်ဆောက်ခြင်း၊ စွမ်းဆောင်ရည် ပျိုးထောင်တည်ဆောက်ခြင်း၊ အကျိုးထိရောက်မှုရှိစေခြင်း၊ သမာသမတ်ရှိခြင်းနှင့် စည်းကမ်းသေဝပ်ခြင်း၊ အားလုံးပါဝင်၍ တရားမျှတမှုရှိခြင်းနှင့်၊ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့်ပူးပေါင်းစေ၍ သင်ယူမျှဝေစရာကောင်းသည့်ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးစေမည် ဖြစ်သည်။ မဟာဗျူဟာအခန်း ၉ သည် သီးသန့်ရပ်တည်သည့်အခန်းဖြစ်သကဲ့သို့ အားလုံးပါဝင် ဆောင်ရွက်မှု မြှင့်တင်ရေးကိုရည်ရွယ်လျက် အခြား အခန်း ၁၁ ခန်းလုံးတွင်လည်း ဖြန့်ကျက်စီးဆင်းပါဝင်နေသည်။.

၁ ဥပဒေရေးရာမူဘောင်
ရှင်းလင်းခြင်း

၂ ကော်မရှင်ဖွဲ့စည်းပုံ
ရေရှည်တည်တံ့ခြင်း

၃ လူ့စွမ်းအားအရင်းအမြစ်များ
စွမ်းဆောင်ရည်ပြည့်ဝခြင်း

၄ မဲဆန္ဒရှင်စာရင်းပြုစုခြင်း
မဲပေးနိုင်ခွင့်ရှိခြင်း

၅ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ
လုပ်ငန်းထိရောက်ခြင်း

၆ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ
တိကျမှန်ကန်သမာသမတ်ရှိခြင်း

၇ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့်ဆက်ဆံရေး
ပူးပေါင်းဆောင်ရွက်ခြင်း

၈ ပြည်သူနှင့် မဲဆန္ဒရှင်ပညာပေးခြင်း
ပညာပေးခြင်း

၉ အားလုံးပါဝင်ဆောင်ရွက်ခြင်း
အားလုံးပါဝင်စေခြင်း

၁၀ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ
လိုက်နာဆောင်ရွက်ခြင်း

၁၁ ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများဖြေရှင်းခြင်း
တရားမျှတခြင်း

၁၂ စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း
သင်ယူခြင်း

# မဟာဗျူဟာအခန်း ၁။ ဥပဒေရေးရာမူဘောင်

## တာဝန်ခံပုဂ္ဂိုလ် - ဦးညွန့်တင်၊ ကော်မရှင်အဖွဲ့ဝင်

မဟာဗျူဟာပန်းတိုင် – ဥပဒေ၊နည်းဥပဒေများကိုပြန်လည်ဆန်းစစ်ခြင်း၊ ပြင်ဆင်ချက်များကိုအဆိုပြုတင်ပြခြင်းဖြင့် ဥပဒေမူဘောင်သည် နိုင်ငံတကာတာဝန်ခံယူမှုစံနှုန်းများကိုပြည့်မီကြောင်းသေချာစေရန်နှင့် ရွေးကောက်ပွဲစက်ဝန်းတစ်ပတ်တိုင်းအတွက် ပြင်ဆင်ချက်များကို ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနားလည်သဘောပေါက်စေရန်

ရည်ရွယ်ချက်များ

၁.၁။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင် စေရန်ကျားမညီမျှရေးနှင့်မသန်စွမ်းသူများပါဝင်ရေး စသည့် ပတ်သက်ဆက်စပ်နေသောအကြောင်းအရာများကို ထည့်သွင်းစဉ်းစား၍ ဥပဒေ၊နည်းဥပဒေများနှင့်လိုက်နာရန် ကျင့်ဝတ်များကို ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲခြင်း (မဟာဗျူဟာအခန်း ၇၊ ၉ ကိုကြည့်ရန်)

၁.၂။ ရွေးကောက်ပွဲဥပဒေဆိုင်ရာ မူဘောင် နှင့်ရွေးကောက်ပွဲနေ့ လုပ်ငန်းစဉ်များအားကောင်း လာစေရန် အတွက်ရွေးကောက်ပွဲ ဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ ကိုပြင်ဆင်ရေးဆွဲခြင်း

၁.၃။ ပွင့်လင်းမြင်သာမှုရှိပြီး အားလုံးနားလည်လက်လှမ်းမီသော မူဘောင်တစ်ခုဖြစ်ပေါ်လာစေရန်ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် စာစောင်များကိုတိုင်းရင်းသား ဘာသာစကားဖြင့် ပြန်ဆိုပုံနှိပ်ထုတ်ဝေခြင်း၊ ဝက်ဘ်ဆိုက်ပေါ်တွင်လွှင့်တင်ခြင်း (မဟာဗျူဟာအခန်း ၇၊ ၈၊ ၉ ကိုကြည့်ရန်)

၁.၄။ ရွေးကောက်ပွဲနှောင်းပိုင်းလေ့လာဆန်းစစ်ခြင်းလုပ်ငန်း၏တစ်စိတ်တစ်ပိုင်းအဖြစ် ဥပဒေ၊ နည်းဥပဒေများကို ပြန်လည်ဆန်းစစ်ခြင်း (မဟာဗျူဟာအခန်း ၁၂ ကိုကြည့်ရန်)

မဟာဗျူဟာအခန်း ၉ - နိုင်ငံတကာစံနှုန်းများဖြစ်သည့် အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကွန်ဗင်းရှင်း(CEDAW) နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRPD) တို့ကိုအသုံးပြုခြင်းဖြင့် အားလုံးပါဝင်မှုမြှင့်တင်ဆောင်ရွက်ခြင်း၊

တိုက်ရိုက်အကျိုးရလဒ်

- ပိုမိုစိတ်ချယုံကြည်ရသည့်ရွေးကောက်ပွဲများဖြစ်စေရန်ဥပဒေနှင့်နည်းဥပဒေများပါဝင်သည့်ဥပဒေမူဘောင်ကိုပြန်လည်သုံးသပ်ပြင်ဆင်ခြင်း
- ပါဝင်ပတ်သက်သူများပိုမိုနားလည်နိုင်စေရန် ဥပဒေ၊ နည်းဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခြင်း

ရေရှည်အကျိုးသက်ရောက်မှု

ဤပန်းတိုင်သည်ဥပဒေနှင့် နည်းဥပဒေများကိုပြန်လည်ဆန်းစစ်၍ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ပြည်သူများအားလုံးမှအဆိုပါပြင်ဆင်ချက်များကိုနားလည်စေခြင်းဖြင့် မဟာဗျူဟာစီမံကိန်းတွင်အဆိုပြုတင်ပြထားသည့် ပြုပြင်ပြောင်းလဲတိုးတက်မှုများအတွက်လိုအပ်သည့်ဥပဒေ အခြေခံအုတ်မြစ်ကို တည်ဆောက်မည်။



# မဟာဗျူဟာအခန်း ၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံ

တာဝန်ခံပုဂ္ဂိုလ် - ဦးတင်ထွန်း၊ ကော်မရှင်အတွင်းရေးမှူး

မဟာဗျူဟာပန်းတိုင် – ဒေသဆိုင်ရာရုံးများနှင့် ဒေသဆိုင်ရာ ဝန်ထမ်းများခန့်ထားခြင်းအားဖြင့်ကျက်အုပ်ချုပ်ခြင်း၊ ဗဟိုကော်မရှင်ရုံးဖွဲ့စည်းပုံကို ပြန်လည်ဖွဲ့စည်းခြင်းဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမှီအခိုကင်းစွာရပ်တည်မှုနှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရန်

ရည်ရွယ်ချက်များ

၂.၁။ ကော်မရှင်၏လုပ်ငန်းစွမ်းဆောင်ရည်နှင့်ထိရောက်မှုကို တိုးမြှင့်ရန်အတွက် နေပြည်တော်ရှိ ဗဟိုကော်မရှင်ရုံးကို ဖွဲ့စည်းပုံကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း

၂.၂။ ရွေးကောက်ပွဲဥပဒေဆိုင်ရာ မူဘောင် နှင့်ရွေးကောက်ပွဲနေ့ လုပ်ငန်းစဉ်များအားကောင်း လာစေရန် အတွက်ရွေးကောက်ပွဲ ဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ ကိုပြင်ဆင်ရေးဆွဲခြင်း (မဟာဗျူဟာအခန်း ၃၊ ၉ ကိုကြည့်ရန်)

၂.၃။ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ရုံးအသုံးအဆောင်ပစ္စည်းများ ဖြည့်တင်းပေးခြင်း (မဟာဗျူဟာအခန်း ၆ ကိုကြည့်ရန်)

၂.၄။ ကော်မရှင်၏အမှီအခိုကင်းစွာရပ်တည်နိုင်မှုကိုအားပေးမြှင့်တင်ရန်ကော်မရှင်အဖွဲ့ခွဲများအတွက် ရုံးအဆောက်အအုံများ ဆောက်လုပ်ပေးခြင်း

မဟာဗျူဟာအခန်း ၉ - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းရွေးချယ်ခန့်ထားရေးဗျူဟာတွင် အားလုံးပါဝင်ရန်နှင့် ပါဝင်သူ အမျိုးအစားစုံလင်ရန် မြှင့်တင်ဆောင်ရွက်ခြင်း

တိုက်ရိုက်အကျိုးရလဒ်

- တာဝန်နှင့်ဝတ္တရားများရှင်းလင်းစွာ ဖော်ပြထားသည့်ဖွဲ့စည်းပုံဖြင့် လုပ်ငန်းများလည်ပတ်မှုရှိသည့်ဌာန အသစ်များထူထောင်ပြီး စွမ်းဆောင်ရည်ကိုတိုးမြှင့်ခြင်း
- အစိုးရဝန်ထမ်းများတိုးချဲ့ခန့်ထားခြင်းနှင့်ဗဟိုချုပ်ကိုင်မှုကို လျှော့ချခြင်း

ရေရှည်အကျိုးသက်ရောက်မှု

ဤပန်းတိုင်သည်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဖွဲ့စည်းပုံတွင် လူအင်အား ထပ်မံဖြည့်ဆည်းခြင်းဖြင့်လုပ်ငန်း စွမ်းဆောင်ရည်ကို တိုးမြှင့်စေခြင်းကြောင့် ကော်မရှင်၏ထိရောက်မှုနှင့်လုပ်ငန်းလည်ပတ်မှု ပေါ်ရေရှည်အကျိုးသက်ရောက်မှုရှိစေသည်။ ထို့အပြင်နယ်ရုံးခွဲများရှိ ဝန်ထမ်းများသည် သက်ဆိုင်သူများအပေါ် တာဝန် ယူသည့် ဝန်ဆောင်မှု များပိုမို ပေးနိုင်မည်ဖြစ်သည်။



# မဟာဗျူဟာအခန်း ၃။ လူ့စွမ်းအားအရင်းအမြစ်များနှင့် ကျွမ်းကျင်မှုစွမ်းရည် ပျိုးထောင်တည်ဆောက်ခြင်း

**တာဝန်ခံပုဂ္ဂိုလ် - ဦးတင်ထွန်း၊ ကော်မရှင်အတွင်းရေးမှူး**

မဟာဗျူဟာပန်းတိုင် – လက်ရှိနှင့် နောင်အနာဂတ်တွင်ကြုံတွေ့ရမည့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန်နှင့် နောင်လာမည့် ရွေးကောက်ပွဲစက်ဝန်းအတွက် ကော်မရှင်၏စွမ်းဆောင်ရည်အားကောင်းစေရန်၊ ကော်မရှင်ဝန်ထမ်းများအတွက် ကျွမ်းကျင်မှုများ ပျိုးထောင်ပေးခြင်းလုပ်ငန်းများဆောင်ရွက်ရန်နှင့် ကော်မရှင်ကိုဖွဲ့စည်းခိုင်မာအားကောင်းစေရန်

ရည်ရွယ်ချက်များ

၃.၁။ ကော်မရှင်ဝန်ထမ်းများစွမ်းဆောင်ရည် အားကောင်းစေရန် အတွက် ဝန်ထမ်းတိုးချဲ့ခန့်အပ်ခြင်းနှင့် ရာထူးတိုးမြှင့်ရေး မူဝါဒများ ချမှတ်ခြင်း – အဆိုပါ မူဝါဒများသည်ကျားမညီမျှရေး၊ မသန်စွမ်းသူများနှင့်တိုင်းရင်းသားလူနည်းစုများပါဝင်ရေးကို လေးစားလိုက်နာခြင်း (မဟာဗျူဟာအခန်း ၂၊ ၉ ကိုကြည့်ရန်)

၃.၂။ ရွေးကောက်ပွဲများကျင်းပရာတွင် ထိရောက်စွာကူညီထောက်ပံ့နိုင်ရန် အတွက်ဝန်ထမ်းတိုးချဲ့ခန့်ထားခြင်း၊ တွဲဖက်တာဝန်ပေးခြင်းဖြင့် မတူကွဲပြားသည့် ကော်မရှင်ဝန်ထမ်း အရေအတွက်နှင့် အရည်အချင်းကို တိုးမြှင့်ခြင်း

၃.၃။ သင်တန်းရေးရာလုပ်ငန်းများ အားလုံးကို ညှိနှိုင်းဆောင်ရွက်ရန် အတွက်တာဝန်ယူရန် (ကော်မရှင်ဖွဲ့စည်းပုံသစ်၏ အစိတ်အပိုင်းတစ်ခုအဖြစ်) သင်တန်းယူနစ်တစ်ခုကို ဖွဲ့စည်းခြင်း (မဟာဗျူဟာအခန်း ၂ ကိုကြည့်ရန်)

၃.၄။ ကော်မရှင်မှဝန်ထမ်းဟောင်းများနှင့် ဝန်ထမ်းအသစ်များကို ၎င်းတို့၏တာဝန်များပြည့်မီစွာစွမ်းဆောင်နိုင်ရန် သင်တန်းပေးခြင်းဖြင့် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း

၃.၅။ ကျန်ရှိနေသော ကော်မရှင်ဝန်ထမ်းများကို ရွေးချယ်တာဝန်ပေးအပ်ခြင်းနှင့် သင်တန်းပေးခြင်း

၃.၆။ မဲရုံဝန်ထမ်းများအတွက် ဆင့်ပွားသင်တန်းပေးခြင်းဗျူဟာ၊ သင်တန်းဆရာလက်စွဲစာအုပ်၊ သင်ကြားနည်းစနစ် ရေးဆွဲခြင်း

၃.၇။ လုံခြုံရေးအဖွဲ့အစည်းများ၊နိုင်ငံရေးပါတီများ၊ စောင့်ကြည့်လေ့လာသူများနှင့် အခြားပါဝင်ပတ်သက်သူများအား ၎င်းတို့၏ အခန်းကဏ္ဍနှင့်တာဝန်များအကြောင်း၊ ပဋိပက္ခကာကွယ်ခြင်းဆိုင်ရာများကို ရှင်းလင်းဖြေကြားခြင်း (မဟာဗျူဟာအခန်း ၆ ကိုကြည့်ရန်)

၃.၈။ ကော်မရှင်၏စွမ်းရည်နှင့် သင်တန်းဗျူဟာများကိုရွေးကောက်ပွဲ နှောင်းပိုင်းတွင် ဆန်းစစ်ခြင်း (မဟာဗျူဟာအခန်း ၁၂ ကိုကြည့်ရန်)

၃.၉။ ကော်မရှင်မှဝန်ထမ်းဟောင်းများနှင့် ဝန်ထမ်းအသစ်များကိုကျွမ်းကျင်အတတ်ပညာရှင်ဖြစ်စေရန်နှင့် တရားဝင်အသိအမှတ်ပြုနိုင်ရန် ပြည်ထောင်စု ရွေးကောက်ပွဲအကယ်ဒမီ (Union Election Academy, UEA) ထူထောင်ခြင်း

မဟာဗျူဟာအခန်း ၉ - သာတူညီမျှရှိမှု၊ အားလုံးပါဝင်နိုင်သည့်အခွင့်အလမ်းများဆိုင်ရာ သင်တန်းများပေးခြင်းဖြင့် အားလုံးပါဝင်မှုကိုမြှင့်တင်ခြင်း

တိုက်ရိုက်အကျိုးရလဒ်

- အပြန်အလှန်ဆွေးနွေးသည့်သင်ရိုးညွှန်းတမ်းများ၊ သင်တန်းဗျူဟာများဖြင့် သင်တန်းယူနစ်/ဌာနအသစ်တစ်ခုကိုဖွဲ့စည်းခြင်း
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင်လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်အရမူဝါဒအသစ်များရေးဆွဲပြီး ပို၍အရောင်အသွေး စုံလင်သော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဝန်ထမ်းများ ဖြစ်စေခြင်း
- ဝန်ထမ်းများကိုအတတ်ပညာရပ်ပိုင်းတွင်ကျွမ်းကျင်လိမ္မာစေခြင်း

ရေရှည်အကျိုးသက်ရောက်မှု

ဤပန်းတိုင်သည်ကော်မရှင်ဝန်ထမ်းများ၏ အတတ်ပညာရပ်ပိုင်းဆိုင်ရာတိုးတက်မှုကိုအားပေးခြင်း၊နယ်ရုံးများနှင့် ဌာနချုပ်ရှိ ဝန်ထမ်းများကိုသာတူညီမျှ အခွင့်အရေးပေး၍ ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် အရည်အချင်းများကို မြှင့်တင်ပေခြင်း၊ စိတ်ခွန်အားတက်ကြွစေခြင်းဖြင့်ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကို ရေရှည်တည်တန့်သည့် အဖွဲ့အစည်းဖြစ်စေမည်။



## မဟာဗျူဟာအခန်း ၄။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်း



### တာဝန်ခံပုဂ္ဂိုလ် - ဦးဝင်းကြည်၊ ကော်မရှင်အဖွဲ့ဝင်

မဟာဗျူဟာပန်းတိုင် – ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ၏ ထောက်ပံ့ကူညီမှုရယူခြင်း၊ မဲဆန္ဒရှင်စာရင်းဆိုင်ရာအချက်အလက်များကို တစ်နေရာတည်းပေါင်းစည်းခြင်း၊ ကွန်ပျူတာနည်းပညာအသုံးပြုခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုပိုမိုတိုးတက်စေရန်နှင့် နောက်ဆုံးအခြေအနေနှင့်ကိုက်ညီသော အချက်အလက်များကို စုစည်းခြင်းဖြင့် ပိုမိုပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုရန်

ရည်ရွယ်ချက်များ

၄.၁။ မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းယူနစ် (VR Unit) တစ်ခုကို (ကနဦးတွင် ICT ဌာနအတွင်း ထည့်သွင်း) ဖွဲ့စည်းပြီး ဝန်ထမ်းများအား တာဝန်ဝတ္တရားများ သတ်မှတ်ပေးအပ်ခြင်း (မဟာဗျူဟာအခန်း ၅ ကိုကြည့်ရန်)

၄.၂။ မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းရှေ့ပြေးစီမံချက်နှင့်ဘတ်ဂျတ်ရေးဆွဲခြင်း၊ ရှေ့ပြေးစီမံကိန်းကိုရွေးချယ်ထားသော နေရာများတွင် အကောင်အထည်ဖော်ပြီး မတူညီသောအနေအထား၊ နေရာဒေသများတွင်လုပ်ငန်း ထိရောက်စွာဆောင်ရွက်နိုင်မှု အခြေအနေကိုဆန်းစစ်ရန် နှင့် နိုင်ငံအဆင့်မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းအတွက်အတွေ့အကြုံ သင်ခန်းစာများရယူခြင်း

၄.၃။ နိုင်ငံလုံးဆိုင်ရာမဲဆန္ဒရှင်စာရင်းပြုစုခြင်းစီမံကိန်းကို ရှေ့ပြေးစီမံကိန်းမှရရှိလာသော အတွေ့အကြုံသင်ခန်းစာများအား အခြေခံ ပြီးရေးဆွဲခြင်း၊ တစ်နိုင်ငံလုံးဖြန့်ကျက် ဆောင်ရွက်မည့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းကို ကော်မရှင်အနေဖြင့် အကောင်အထည် ဖော်နိုင်ရန်လိုအပ်သော အရင်းအမြစ်များနှင့် ရန်ပုံငွေများလုံလောက်စွာရှိကြောင်း သေချာစေရန် ဘတ်ဂျတ်ကြိုတင်ရေးဆွဲခြင်း

၄.၄။ သင့်လျော်သည့် ICTနည်းလမ်းများကို အသုံးပြု၍ (ဥပမာ – ကွန်ပျူတာစနစ်ဖြင့်စာရင်းသွင်းခြင်း) နိုင်ငံလုံးဆိုင်ရာ မဲဆန္ဒရှင်စာရင်းပြုစုခြင်း စီမံကိန်းကို အကောင်အထည် ဖော်ခြင်း(မဟာဗျူဟာအခန်း ၃၊ ၅ ကိုကြည့်ရန်)

၄.၅။ မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းဆောင်ရွက်မည့်ဝန်ထမ်းများခန့်အပ်ခြင်းနှင့် လုပ်ငန်းထိရောက်စွာဆောင်ရွက်နိုင်ရန် လေ့ကျင့်ပညာပေးခြင်းနှင့် တာဝန်ပေးအပ်ခြင်း (မဟာဗျူဟာအခန်း ၃ ကိုကြည့်ရန်)

၄.၆။ မဲဆန္ဒရှင်စာရင်းပြုစုရာတွင်မဲဆန္ဒရှင်များ ပူးပေါင်းပါဝင် လာစေရန်နှင့် မဲဆန္ဒရှင်စာရင်းကြေငြာပြသထားချိန်တွင် မိမိအမည်ကို မည်သို့စိစစ်ရမည်ကို နားလည်သိရှိစေရန် အတွက် မဲဆန္ဒရှင်ပညာပေးခြင်းလုပ်ငန်းစီမံချက်တစ်ခု ရေးဆွဲဆောင်ရွက်ခြင်း

(မဟာဗျူဟာအခန်း ၈ ကိုကြည့်ရန်)

၄.၇။ ပိုမိုထိရောက်၍ အားလုံးပါဝင်ပြီး ပိုမိုတိကျသည့် မဲဆန္ဒရှင်စာရင်းဖြစ်စေရန် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနထံမှ အကူအညီ နှင့် နောက်ဆုံးရ အချက်အလက်များကို လ.ဝ.က ထံမှတောင်းခံခြင်း (မဟာဗျူဟာအခန်း ၇၊ ၉ ကိုကြည့်ရန်)

၄.၈။ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်စာရင်းကို ပြင်ပစစ်ဆေးသူများအနေဖြင့် ၎င်းတို့ကို လေ့လာစစ်ဆေးခွင့်ပြုခြင်း (မဟာဗျူဟာအခန်း ၇ ကိုကြည့်ရန်)

၄.၉။ ကနဦး မဲဆန္ဒရှင်စာရင်းကို ကြေငြာပြသကပ်ထားပေးသည့် ကာလသည် မဲဆန္ဒရှင်များ ၎င်းတို့၏အမည်များကို စစ်ဆေးရန် အချိန်လုံလောက်စေရန်နှင့် ကြိုတင်အသိ ပေးခြင်း (မဟာဗျူဟာအခန်း ၆ ကိုကြည့်ရန်)

၄.၁၀။ မဲဆန္ဒရှင်စာရင်းများကို မဲရုံတစ်ခုစီတိုင်းသို့ ဖြန့်ဝေ ပြီးကြောင်း သေချာစေခြင်း(မဟာဗျူဟာအခန်း ၆ ကိုကြည့်ရန်)

၄.၁၁။ မဲဆန္ဒရှင်စာရင်းကိုပုံမှန် (ဥပမာ - နှစ်စဉ်) သို့မဟုတ် လိုအပ်ချက်အပေါ်မူတည်၍ (ဥပမာ - ကြားဖြတ် ရွေးကောက်ပွဲ များအတွက်) ထည့်သွင်းဖြည့်စွက်ခြင်း

မဟာဗျူဟာအခန်း ၉ - မဲပေးခွင့်ရှိသည့်မဲဆန္ဒရှင်တိုင်းမဲဆန္ဒရှင်စာရင်းတွင်ပါဝင်လာရေးကိုကြိုးစားဆောင်ရွက်ခြင်းဖြင့်အားလုံးပါဝင်မှုကိုမြင့်တင်ခြင်း

တိုက်ရိုက်အကျိုးရလဒ်

- မဲဆန္ဒရှင်စာရင်းပြုစုသည့် ယူနစ်တစ်ခုထူထောင်ခြင်း
- ဗဟိုတွင်ထိန်းသိမ်းထားရှိသည့် လုံခြုံမှုရှိသော၊ ရေရှည်တည်တံ့သော၊ ကွန်ပြူတာ စနစ်ဖြင့်ပြုစုထားသည့် မဲစာရင်း
- မဲဆန္ဒရှင်စာရင်းတိကျမှန်ကန်မှု အရည်အသွေးတိုးမြင့်လာခြင်းနှင့် စာရင်းသွင်းသောမဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်အရေအတွက်တိုးလာခြင်း

ရေရှည်အကျိုးသက်ရောက်မှု

ဤပန်းတိုင်သည် မဲဆန္ဒရှင်စာရင်းတိကျမှန်ကန်မှုမြှင့်တင်ခြင်းဖြင့် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတိုင်းမဲထည့်နိုင်ရေးနှင့် ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲတစ်ခုစီတိုင်းအတွက် မဲစာရင်းကိုလွယ်ကူ၊ ထိရောက်စွာ ပြင်ဆင်ဖြည့်စွက်လာနိုင်စေမည်။



# မဟာဗျူဟာအခန်း ၅။ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ

## တာဝန်ခံပုဂ္ဂိုလ် - ဦးအောင်မြင့်၊ ကော်မရှင်အဖွဲ့ဝင်

မဟာဗျူဟာပန်းတိုင် – ကော်မရှင်အတွင်းနှင့် ပြင်ပဆက်သွယ်ဆက်ဆံရေးများတွင် ပိုမိုအားကောင်းစေရန်၊ အချက်အလက်များကို စီမံခန့်ခွဲရာတွင်လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်စေရန်အတွက် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology) ကို မဟာဗျူဟာကျသော အရင်းအမြစ်တစ်ခုအဖြစ်မြှင့်တင်အသုံးချရန်

### ရည်ရွယ်ချက်များ

၅.၁။ သတင်း အချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာ (ICT) ဌာနဖွဲ့စည်းထူထောင်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက် ပြည့်စုံသော သတင်း အချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာ မူဝါဒ ချမှတ်ခြင်း

၅.၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းများကိုထိရောက်ချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ခြင်း

၅.၃။ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းအချက်အလက်လုံခြုံမှုတိုးမြှင့်ရန်လုံခြုံရေးစနစ်များနှင့်အရံမူပွား(back-up)များ သိမ်းဆည်းနိုင်သည့် စနစ်တည်ဆောက်ခြင်း

၅.၄။ ကော်မရှင်ဝန်ထမ်းများအခြေခံ ICT နည်းပညာကိုအသုံးပြုနိုင်သည့် စွမ်းရည်လုံလောက်စွာရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ လေ့ကျင့်ပညာပေးခြင်း

၅.၅။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်ကိုက်ညီမည့် ICTအသုံးချစနစ်များကို ကော်မရှင်တွင်ရှိသည့် ICTအခြေခံအဆောက်အအုံနှင့် ဝန်ထမ်း စွမ်းဆောင်ရည်ပေါ် မူတည်၍ရေးဆွဲခြင်း (မဟာဗျူဟာ အခန်း ၄၊ ၆၊ ၁၀၊ ၁၁ ကိုကြည့်ရန်)

၅.၆။ ICTနည်းပညာကိုအသုံးချ၍ ကော်မရှင်၏ဝက်ဘ်ဆိုက်လွှတ်တင်ခြင်းမှတဆင့် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများအားလုံး ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကိုအလွယ်တကူ ရရှိစေ၍ကော်မရှင်လုပ်ငန်းစဉ်များ၏ ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ခြင်း (မဟာဗျူဟာ အခန်း ၇ ကိုကြည့်ရန်)

မဟာဗျူဟာအခန်း ၉ - မသန်စွမ်းသူများပါဝင်နိုင်မှုကိုမြှင့်တင်ပေးနိုင်သည့် နည်းပညာများကို လေ့လာအသုံးပြုခြင်းဖြင့် အားလုံးပါဝင်မှုကို မြှင့်တင်ခြင်း

### တိုက်ရိုက်အကျိုးရလဒ်

- လေ့ကျင့်ပေးထားသောဝန်ထမ်းများဖြင့်သတင်းအချက်အလက်နှင့် နည်းပညာ ဌာန (IT ဌာန) ကိုထူထောင်ခြင်း
- အချက်အလက်နှင့်နည်းပညာဌာနသည်ဝက်ဘ်ဆိုက်နှင့်အခြား ရွေးကောက်ပွဲဆိုင်ရာအတွက်လိုအပ်သည့်အသုံးချမှုစနစ်များတပ်ဆင်ထားသည့်နေရာတစ်ခုဖြစ်ခြင်း
- ဝန်ထမ်းများ၏ သတင်းအချက်အလက်နှင့်နည်းပညာကျွမ်းကျင်မှုများ နှင့်စွမ်းဆောင်ရည်ကိုမြှင့်တင်ခြင်း

### ရေရှည်အကျိုးသက်ရောက်မှု

ဤပန်းတိုင်သည် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ လိုအပ်သော သတင်းနှင့်အချက်အလက်များ အလွယ်တကူရယူစေ၍ ပွင့်လင်းမြင်သာမှုတိုးမြှင့်ခြင်းဖြင့်ရုံးတွင်းနှင့်ပြင်ပ ဆက်သွယ်ဆက်ဆံရေးကို အကျိုးရှိစွာ တည်ဆောက်နိုင်သည်။



## မဟာဗျူဟာအခန်း ၆။ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများ

တာဝန်ခံပုဂ္ဂိုလ် - ဦးတင်ထွန်း၊ ကော်မရှင်အတွင်းရေးမှူး

မဟာဗျူဟာပန်းတိုင် – ရွေးကောက်ပွဲလုပ်ငန်းစဉ်ကိုအများယုံကြည်လက်ခံမှုတိုးမြင့်အောင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်များ ချောမွေ့စေရန်ဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်ကိုမဲဆန္ဒရှင်များအလွယ်တကူ သိရှိနားလည်အောင်ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းများကိုထိရောက်စွာနှင့်ငြိမ်းချမ်းစွာစီမံခန့်ခွဲခြင်းနှင့်အစီအစဉ်ချမှတ်ခြင်းများအတွက် အဖွဲ့အစည်းတစ်ခုလုံး၏စွမ်းရည်ကို မြှင့်တင်တည်ဆောက်ရန်

ရည်ရွယ်ချက်များ

၆.၁။ လုပ်ငန်းဆောင်ရွက်မှုနှင့် ဘတ်ဂျတ်ဆိုင်ရာစီမံကိန်းတစ်ခုရေးဆွဲပြီး ရန်ပုံငွေလိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ခြင်း

၆.၂။ လစ်လပ်နေသောနေရာများအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၄ ခုနှစ်တွင်ကျင်းပရန်ရှိလာပါက ကြားဖြတ်ရွေးကောက်ပွဲလုပ်ငန်းဆောင်ရွက်မှုများဆိုင်ရာစီမံကိန်းနှင့် ဘတ်ဂျတ်များရေးဆွဲခြင်း၊ ၎င်းမှရရှိလာသော အတွေ့အကြုံများကို ၂၀၁၅ ရွေးကောက်ပွဲလုပ်ငန်းဆောင်ရွက်မှုစီမံကိန်းအတွက် လေ့လာသင်ခန်းစာယူခြင်း

၆.၃။ မသမာမှုများကို ကာကွယ်ရန်အတွက် ရွေးကောက်ပွဲများ၏၊ တိကျမှန်ကန်ခိုင်မာမှုကို မြှင့်တင်ခြင်း

၆.၄။ ရွေးကောက်ပွဲဆိုင်ရာ အခက်အခဲများ ဆန်းစစ်မှုနှင့် လုံခြုံရေးအစီအစဉ်များ ရေးဆွဲချမှတ်ခြင်းဖြင့်ငြိမ်းချမ်းလုံခြုံမှုနှင့်ယုံကြည်မှု ရရှိစေရန်

၆.၅။ အဖွဲ့အစည်းကုန်ကျ စရိတ်(အဖွဲ့အစည်း လည်ပတ်သည့်စရိတ်၊ မဟာဗျူဟာပန်းတိုင်များအကောင်အထည် ဖော်သည့် ကုန်ကျစရိတ်)၊ လုပ်ငန်းများအတွက် ကုန်ကျစရိတ် (မဲစာရင်းပြုစုခြင်းနှင့် မဲပေးခြင်း) နှင့် ပူးတွဲကုန်ကျစရိတ် (လုံခြုံရေးအတွက် အခြားဝန်ကြီးဌာနများကိုပေးရခြင်း) စသည့် ကုန်ကျစရိတ်အမျိုးအစားများခွဲခြားဖော်ပြထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွက်ရွေးကောက်ပွဲဆိုင်ရာပင်မဘတ်ဂျက် ချမှတ်ခြင်း

၆.၆။ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့်ကော်မရှင်အဖွဲ့ခွဲရုံးများ နှင့် ကော်မရှင်အကြား ကြီးကြပ်ကွပ်ကဲမှုနှင့် သတင်းအချက်အလက်စီးဆင်းမှုတိုးတက်စေရေးအတွက် ထိရောက်သောဆက်သွယ်ရေးတည်ဆောက်ခြင်း (မဟာဗျူဟာအခန်း ၂၊ ၅ ကိုကြည့်ရန်)

၆.၇။ ကော်မရှင်အဖွဲ့ခွဲရုံးများအတွက်လိုအပ်သော ပစ္စည်းအသုံးအဆောင်နှင့်ဆက်သွယ်ရေးကိရိယာများပံ့ပိုးခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုထိရောက်ကောင်းမွန်အောင် မြှင့်တင်ခြင်း

၆.၈။ မသန်စွမ်းသူများအဖွဲ့အစည်းများမှ အကြံပြုချက်များနှင့် ဥပဒေများအပေါ်အခြေခံ၍ အားလုံးလက်လှမ်းမီအသုံးပြုနိုင်သော မဲရုံများ သတ်မှတ်ခြင်း (မဟာဗျူဟာအခန်း ၉ ကိုကြည့်ရန်)



၆.၉။ မဲပေးရမည့်ရက်မတိုင်မီ မဲဆန္ဒနယ် တစ်ခုချင်းစီရှိမဲရုံများတွင်မှန်ကန်သည့် မဲလက်မှတ်များရှိကြောင်းသေချာစေခြင်း

၆.၁၀။ မဲရုံများအားလုံး ရွေးကောက်ပွဲနှင့်ဆိုင်သည့်ပစ္စည်းများကို အချိန်မီရရှိရန်သေချာစေခြင်းနှင့် အရေးကြီးသောပစ္စည်းများကို လုံခြုံစွာသိမ်းဆည်းထားခြင်း

၆.၁၁။ ကော်မရှင်ဝက်ဘ်ဆိုက်တွင် ရွေးကောက်ပွဲနှင့်ဆိုင်သည့် သတင်းအချက်အလက်များကို သက်ဆိုင်သူအားလုံး အလွယ်တကူရယူနိုင်ရန် စုစည်းပေးထားခြင်း (မဟာဗျူဟာအခန်း ၇၊ ၈ ကိုကြည့်ရန်)

၆.၁၂။ ရှင်းလင်းသော လုပ်ငန်းစဉ်များကို အခြေခံပြီး ပါတီကိုယ်စားလှယ်များနှင့် လေ့လာအကဲခတ်သူများက လေ့လာကြည့်ရှုခွင့်ရခြင်းဖြင့် ကြိုတင်မဲပေးခြင်းသည် ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်သည့် ကြိုတင်မဲပေးခြင်းလုပ်ငန်း ဖြစ်စေခြင်း

၆.၁၃။ ပွင့်လင်းမြင်သာမှုရှိစေရန်ရွေးကောက်ပွဲ ပဏာမရလဒ်များကို ရွေးကောက်ပွဲ သတင်းအချက်အလက်ထုတ်ပြန်ရေးဌာနနှင့် ဝက်ဘ်ဆိုက်များမှတဆင့် လျင်မြန်စွာ ထုတ်ပြန်ကြေညာခြင်း (မဟာဗျူဟာအခန်း ၇ ကိုကြည့်ရန်)

၆.၁၄။ ကော်မရှင်ရုံးတစ်ခုချင်း၏ ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ် စာရင်းစစ်ခြင်း

၆.၁၅။ ၂၀၁၅ ရွေးကောက်ပွဲများကျင်းပပြီးသောအခါ ၂၀၁၆ - ၂၀၁၈ ခုနှစ်များအတွင်း လစ်လပ်နေရာများအတွက် ကျင်းပရန်ရှိလာမည့် ကြားဖြတ်ရွေးကောက်ပွဲများအတွက် ကြားဖြတ်ရွေးကောက်ပွဲလုပ်ငန်းဆောင်ရွက်မှုများဆိုင်ရာစီမံကိန်းကို ထပ်မံပြင်ဆင်ရေးဆွဲခြင်း

မဟာဗျူဟာအခန်း ၉ - ဘာသာစကားပေါင်းစုံဖြင့်ပုံစံအမျိုးစုံလင်သောရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကိုပုံနှိပ်ဖြန့်ဝေခြင်း၊ မသန်စွမ်းသူများအနေဖြင့်မဲရုံများကိုလက်လှမ်းမီရောက်ရှိအသုံးပြုနိုင်အောင်ဆောင်ရွက်ခြင်းဖြင့် အားလုံးပါဝင်မှုကို မြင့်တင်ခြင်း

တိုက်ရိုက်အကျိုးရလဒ်

- နိုင်ငံလုံးဆိုင်ရာလုပ်ငန်းအကောင်အထည်ဖော်ခြင်းစီမံကိန်းနှင့် ကြားဖြတ်ရွေးကောက်ပွဲလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာစီမံကိန်းများမှတဆင့်ထိရောက်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ခြင်း
- အခက်အခဲများကိုဆန်းစစ်မှုနှင့်လုံခြုံရေးအစီအမံများဖြင့် လုံခြုံရေးကို တိုးမြှင့်ခြင်း
- ယုံကြည်မှုတည်ဆောက်၍အတုအပများကိုဖယ်ရှားနိုင်ရန်အစီအမံများ ပြုလုပ်ခြင်း
- နယ်ရုံးခွဲများတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏လုပ်ဆောင်ချက်များတိုးမြှင့်နိုင်ရန်ပိုမိုကောင်းမွန်သောကိရိယာများတပ်ဆင်ခြင်း

ရေရှည်အကျိုးသက်ရောက်မှု

ဤပန်းတိုင်သည်ထိရောက်မှုနှင့်စွမ်းဆောင်ချက်များကိုတိုးမြှင့်စေပြီး၊ မမှန်ကန်မှုများလျော့ချခြင်း၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ လေ့လာအကဲခတ်သူများ၊ မဲရုံဝန်ထမ်းများ၊ မဲဆန္ဒရှင်များ၏လုံခြုံရေးကိုတိုးမြှင့် ပေးခြင်းဖြင့်တရားမျှတပြီး စစ်မှန်ခိုင်မာသည့် ရွေးကောက်ပွဲများ ဖြစ်စေမည်။



# မဟာဗျူဟာအခန်း ၇။ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့်ဆက်ဆံရေး

တာဝန်ခံပုဂ္ဂိုလ် - ဦးတင်အေး၊ ကော်မရှင်ဥက္ကဋ္ဌ

မဟာဗျူဟာပန်းတိုင် – ပြည်သူလူထု၊ မီဒီယာ၊ စောင့်ကြည့်အကဲခတ်သူများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ကူညီထောက်ပံ့မှုများရယူခြင်းဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ယုံကြည်မှုတည်ဆောက်ရန်နှင့် ပွင့်လင်းမြင်သာမှုမြှင့်တင်ရန်

ရည်ရွယ်ချက်များ

၇.၁။ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့်ပိုမို ကောင်းမွန်စွာထိတွေ့တုံ့ပြန် နိုင်စေရန်၊ သတင်းအချက်အလက်များ အပြန်အလှန် စီးဆင်းမှုတိုးတက်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပြင်ပဆက်ဆံရေးဌာနတစ်ခုကို ဖွဲ့စည်းခြင်းနှင့်ပြန်ကြားဆက်သွယ် ဆက်ဆံရေးဗျူဟာ ချမှတ်ရေးဆွဲဆောင်ရွက်ခြင်း

၇.၂။ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများ၊လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့်ပူးပေါင်းခြင်းဖြင့် အရင်းအမြစ်များ အစွမ်းကုန်အားကောင်းစေ၍၊ သတင်းကျန်ခြင်း၊ ထပ်ခြင်းများ ရှောင်ရှားနိုင်ပြီးသတင်းများကိုပိုမို အကျိုးရှိစွာထုတ်လွှင့်နိုင်ခြင်း

၇.၃။ ပြည်တွင်း/ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ အဖွဲ့အစည်းများ၏အမည်စာရင်းကိုလက်ခံခြင်း၊ စိစစ်ခြင်းလုပ်ငန်းစဉ်များကိုချမှတ်ပြီးရွေးကောက်ပွဲများကိုယုံကြည်လက်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတိုးတက်အောင်ဆောင်ရွက်ခြင်း (မဟာဗျူဟာအခန်း ၅ ကိုကြည့်ရန်)

မဟာဗျူဟာအခန်း ၉ - အမျိုးသမီးများဆိုင်ရာအဖွဲ့များ၊ မသန်စွမ်းသူများဆိုင်ရာအဖွဲ့အစည်းများ၊ တိုင်းရင်းသာလူမျိုးစုဆိုင်ရာအဖွဲ့အစည်း များနှင့် စဉ်ဆက်မပြတ် အပြန်အလှန်ဆွေးနွေးခြင်းဖြင့်အားလုံးပါဝင်မှုကိုမြှင့်တင်ခြင်း

တိုက်ရိုက်အကျိုးရလဒ်

- လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လေ့လာအကဲခတ်သူများ၊ မီဒီယာများနှင့် ပုံမှန်တွေ့ဆုံဆွေးနွေး ညှိနှိုင်းဖလှယ်ခြင်း၊ အစိုးရနှင့် နိုင်ငံတကာအဖွဲ့စည်းများမှအထောက်အပံ့ရယူခြင်းဖြင့် ဆက်ဆံရေးတိုးမြင့်လာခြင်း
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဝက်ဘ်ဆိုက်ပေါ်တွင် သတင်းအချက်အလက်များ အလွယ်တကူရယူနိုင်ခြင်းနှင့်ပြည်သူလူထုနှင့် ထိတွေ့မှုတိုးမြင့်လာခြင်း
- စောင့်ကြည့်လေ့လာသူများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို လေ့လာစောင့်ကြည့် ရန် ဖိတ်ကြားခြင်းဖြင့် ပွင့်လင်းမြင်သာမှု တိုးမြင့်လာခြင်း

ရေရှည်အကျိုးသက်ရောက်မှု

ဤပန်းတိုင်သည် သက်ဆိုင်ရာပါဝင်ပတ်သက်သူများနှင့်၊ ညှိနှိုင်းတိုင်ပင်ခြင်းဖြင့် ရရှိလာသည့် အကြံပြုချက်များပေါ်တွင် မူတည်၍ ရွေးကောက်ပွဲဆိုင်ရာစီမံမှုများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် ဆက်ဆံရေးကို တိုးမြှင့်စေပြီး ရွေးကောက်ပွဲဆိုင်ရာ စီမံခြင်းနှင့်ပတ်သက်၍ အားလုံးနှင့် သက်ဆိုင်တာဝန်ရှိသည်ကိုနားလည်စေသည်။ ထို့အပြင် ပြင်ပအဖွဲ့အစည်းများနှင့်မိတ်ဖက်တည်ဆောက်ခြင်းက လုပ်ငန်းအကောင်အထည်ဖော်ခြင်းနှင့်စီမံကိန်းရေးဆွဲခြင်းတွင်ပွင့်လင်းမြင်သာရှိမှုကိုအားကောင်းစေပြီး ဆွေးနွေးပွဲများမှအကြံပြုချက် များကိုလည်း လုပ်ငန်းပိုမိုတိုးတက်အောင် အသုံးပြု နိုင်သည်။



# မဟာဗျူဟာအခန်း ၈။ ပြည်သူများနှင့် မဲဆန္ဒရှင်များအားအသိပညာပေးခြင်း

တာဝန်ခံပုဂ္ဂိုလ် - ဦးဝင်းကြည်၊ ကော်မရှင်အဖွဲ့ဝင်

မဟာဗျူဟာပန်းတိုင် – ထိရောက်ပြီးဆက်စပ်ဆောင်ရွက်သော ပြည်သူလူထုနှင့်မဲဆန္ဒရှင်ပညာပေးလှုံ့ဆော်ရေးအစီအစဉ်များမှတဆင့် နိုင်ငံသားများအားလုံးအကြား ရွေးကောက်ပွဲလုပ်ငန်းစဉ်အကြောင်း သိရှိနားလည်ဘောပေါက်မှုရရှိစေရန်နှင့် ပါဝင်ဆောင်ရွက်မှု တိုးမြှင့်ရန်

ရည်ရွယ်ချက်များ

၈.၁။ မဲဆန္ဒရှင်များအတွက်သင့်လျော် သည့်သတင်းအချက်အလက်များကို ရွေးထုတ်နိုင်ရန် ရွေးကောက်ပွဲနှင့် ပတ်သက်သော ပြည်သူများ၏ အသိပညာကိုလေ့လာထားသော ကနဦး အခြေအနေစစ်တမ်းများနှင့် သုတေသနများကို ဆန်းစစ် လေ့လာခြင်း

၈.၂။ နိုင်ငံအဝန်းနှင့် ဒေသအလိုက်ဆောင်ရွက်မည့် ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင်နှင့် အချက်အလက်များပေးရာတွင် ဟန်ချက်ညီညီနှင့်ထိရောက်စွာဆောင်ရွက်နိုင်စေရန် ပညာပေးလုပ်ငန်းများကိုကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း (မဟာဗျူဟာ အခန်း ၇ ကိုကြည့်ရန်)

၈.၃။ မဲဆန္ဒရှင်လက်စွဲစာအုပ်၊ လက်ကမ်း စာစောင်နှင့် ပိုစတာများကို မြန်မာ ဘာသာအပြင် တိုင်းရင်းသားဘာသာများရွေးချယ်ပြီး ပြုစုခြင်း နှင့် ရိုက်နှိပ်ဖြန့်ဝေခြင်း (မဟာဗျူဟာ အခန်း ၉ ကိုကြည့်ရန်)

၈.၄။ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ပြည်သူလူထုအားအသိပေးရာတွင် လူမှုအဖွဲ့အစည်းများမှ အောက်ခြေပြည်သူလူထုအတွက် ဆောင်ရွက်သောပညာပေးလုပ်ငန်းများနှင့်ဆက်စပ်ကျယ်ပြန့်စွာရောက်ရှိထိရောက် စေရန်အတွက် မီဒီယာပေါင်းစုံကိုအသုံးပြုခြင်း

မဟာဗျူဟာအခန်း ၉ - အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့်တိုင်းရင်းသားလူနည်းစုများကို အဓိကထား၍ ပညာပေးခြင်းဖြင့် အားလုံးပါဝင်မှု မြှင့်တင်ခြင်း

တိုက်ရိုက်အကျိုးရလဒ်

- လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်သည့် ပြည်သူ့ပညာပေးနှင့်မဲဆန္ဒရှင်ပညာပေးရေး
- ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့်မဲဆန္ဒရှင်များအားရွေးကောက်ပွဲ အကြောင်းပိုမိုနားလည်သိရှိစေခြင်း

ရေရှည်အကျိုးသက်ရောက်မှု

ဤပန်းတိုင်သည်ပူးပေါင်းပါဝင်မှုကိုတိုးပွားစေပြီး၊ ဒီမိုကရေစီ ယဉ်ကျေးမှုထွန်းကားရန် အထောက်အကူဖြစ်စေသည်။ ထိရောက်ပြီး ကောင်းမွန်သည့် ပြည်သူနှင့်မဲဆန္ဒရှင်ပညာရေး အစီအစဉ်များက ပို၍ တက်ကြွပြီး အဓိပ္ပါယ်ရှိသည့်ပူးပေါင်းပါဝင်မှုကိုဖြစ်ပေါ်စေသည်။



မဲစာရင်းတွင် မိမိအမည် ပါ/မပါ ရပ်ကွက်/ကျေးရွာ ကော်မရှင်ရုံးတွင် သွားရောက်ကြည့်ရှုပါ



မိမိအမည်မပါလျှင် ရပ်ကွက်/ကျေးရွာ ကော်မရှင်ရုံးသို့ မိမိအမည်စာရင်း ထည့်သွင်းပေးရန် တောင်းဆိုပါ



သင်နှစ်သက်ရာ ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတတည့်တည့်တွင်ရှိသော လေးထောင့်ကွက်အတွင်းတွင် (✔) အမှတ်အသားပြု၍ မဲပေးပါ



မဲရုံသို့ နံနက်(၆)နာရီမှ ညနေ(၄)နာရီ အချိန်အတွင်း သွားရောက်မဲပေးပါ



ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိအမည်စာရင်းပါသည့် မဲရုံတွင်သာမဲပေးရမည်



သက်ဆိုင်ရာ လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာပေးပိုင်ခွင့်ရှိသည်

ပန်းချီ - အေးသီတာကျော်

# မဟာဗျူဟာအခန်း ၉။ အားလုံးပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်း



တာဝန်ခံပုဂ္ဂိုလ် - ဒေါက်တာဒေါ်မြင့်ကြည်၊ ကော်မရှင်အဖွဲ့ဝင်

မဟာဗျူဟာပန်းတိုင် – တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများ၊ ပဋိပက္ခများကြောင့်ရွှေ့ပြောင်းနေထိုင်ရသူများ (Internally Displaced Persons, IDPs) အစရှိသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင်ပါဝင်ခွင့်ရရန် အခက်အခဲအတားအဆီးများရှိနေသောသူများထံမှ ပိုမိုပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရန်

### ရည်ရွယ်ချက်များ

၉.၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရပိုင်ခွင့်များ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်လမ်းညွှန်ချက်များ၊ မြန်မာနိုင်ငံအစိုးရမှ လက်မှတ်ရေးထိုးတာဝန်ခံထားသော နိုင်ငံတကာသဘောတူညီမှုစာချုပ်များ (ဥပမာ - အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကွန်ဗင်းရှင်း(CEDAW)၊ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRPD)) အကြောင်းကို အသိပေးခြင်းနှင့် ပညာပေးခြင်း

၉.၂။ ကော်မရှင်နှင့်ကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်၏ဆုံးဖြတ်ချက်များသည် တိုင်းရင်းသားလူနည်းစုများ၊အမျိုးသမီးများ၊ မသန်စွမ်းသူများ နှင့် ပဋိပက္ခများကြောင့်ရွှေ့ပြောင်းနေထိုင်ရသူများ၏ ပါဝင်မှုကိုအားပေးကြောင်းသေချာစေခြင်း (မဟာဗျူဟာအခန်း ၁၊ ၁၂ ကိုကြည့်ရန်)

၉.၃။ ကျားမညီမျှရန်နှင့်အားလုံးစုံလင်စွာပါဝင်စေရန် ဝန်ထမ်းရွေးချယ် ခန့်ထားသည့် မူဝါဒနှင့်ဗျူဟာများ ရေးဆွဲ၍ဒေသခံများကို ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းများ အဖြစ် ပါဝင်နိုင်ရန်တိုက်တွန်းအားပေးခြင်း (မဟာဗျူဟာ အခန်း ၃ ကိုကြည့်ရန်)

မဟာဗျူဟာအခန်း ၉ - အားလုံးပါဝင်ဆောင်ရွက်မှုကိုမြှင့်တင်ခြင်းသည် သီးခြားရပ်တည်သည့်အခန်းဖြစ်သလို အခြားအခန်းများနှင့် ယှက်နွယ်နေသည့်အခန်းလည်းဖြစ်သည်။

### တိုက်ရိုက်အကျိုးရလဒ်

- တိုင်းရင်းသားလူနည်းစုများနှင့်မသန်စွမ်းသူများပိုမိုပါဝင်လာစေရန် အားလုံးပူးပေါင်းပါဝင်သည့် မူဝါဒကိုချမှတ်ခြင်း
- ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးတွင်ကျားမညီမျှရေးမူဝါဒကိုထည့်သွင်းစဉ်းစားခြင်း

### ရေရှည်အကျိုးသက်ရောက်မှု

ဤပန်းတိုင်သည်တိုင်းသူပြည်သားအားလုံးကိုရွေးကောက်ပွဲနှင့်ပတ်သက်၍ သာတူညီမျှသောအခွင့်ရေးပေးရေးနှင့်အားလုံးပါဝင်လာစေရေး အတွက် ရည်ညွှန်းသည်။



# မဟာဗျူဟာအခန်း ၁၀။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီလိုက်နာဆောင်ရွက်ခြင်း

တာဝန်ခံပုဂ္ဂိုလ် - ဦးဝင်းကို၊ ကော်မရှင်အဖွဲ့ဝင်

မဟာဗျူဟာပန်းတိုင် – နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ရန်ပုံငွေနှင့် ဘဏ္ဍာရေးရာနှင့် တရားမျှတသော ယှဉ်ပြိုင်မှုဖြစ်စေရေးအတွက် ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်စေရန်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများ အပြည့်အဝနားလည်သိရှိစေရန်

ရည်ရွယ်ချက်များ

၁၀.၁။ ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့်နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကွန်ဗင်းရှင်း(CEDAW)၊ မသန်စွမ်းသူများ၏အခွင့်အရေးများအတွက် သဘောတူညီချက် (CRPD) နှင့် အခြားနိုင်ငံတကာ တာဝန်ခံမှုများ) များအကြောင်း ပညာပေး အစီအစဉ်များရေးဆွဲ၊ ပြုလုပ်ခြင်း

၁၀.၂။ နိုင်ငံရေးပါတီရန်ပုံငွေ ကောက်ခံစုဆောင်းခြင်း၊ ပါတီ ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်များ ရိုက်နှိပ်ထုတ်ပြန်ခြင်း

၁၀.၃။ နိုင်ငံရေးပါတီများ၏မဲဆွယ်ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေနှင့်အညီညွှန်ကြားချက်များရေးဆွဲခြင်းနှင့် ရိုက်နှိပ်ထုတ်ပြန်ခြင်း

၁၀.၄။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရာတွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ လိုက်နာကျင့်သုံးရန် ညွှန်ကြားချက်များကို တည်ဆဲဥပဒေများနှင့်အညီ ရေးဆွဲခြင်းနှင့်ရိုက်နှိပ်ထုတ်ပြန်ခြင်း

၁၀.၅။ ပါတီများ မှတ်ပုံတင်ခြင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ ပါတီနှင့်မဲဆွယ် ရံပုံငွေထုတ်ပြန် ကြေညာခြင်းများနှင့်ပတ်သက်၍ စဉ်ဆက်မပြတ် ကြပ်မတ်စိစစ်ခြင်း

မဟာဗျူဟာအခန်း ၉ - နိုင်ငံရေးပါတီများအား သာတူညီမျှမှု၊ အားလုံးပါဝင်နိုင်မှုဆိုင်ရာအခွင့်အလမ်းများသည် အရေးကြီးကြောင်း ပညာပေးသည့် အစီအစဉ်များဆောင်ရွက်ခြင်း ဖြင့်အားလုံးပါဝင်မှုကို မြင့်တင်ခြင်း

| တိုက်ရိုက်အကျိုးရလဒ် | ရေရှည်အကျိုးသက်ရောက်မှု |
| --- | --- |
| • နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများ ဥပဒေ၊ နည်းဥပဒေများပိုမိုလေးစားလိုက်နာရန် နားလည်လွယ်ကူစေသည့် လုပ်ထုံးလုပ်နည်းများ | ဤပန်းတိုင်သည် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ၎င်းတို့၏တာဝန်များနှင့် ငွေကြေးဆိုင်ရာတာဝန်ခံယူမှုအကြောင်းအသိပေးခြင်းနှင့်ပိုမိုလေးစားလိုက်နာမှု ရှိအောင်ဆောင်ရွက်စေခြင်း |



# မဟာဗျူဟာအခန်း ၁၁။ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း

## တာဝန်ခံပုဂ္ဂိုလ် - ဦးမြင့်နိုင်၊ ကော်မရှင်အဖွဲ့ဝင်

မဟာဗျူဟာပန်းတိုင် – ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းခြင်းယန္တယားလုပ်ငန်းစဉ်များပိုမိုထိရောက်မှုရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ကဏ္ဍစုံမှပါဝင်ပတ်သတ်သူများအနေဖြင့်လည်း အဆိုပါလုပ်ငန်းစဉ်ကို ရှင်းလင်းစွာနားလည်သဘောပေါက်ကြောင်းသေချာစေရန်နှင့် တရားမျှတသောဖြေရှင်းနည်းများကို တန်းတူညီမျှလက်လှမ်းမီ ရရှိစေရန်

ရည်ရွယ်ချက်များ

၁၁.၁။ အငြင်းပွားမှုများဖြေရှင်းခြင်းနှင့် ပတ်သက်သည့်ဥပဒေနှင့် လုပ်ထုံး လုပ်နည်းများကိုပြန်လည် ဆန်းစစ်ခြင်း

၁၁.၂။ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ၊ တရားမဲ့ပြုကျင့်မှုများနှင့် ပြစ်ဒဏ် များအကြောင်း နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် ပြည်သူများအား အသိပညာပေးခြင်း

၁၁.၃။ ရွေးကောက်ပွဲမတိုင်မီကာလ၊ ကျင်းပစဉ်ကာလနှင့် ကျင်းပပြီးကာလများတွင်အငြင်းပွားမှုများနှင့်ပတ်သက်၍ ဖြေရှင်းရန်သက်ဆိုင် ရာကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို လုပ်ပိုင်ခွင့် တိကျစွာသတ်မှတ်ပေးခြင်းနှင့် လေ့ကျင့်ပညာပေးခြင်း

၁၁.၄။ ရွေးကောက်ပွဲခုံအဖွဲ့များမှတဆင့် ရွေးကောက်ပွဲကန့်ကွက်လွှာများကို စစ်ဆေးစီရင်ဆုံးဖြတ်ခြင်း

၁၁.၅။ ကန့်ကွက်သူကဖြစ်စေ၊ ကန့်ကွက်ခံ ရသူကဖြစ်စေ လျှောက်ထားလာသော အယူခံဝင်မှုများ စီရင်ဆုံးဖြတ်ခြင်း

၁၁.၆။ လုပ်ငန်းစဉ်လုပ်ဆောင်မှုပိုမိုအားကောင်းလာစေရန်နှင့် ပွင့်လင်း မြင်သာမှုရှိ စေရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု၊ ကန့်ကွက်လွှာများ၊ အယူခံဝင်မှုများ နှင့် စီရင်ထုံး များကို ကွန်ပျူတာစာရင်းစနစ်ဖြင့် မှတ်တမ်းတင်ခြင်း

မဟာဗျူဟာအခန်း ၉ - အငြင်းပွားမှုများကိုဖြေရှင်းရာတွင်ပွင့်လင်းမြင်သာစွာနှင့် အားလုံးပါဝင်နိုင်သည့်ဖြစ်စဉ်ဖြစ်စေခြင်းဖြင့် အားလုံးပါဝင်မှုကိုမြင့်တင်ခြင်း

**တိုက်ရိုက်အကျိုးရလဒ်**

- နိုင်ငံတော်အဆင့်နှင့်ဒေသဆိုင်ရာအလိုက် ဖြစ်ပေါ်သည့် ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများကို စစ်ဆေး ခြင်း၊ ပွင့်လင်းမြင်သာမှုရှိစွာနှင့် ထိရောက်စွာဖြေရှင်းခြင်းစနစ်၊

**ရေရှည်အကျိုးသက်ရောက်မှု**

ဤပန်းတိုင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များအကြား အငြင်းပွားမှုများကို ဖြေရှင်းရာတွင် ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် အငြင်းပွားမှုကို လျှော့ချရန်နှင့် တိုင်တန်းမှုကိုခြေရာကောက်သည့်စနစ်သုံးစွဲခြင်းဖြင့် ပွင့်လင်း မြင်သာမှုကိုတိုးမြှင့်ရန် ရည်ရွယ်သည်။



# မဟာဗျူဟာအခန်း ၁၂။ စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း

တာဝန်ခံပုဂ္ဂိုလ် - ဦးတင်အေး၊ ကော်မရှင်ဥက္ကဋ္ဌ

မဟာဗျူဟာပန်းတိုင် – မဟာဗျူဟာအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို ပုံမှန်စောင့်ကြည့်လေ့လာရန်၊ မဟာဗျူဟာလုပ်ဆောင်ချက်များကို လိုအပ်သလိုမွမ်းမံပြောင်းလဲရန်နှင့် အရင်းအမြစ်များကို သင့်လျော်စွာနေရာချထားရန်

ရည်ရွယ်ချက်များ

၁၂.၁။ မဟာဗျူဟာခေါင်းစဉ်တစ်ခုချင်းစီ အကောင်အထည်ဖော်ဆောင်ရွက်မှုကို အစီရင်ခံရန်နှင့် ခြုံငုံကွပ်ကဲရန် စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ရေးနှင့်စိစစ်သုံးသပ်ရေးအဖွဲ့ဖွဲ့စည်းခြင်း

၁၂.၂။ တိုင်ပင်ဆွေးနွေးမှုများမှတဆင့် ကဏ္ဍစုံမှ ပါဝင်ပတ်သတ်သူများထံမှ တုံ့ပြန်အကြံပြုချက်များရယူခြင်း

၁၂.၃။ မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေ အစီရင်ခံစာကိုကော်မရှင်မှပြန်လည်သုံးသပ်နိုင်ရန်တင်ပြခြင်းနှင့် မဟာဗျူဟာကို မွမ်းမံရန်အတွက်အကြံပြုချက်များ အဆိုတင်သွင်းခြင်း

၁၂.၄။ ရွေးကောက်ပွဲများဆိုင်ရာအချက်အလက်များ၊ အစီရင်ခံစာများနှင့် အသုံးပြုခဲ့သောပစ္စည်းများအားလုံးကို ပြည်သူများ အလွယ်တကူ ကြည့်ရှုနိုင်ရန်နှင့် ကော်မရှင်မှ နောင် ရွေးကောက်ပွဲစက်ဝန်းအတွက် မှီငြမ်း သုံးသပ် အစီအစဉ်ချမှတ်နိုင်ရန်အတွက် ကော်မရှင် ဝက်ဘ်ဆိုက်တွင် လွှင့်တင် ထားခြင်း

၁၂.၅။ ရွေးကောက်ပွဲနှောင်းပိုင်းပြန်လှန်သုံးသပ်ခြင်းပြုလုပ်ပြီး ၂၀၁၅ရွေးကောက်ပွဲမှ အတွေ့အကြုံသင်ခန်းစာများရယူရန်နှင့် ၂၀၁၆ - ၂၀၁၈ ခုနှစ်အတွက် မဟာဗျူဟာ စီမံကိန်းကို ပြုပြင်မွမ်းမံရေးဆွဲရန်

မဟာဗျူဟာအခန်း ၉ - ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များနှင့်ပါဝင်သည့် အချိုးအစားများကိုစိစစ်၍ ကဏ္ဍများခွဲ၍ထားရှိခြင်းဖြင့် အားလုံးပါဝင်မှုကိုသေချာစေခြင်း

တိုက်ရိုက်အကျိုးရလဒ်

- စောင့်ကြည့်ခြင်းနှင့်သုံးသပ်ခြင်းများလုပ်ဆောင်၍ ပုံမှန်အစီရင်ခံတင်ပြနိုင်ရန်နှင့်သုတေသနနှင့်မူဝါဒများဆန်းစစ်ရာတွင် အထောက်အကူ ဖြစ်စေရန်စောင့်ကြည့်ခြင်းနှင့်သုံးသပ်ခြင်းများဆိုင်ရာ အဖွဲ့ဖွဲ့စည်းခြင်း

ရေရှည်အကျိုးသက်ရောက်မှု

ဤပန်းတိုင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှယခုနှင့် နောင်တွင်တွေ့ကြုံ ရမည့်အခက်အခဲများကို ကြိုးကြပ်နိုင်ရန် ကော်မရှင်အနေဖြင့်မိမိကိုယ်ကိုပြန်လည်သုံးသပ်ခြင်းနှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်း ကိုအသုံးပြုရန်ဖြစ်သည်။



| မဟာဗျူဟာအခန်း ၁။ ဥပဒေရေးရာမူဘောင် | | | | | | |
|---|---|---|---|---|---|---|
| မဟာဗျူဟာပန်းတိုင် – ဥပဒေ၊နည်းဥပဒေများကိုပြန်လည်ဆန်းစစ်ခြင်း၊ ပြင်ဆင်ချက်များကိုအဆိုပြုတင်ပြခြင်းဖြင့် ဥပဒေမူဘောင်သည် နိုင်ငံတကာတာဝန်ခံယူမှုစံနှုန်းများကိုပြည့်မီကြောင်းသေချာစေရန်နှင့် ရွေးကောက်ပွဲစက်ဝန်းတစ်ပတ်တိုင်းအတွက် ပြင်ဆင်ချက်များကို ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနားလည်သဘောပေါက်စေရန် | | | | | | |
| စဉ် | လုပ်ငန်းစဉ် | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသောအညွှန်းများ | ပြီးစီးရမည့်အချိန်/ ပမာဏ |
| ၁.၁ | ရွေးကောက်ပွဲလုပ်ငန်းစဉ်များပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စေရန်ကျားမညီမျှရေးနှင့်မသန်စွမ်းသူများပါဝင်ရေး စသည့် ပတ်သက်ဆက်စပ်နေသော အကြောင်းအရာများကို ထည့်သွင်း စဉ်းစား၍ ဥပဒေ၊ နည်းဥပဒေများနှင့်လိုက်နာရန် ကျင့်ဝတ်များကို ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲခြင်း (မဟာဗျူဟာအခန်း ၇၊ ၉ ကိုကြည့်ရန်) | ၁.၁.၁ | ဥပဒေ၊နည်းဥပဒေများ ပြင်ဆင်ရေးဆွဲရေး ကော်မတီဖွဲ့စည်းခြင်း | ကော်မရှင် | ၁) ဖွဲ့စည်းပြီးသော ကော်မတီအရေအတွက် | ဇန်နဝါရီ ၂၀၁၄ |
| | | ၁.၁.၂ | ကော်မရှင်ဝန်ထမ်းများအား ကျား၊မညီမျှမှုရှိရေး၊ မသန်စွမ်းသူများ၊လူနည်းစု အခွင့်အရေး များနှင့်ဆက်နွယ်လျက် ရှိသောနိုင်ငံတကာ သဘောတူစာချုပ်များ နှင့် ပက်သက်ပြီး အသိပညာ ပေးခြင်း | ကော်မရှင်၊ အမျိုးသမီး မသန်စွမ်းသူများ ဆိုင်ရာအဖွဲ့ အစည်းများ၊ တိုင်းရင်းသား လူမျိုးစု အဖွဲ့များ | ၁) သင်တန်းအရေအတွက်<br>၂) သင်တန်းကျင်းပသည့်ရက် စုစုပေါင်း<br>၃) တက်ရောက်သောသင်တန်းသား ဦးရေ<br>၄) သင်တန်းတွင်အသုံးပြုသော နိုင်ငံတကာ သဘောတူညီချက်များနှင့် ကြေငြာ စာတမ်းအရေအတွက် | ဖေဖော်ဝါရီ - ဧပြီ ၂၀၁၄ |
| | | ၁.၁.၃ | သုံးသပ်ပြင်ဆင်ရေးဆွဲရေးနှင့်ပတ်သက်၍ လူမှုအဖွဲ့အစည်းများ၊ မသန်စွမ်းသူများ ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီ များနှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခြင်း | ပြင်ဆင် ရေးဆွဲရေး ကော်မတီ | ၁) ပြည်တွင်း/ပြည်ပလေ့လာအကဲခတ်သူ များနှင့်ကော်မရှင်အဖွဲ့ခွဲများ၏ အစီရင်ခံစာများ ကိုသုံးသပ်မှုပြုသည့်အကြိမ်ပေါင်း<br>၂) နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ လေ့လာအကဲခတ်သူများနှင့် ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေး အရေအတွက်<br>၃။ ဥပဒေမူဘောင်များပြင်ဆင်ရန် အကြံပြုချက် အရေအတွက် | ဖေဖော်ဝါရီ - ဧပြီ ၂၀၁၄ |
| | | ၁.၁.၄ | ကျင့်ဂတ်များရေးဆွဲချမှတ်ရေးအတွက် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်း များနှင့် ညှိနှိုင်းဆွေးနွေးခြင်း | ကော်မရှင်၊ လူမှု အဖွဲ့အစည်း၊ နိုင်ငံရေး ပါတီများ | ၁) ကျင့်ဝတ်များရေးဆွဲချမှတ်နိုင်ရေးအတွက် ကော်မရှင်က ပံ့ပိုးဆောင်ရွက်ပေးသည့် အကြိမ်အရေတွက်<br>၂) သဘောတူရေးထိုးသည့်ကျင့်ဝတ် အရေအတွက် | ဖေဖော်ဝါရီ - မေ ၂၀၁၄ ကျင့်ဝတ် (၂) ခု |
| | | ၁.၁.၅ | ဥပဒေ၊ နည်းဥပဒေများကို ပြန်လည် သုံးသပ်ပြင်ဆင်ခြင်း | ပြင်ဆင် ရေးဆွဲရေး ကော်မတီ | ၁) သုံးသပ်ညှိနှိုင်းအစည်းအဝေးအရေအတွက်<br>၂) မွမ်းမံပြင်ဆင်သော ဥပဒေ၊ နည်းဥပဒေ အရေအတွက် | ဖေဖော်ဝါရီ - ဧပြီ ၂၀၁၄ ဥပဒေ (၅)ခု၊ နည်းဥပဒေ (၄)ခု |

| | | | | | | |
|---|---|---|---|---|---|---|
| | | ၁.၁.၆ | မွမ်းမံပြင်ဆင်ရန်အချက်များကို လွှတ်တော်မှ စဉ်းစားနိုင်ရန် တင်ပြခြင်း | ကော်မရှင် | ၁) လွှတ်တော်သို့တင်သွင်းသော ပြင်ဆင်ရန် အချက်အရေအတွက်<br>၂) လွှတ်တော်မှသဘောတူအတည်ပြုသော ပြင်ဆင်ချက်အရေအတွက် | မေ ၂၀၁၄ |
| | | ၁.၁.၇ | ပြဋ္ဌာန်းပြီးသော ဥပဒေ၊နည်းဥပဒေ များပုံနှိပ်ခြင်း၊ ဝက်ဘ်ဆိုက်ပေါ်တွင် လွှင့်တင်ထားခြင်းနှင့် ဖြန့်ဝေခြင်း | ပြင်ဆင် ရေးဆွဲရေး ကော်မတီ | ၁) ပုံနှိပ်ပြီးသောဥပဒေနည်းဥပဒေ စာအုပ် အရေအတွက်<br>၂) ဖြန့်ဝေပြီးသော ဥပဒေ၊ နည်း ဥပဒေ စာအုပ် အရေအတွက်<br>၃) ဥပဒေ၊ နည်းဥပဒေများအားလုံး အင်တာနက် မှ တဆင့် အလွယ်တကူရယူနိုင်ခြင်း | လွှတ်တော်မှ အတည်ပြုပြီး (၃)လအတွင်း ဥပဒေ/ နည်းဥပဒေ စာအုပ် တစ်မျိုးလျှင် အုပ်(၅၀၀၀)စီ |
| | | ၁.၁.၈ | ပြဋ္ဌာန်းပြီးသော ဥပဒေ၊ နည်းဥပဒေ များကို တိုင်းရင်းသားဘာသာဖြင့် ပြန်ဆို ပုံနှိပ် ဖြန့်ဝေခြင်း | ပြင်ဆင်ရေး ဆွဲရေး ကော်မတီ၊ ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ များ နှင့် တိုင်းရင်းသား ယဉ်ကျေးမှု အဖွဲ့များ | ၁) ဘာသာပြန်ပြီးသော ဥပဒေ၊နည်းဥပဒေ စာအုပ်အရေအတွက်<br>၂) ဘာသာပြန်ဆိုသည့် တိုင်းရင်းသားဘာသာ စကား အရေအတွက်<br>၃) တိုင်းရင်းသားဘာသာဖြင့် ပုံနှိပ်ဖြန့်ဝေ ပြီးသော ဥပဒေ၊နည်းဥပဒေစာအုပ် အရေအတွက် | လွှတ်တော်မှ အတည်ပြုပြီး (၄)လအတွင်း တိုင်းရင်းသား ဘာသာ(၇)မျိုး၊ စုစုပေါင်းအုပ်ရေ (၃၀၀၀၀) |
| ၁.၂ | ရွေးကောက်ပွဲဥပဒေဆိုင်ရာ မူဘောင် နှင့်ရွေးကောက်ပွဲနေ့ လုပ်ငန်းစဉ်များအားကောင်း လာစေရန် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ ပြင်ဆင် ရေးဆွဲခြင်း | ၁.၂.၁ | မွမ်းမံပြင်ဆင်ပြီးသောဥပဒေ၊ နည်းဥပဒေ များကို အခြေခံ၍ ကော်မရှင်ခွဲအဖွဲ့ခွဲ များ၏အကြံဉာဏ်များ ရယူပြီးလုပ်ငန်း လမ်းညွှန်များရေးဆွဲအတည်ပြုခြင်း | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ များ | ၁) ကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများ တိုင်ပင်ဆွေးနွေး သောအကြိမ် အရေအတွက်<br>၂) ပြင်ဆင်ရေးဆွဲအတည်ပြုပြီးသော လုပ်ငန်း လမ်းညွှန် အရေအတွက် | မေ - ဇွန် ၂၀၁၄ လုပ်ငန်း လမ်းညွှန် (၅) ခု |
| | | ၁.၂.၂ | အတည်ပြုပြီးသော လုပ်ငန်းလမ်းညွှန်များ ပုံနှိပ်ဖြန့်ဝေခြင်း | ကော်မရှင် | ၁) ပုံနှိပ်ဖြန့်ဝေသည့်လုပ်ငန်းလမ်းညွှန် အရေအတွက်<br>၂) ပုံနှိပ်ဖြန့်ဝေသောအုပ်ရေ | ဇူလိုင် - စက်တင်ဘာ ၂၀၁၄ လုပ်ငန်း လမ်းညွှန် စာအုပ် တစ်မျိုးလျှင် အုပ်(၅၀၀၀၀) |

| | | | | | | |
|---|---|---|---|---|---|---|
| ၁.၃ | ပွင့်လင်းမြင်သာမှုရှိပြီး အားလုံးနားလည်လက်လှမ်းမီသော မှုဘောင်တစ်ခုဖြစ်ပေါ်လာစေရန် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် စာစောင်များကိုတိုင်းရင်းသား ဘာသာစကားဖြင့် ပြန်ဆိုပုံနှိပ်ထုတ်ဝေခြင်း၊ ဝက်ဘ်ဆိုက်ပေါ်တွင်လွှင့်တင်ခြင်း<br>(မဟာဗျူဟာအခန်း ၇၊ ၈၊ ၉ ကိုကြည့်ရန်) | ၁.၃.၁ | သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲအလိုက် တိုင်းရင်းသား ဘာသာပြန်ဆိုရန် တာဝန် ပေးအပ်၍ ဘာသာပြန်ဆိုခြင်း | ကော်မရှင် အဖွဲ့ခွဲများ၊ ဒေသဆိုင်ရာ လူမှုအဖွဲ့အစည်း များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ | ၁) ဘာသာပြန်ပြီးသောလုပ်ငန်းလမ်းညွှန်၊ ညွှန်ကြားချက်များနှင့် စာစောင်များအရေအတွက်<br>၂) ဘာသာပြန်ဆိုသည့် တိုင်းရင်းသားဘာသာ စကားအရေအတွက် | မေ - ဇူလိုင် ၂၀၁၄ |
| | | ၁.၃.၂ | တိုင်းရင်းသားဘာသာများသို့ပြန်ဆိုပြီးသော လမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် စာစောင်များကို ပုံနှိပ်ထုတ်ဝေခြင်းနှင့် အင်တာနက်ပေါ်တွင်လွှင့်တင်ခြင်း | ကော်မရှင်၊ တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင် အဖွဲ့ခွဲများ၊ ပြင်ပဆက်ဆံရေး ဌာန | ၁) တိုင်းရင်းသားဘာသာများသို့ပြန်ဆိုပြီး ပုံနှိပ်ကာသက်ဆိုင်ရာဒေသများသို့ဖြန့်ဝေပြီးသော လမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြား ချက်များနှင့် စာစောင်များ အရေအတွက်<br>၂) ဝက်ဘ်ဆိုက် ပေါ်မှ ကူးယူ (Download)သည့် အရေအတွက် | ဇူလိုင် - စက်တင်ဘာ ၂၀၁၄ တိုင်းရင်းသား ဘာသာစကား (၇)မျိုးဖြင့် လုပ်ငန်း လမ်းညွှန်စာအုပ် အုပ်(၅၀၀၀၀) |
| ၁.၄ | ရွေးကောက်ပွဲနှောင်းပိုင်းလေ့လာဆန်းစစ်ခြင်းလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဥပဒေ၊ နည်းဥပဒေများကို ပြန်လည်ဆန်းစစ်ခြင်း<br>(မဟာဗျူဟာအခန်း ၁၂ ကိုကြည့်ရန်) | ၁.၄.၁ | ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့်တွေ့ဆုံ ညှိနှိုင်းခြင်းနှင့် ၂၀၁၅ ရွေးကောက်ပွဲမှ ရရှိသော စောင့်ကြည့်လေ့လာသူများ၏ အစီရင်ခံစာ များကို ပြန်လည်သုံးသပ်ခြင်း | ကော်မရှင်၊ နိုင်ငံရေး ပါတီများ၊ လူမှုအဖွဲ့ အစည်းများ | ၁) တွေ့ဆုံညှိနှိုင်းဆွေးနွေးမှု အကြိမ်ပေါင်း<br>၂)<br>လေ့လာအကဲခတ်သူများ၏ အစီရင်ခံစာများကို ပြန်လည်သုံးသပ်သည့် အရေအတွက်<br>၃) ဥပဒေရေးရာမူဘောင်တွင် ပြန်လည်ပြင်ဆင် ရန်အတွက် အကြံပြုချက်အရေအတွက် | ဇန်နဝါရီ - ဒီဇင်ဘာ ၂၀၁၆ |

## မဟာဗျူဟာအခန်း ၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံ

မဟာဗျူဟာပန်းတိုင် –ဒေသဆိုင်ရာရုံးများနှင့် ဒေသဆိုင်ရာ ဝန်ထမ်းများခန့်ထားခြင်းအားဖြင့်ကျက်အုပ်ချုပ်ခြင်း၊ ဗဟိုကော်မရှင်ရုံးဖွဲ့စည်းပုံကို ပြန်လည်ဖွဲ့စည်းခြင်းဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမှီအခိုကင်းစွာရပ်တည်မှုနှင့် လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်စေရန်

| စဉ် | လုပ်ငန်းစဉ် | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသောအညွှန်းများ | ပြီးစီးရမည့်အချိန် /ပမာဏ |
|---|---|---|---|---|---|---|
| ၂.၁ | ကော်မရှင်၏လုပ်ငန်းစွမ်းဆောင်ရည်နှင့်ထိရောက်မှုတိုးမြှင့်ရန် နေပြည်တော်ရှိ ဗဟိုကော်မရှင်ရုံးကို ဖွဲ့စည်းပုံကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း | ၂.၁.၁ | ဌာနအလိုက် ပြီးစီးဆောင်ရွက်ရမည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ရရှိနိုင်မည့်လူ့စွမ်းအားအရင်းအမြစ်ပေါ်မူတည်၍ ဌာန၊ ဌာနခွဲများ၏လုပ်ငန်းပမာဏကို ဆန်းစစ်ပြီး လိုအပ်ပါက ဌာန၊ ဌာနခွဲများ ထူထောင်ခြင်း(ဥပမာ – ICT ဌာန / ပြင်ပ ဆက်ဆံရေး၊ သင်တန်း၊ မဲဆန္ဒရှင်ပညာပေးခြင်းနှင့်မဲစာရင်းသွင်းခြင်း ဌာနများ ) | ညွှန်ချုပ်<br>ဒုညွှန်ချုပ်<br>ညွှန်မှူးများ | ၁) ပြန်လည်သုံးသပ်ပြီးသည့်ဌာန၊ ဌာနခွဲများ အရေအတွက် | မတ် ၂၀၁၄ |
| | | ၂.၁.၂ | ကျား/မညီမျှရေး၊ မသန်စွမ်းသူများပါဝင်စေနိုင်ရေးကို ထည့်သွင်းစဉ်းစား၍ ဖွဲ့စည်းပုံပြင်ဆင်ခြင်းလုပ်ငန်းစဉ်ကို ရေးဆွဲခြင်း | ညွှန်ချုပ်<br>ဒုညွှန်ချုပ်<br>ညွှန်မှူးများ | ၁) ထပ်မံဖြည့်ဆည်းသည့်ဌာနသစ်များပါဝင်သော ပြန်လည်ပြင်ဆင်ရေးဆွဲထားသည့်ဖွဲ့စည်းပုံ ရေးဆွဲပြီး | ဇွန် ၂၀၁၄ |
| ၂.၂ | တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအတွက် ဝန်ထမ်းများ ထပ်မံခန့်အပ်ခြင်းဖြင့် ကော်မရှင်၏ဖွဲ့စည်းပုံကို ချဲ့ထွင် အားကောင်းစေခြင်း (မဟာဗျူဟာအခန်း ၃၊ ၉ ကိုကြည့်ရန်) | ၂.၂.၁ | တိုင်းဒေသကြီး/ပြည်နယ်နှင့်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းများ စိစစ်ရွေးချယ်ခန့်အပ်ခြင်း | ကော်မရှင်၊<br>ကော်မရှင်<br>အဖွဲ့ခွဲများ | ၁) ခန့်အပ်တာဝန်ပေးပြီးသည့် ဝန်ထမ်း အရေအတွက် | မတ် ၂၀၁၄<br>တိုင်းဒေသကြီး (၇)ခု၊<br>ပြည်နယ်(၇)ခု၊<br>ခရိုင်(၇၃)ခု |
| | | ၂.၂.၂ | မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ အတွက် ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းများ စိစစ်ရွေးချယ်ခန့်အပ်ခြင်း | ကော်မရှင်၊<br>ကော်မရှင်<br>အဖွဲ့ခွဲများ | ၁) ခန့်အပ်တာဝန်ပေးပြီးသည့် ဝန်ထမ်း အရေအတွက် | ၂၀၁၄<br>ဒီဇင်ဘာ<br>မြို့နယ်<br>(၃၃၀) |
| ၂.၃ | တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ရုံးအသုံးအဆောင်ပစ္စည်းများ ဖြည့်တင်းပေးခြင်း (မဟာဗျူဟာအခန်း ၆ ကိုကြည့်ရန်) | ၂.၃.၁ | တိုင်းဒေသကြီး/ပြည်နယ်နှင့်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ အတွက် လိုအပ်သောရုံးအသုံးအဆောင်များဖြည့်တင်းနိုင်ရန် လိုအပ်သော ဘတ်ဂျက်ကို တွက်ချက် လျာထားခြင်း | ကော်မရှင်၊<br>ကော်မရှင်<br>အဖွဲ့ခွဲများ | ၁) လိုအပ်သည့် ရုံးအသုံးအဆောင်အမျိုးအစားနှင့်အရေအတွက် | မတ် ၂၀၁၅<br>တိုင်းဒေသကြီး (၇)ခု၊<br>ပြည်နယ်(၇)ခု၊<br>ခရိုင်(၇၃)ခု |

| | | | | | | |
|---|---|---|---|---|---|---|
| | | ၂.၃.၂ | တိုင်းဒေသကြီး/ပြည်နယ်နှင့်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ရုံးအသုံးအဆောင်များဖြည့်ဆည်း ပေးခြင်း | ကော်မရှင် | ၁) ဖြည့်ဆည်းပေးပြီးသည့် ကော်မရှင်အဖွဲ့ခွဲရုံး အရေအတွက် | ဇွန် ၂၀၁၅ |
| | | ၂.၃.၂ | မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများအတွက် လိုအပ်သော ရုံးအသုံးအဆောင်များ အတွက်လိုအပ်သော ဘတ်ဂျက်ကို တွက်ချက် လျာထားခြင်း | ကော်မရှင်၊ ကော်မရှင် အဖွဲ့ခွဲများ | ၁) လိုအပ်သည့် ရုံးအသုံးအဆောင်အမျိုးအစား နှင့်အရေအတွက် | ဘဏ္ဍာရေးနှစ်၏ ဘတ်ဂျတ် ခွဲဝေချထားမှု အရ မြို့နယ်(၃၃၀) |
| | | ၂.၃.၄ | မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးအသုံးအဆောင် များဖြည့်ဆည်းပေးခြင်း | ကော်မရှင် | ၁) ဖြည့်ဆည်းပေးပြီးသည့်ကော်မရှင်အဖွဲ့ခွဲ ရုံးအရေအတွက် | ဘဏ္ဍာရေးနှစ်၏ ဘတ်ဂျတ် ခွဲဝေချထားမှု အရ |
| ၂.၄ | ကော်မရှင်၏ အမှီအခိုကင်းစွာရပ်တည်နိုင်မှုကို အားပေး မြှင့်တင်ရန်ကော်မရှင်အဖွဲ့ခွဲများအတွက် ရုံးအဆောက်အအုံများဆောက်လုပ်ပေးခြင်း | ၂.၄.၁ | ကော်မရှင်အဖွဲ့ခွဲများ၏ လျာထားရုံး အဆောက်အဦများအတွက် ဘဏ္ဍာငွေ တွက်ချက်တောင်းခံခြင်း | ကော်မရှင် | ၁) လျာထားခွင့်ပြုသည့်ဘဏ္ဍာငွေပမာဏ | ဘဏ္ဍာရေးနှစ်၏ ဘတ်ဂျတ် ခွဲဝေချထားမှု အရ |
| | | ၂.၄.၂ | ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် အတွက် ရုံးအဆောက်အအုံများ ဆောက်လုပ်ပေးခြင်း | ကော်မရှင် | ၂) ဆောက်လုပ်ပြီးသည့် ရုံးအဆောက်အအုံ အရေအတွက် | ဘဏ္ဍာရေးနှစ်၏ ဘတ်ဂျတ် ခွဲဝေချထားမှု အရ |

| မဟာဗျူဟာအခန်း ၃။ လူ့စွမ်းအားအရင်းအမြစ်များနှင့် ကျွမ်းကျင်မှုစွမ်းရည် ပျိုးထောင်တည်ဆောက်ခြင်း | | | | | | |
|---|---|---|---|---|---|---|
| မဟာဗျူဟာပန်းတိုင် –လက်ရှိနှင့် နောင်အနာဂတ်တွင်ကြုံတွေ့ရမည့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန်နှင့် နောင်လာမည့်ရွေးကောက်ပွဲစက်ဝန်းအတွက် ကော်မရှင်၏စွမ်းဆောင်ရည်အားကောင်းစေရန်၊ ကော်မရှင်ဝန်ထမ်းများအတွက် ကျွမ်းကျင်မှုများပျိုးထောင်ပေးခြင်းလုပ်ငန်းများဆောင်ရွက်ရန်နှင့် ကော်မရှင်ကိုဖွဲ့စည်းခိုင်မာအားကောင်းစေရန် | | | | | | |
| စဉ် | လုပ်ငန်းစဉ် | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသောအညွှန်းများ | ပြီးစီးရမည့်အချိန် /ပမာဏ |
| ၃.၁ | ကော်မရှင်ဝန်ထမ်းများစွမ်းဆောင်ရည် အားကောင်းစေရန် ဝန်ထမ်းတိုးချဲ့ခန့်အပ်ခြင်းနှင့် ရာထူးတိုးမြှင့်ရေးမူဝါဒများ ချမှတ်ခြင်း – အဆိုပါ မူဝါဒများသည်ကျားမညီ မျှရေး၊ မသန်စွမ်းသူများနှင့်တိုင်း ရင်းသားလူနည်းစုများ ပါဝင်ရေးကို လေးစားလိုက်နာခြင်း (မဟာဗျူဟာအခန်း ၂၊ ၉ ကိုကြည့်ရန်) | ၃.၁.၁ | ဝန်ထမ်းအားလုံး၏ရာထူး၊ တက်ရောက်ပြီးသောသင်တန်းစသည့်အချက်အလက်များကို စာရင်းပြုစုနိုင်ရန်စီမံအုပ်ချုပ်ရေးပိုင်း၏စွမ်းဆောင်ရည်ကို တိုးမြှင့်ခြင်း | ကော်မရှင်၊ စီမံဌာန၊ ICT ဌာန၊ သင်တန်းယူနစ် | ၁) လူ့စွမ်းအားအရင်းအမြစ်ယူနစ်တစ်ခုကို အုပ်ချုပ်ရေးနှင့်စီမံအုပ်ချုပ်ရေးဌာန အောက်တွင် ဖွဲ့စည်းခြင်း<br>၂) ကော်မရှင်ဝန်ထမ်းရာထူးအဆင့်ဆင့် အားလုံး၏အချက်အလက်နှင့်ဆက်သွယ်ရမည့် လိပ်စာများကိုကျား၊ မ ခွဲခြားစနစ်တကျ ပြုစုပြီးစီးခြင်း | မတ် - ဒီဇင်ဘာ ၂၀၁၄ |
| | | ၃.၁.၂ | ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် အရည်အချင်းပြည့်စုံပြီး နောက်ခံမတူ ကွဲပြားသည့်ဝန်ထမ်းသစ်များ ခန့်အပ်နိုင် ရန်နှင့်ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲများမှ အရည်အချင်း ပြည့်မီသည့် ဝန်ထမ်းများကိုရာထူးတိုးမြှင့်နိုင်ရန်ဝန်ထမ်းခန့်အပ်ခြင်းနှင့်ရာထူးတိုးမြှင့်ရေးမူဝါဒများကျင့်သုံးခြင်း | ကော်မရှင်၊ စီမံဌာန | ၁) ရာထူးတိုးမြှင့်ခန့်ထားခံရသည့် (ကျား၊ မ ခွဲ၍စာရင်းပြုထားသော)ဝန်ထမ်း အရေအတွက်<br>၂) ရာထူးတိုးမြှင့်ခန့်ထားသည့် မူဝါဒချမှတ်ကျင့်သုံးပြီးစီးခြင်း | မတ် - ဧပြီ ၂၀၁၄ |
| | | ၃.၁.၃ | ဝန်ထမ်းတိုးချဲ့ခန့်ထားခြင်းမူဝါဒအရ အရည်အချင်းနှင့်ကျွမ်းကျင်မှုကို အခြေခံ၍ ဝန်ထမ်းများကို ဖွဲ့စည်းပုံပါအတိုင်း ခန့်ထားခြင်း | ကော်မရှင်၊ စီမံဌာန | ၁) ခန့်အပ်ပြီးဝန်ထမ်းအရေအတွက် နှင့် မတူကွဲပြားသည့်နောက်ခံနှင့် ကျား၊ မ ညီမျှမှု အနည်းဆုံး၂၀% တိုးတက်လာခြင်း | မတ် ၂၀၁၄ မှ နိုဝင်ဘာ ၂၀၁၅ |
| ၃.၂ | ရွေးကောက်ပွဲများကျင်းပရာတွင် ထိရောက်စွာ ကူညီထောက်ပံ့နိုင်ရန် အတွက်ဝန်ထမ်းတိုးချဲ့ခန့်ထားခြင်း၊ တွဲဖက်တာဝန်ပေးခြင်းဖြင့် မတူကွဲပြားသည့် ကော်မရှင်ဝန်ထမ်း အရေအတွက်နှင့် အရည်အချင်းကိုတိုးမြှင့်ခြင်း | ၃.၂.၁ | ရွေးကောက်ပွဲကာလတွင်ရွေးကောက်ပွဲကော်မရှင်ရုံးနှင့်ကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တွင်ယာယီဝန်ထမ်းများ ခန့်အပ်ခြင်း | ကော်မရှင် နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် | ၁) ယာယီဝန်ထမ်း အရေအတွက် အပြည့် ခန့်အပ်ပြီး<br>၂) အနည်းဆုံ ၃၀ % ခန့်ထားသည့် အမျိုးသမီးနှင့်တိုင်းရင်းသားလူနည်းစု ဝန်ထမ်းများ အရေအတွက် | မေ ၂၀၁၅ (၁၀၀%) |

| | | | | | | |
|---|---|---|---|---|---|---|
| | | ၃.၂.၂ | မဲဆန္ဒရှင်ပညာပေးခြင်း၊ သင်တန်းပေးခြင်း နှင့် မဲရုံဝန်ထမ်းအဖြစ် တာဝန်ပေးရန်အတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများမှဝန်ထမ်းများအား တွဲဖက်တာဝန်ပေး ခန့်ထားခြင်း (ဥပမာ –ပညာရေးဝန် ကြီးဌာန) | ကော်မရှင်၊ ဝန်ကြီးဌာနများ၊ စီမံဌာန | ၁) တွဲဖက်တာဝန်ပေးအပ်ခံရသည့် အခြားအစိုးရဌာနများမှဂန်ထမ်း အရေအတွက်<br>၂) တွဲဖက်တာဝန်ပေးအပ်ရန်ဝန်ထမ်းများ ပေးသည့်အစိုးရဌာနအရေအတွက် | ဇူလိုင် ၂၀၁၄ မှ နိုဝင်ဘာ ၂၀၁၅ အတွင်း လိုအပ်ချက် အလိုက် (၁၀၀%) |
| ၃.၃ | သင်တန်းရေးရာလုပ်ငန်းများ အားလုံးကို ညှိနှိုင်း ဆောင်ရွက်ရေးအတွက်တာဝန်ယူမည့် (ကော်မရှင်ဖွဲ့စည်းပုံသစ်၏ အစိတ်အပိုင်းတစ်ခုအဖြစ်) သင်တန်း ယူနစ်တစ်ခုကို ဖွဲ့စည်းခြင်း (မဟာဗျူဟာအခန်း ၂ ကိုကြည့်ရန်) | ၃.၃.၁ | သင်တန်းယူနစ်အတွက်ဝန်ထမ်း အနည်းဆုံး ၃ ဦးမှ ၅ဦး ခန့်အပ်၍ သင်တန်းခန်းမတွင် နေရာချထား ဦးစီးစေခြင်း၊ သင်တန်းဆိုင်ရာဗျူဟာနှင့် အသုံးစရိတ်ရေးဆွဲခြင်း၊ BRIDGE နည်းစနစ်ကိုအသုံးပြု၍ သင်ရိုးညွှန်းတမ်း များနှင့်သင်ထောက်ကူပစ္စည်းများ ရေးဆွဲခြင်း | ကော်မရှင်၊ သင်တန်း ယူနစ် | ၁) သင်တန်းယူနစ် ဖွဲ့စည်းပြီးခြင်းနှင့် လုံလောက်သော ဝန်ထမ်းများ ခန့်အပ်ထားပြီးခြင်း<br>၂) သင်တန်းဗျူဟာခွင့်ပြုချက်ရခြင်း<br>၃) လိုအပ်သည့်အသုံးစရိတ်ခွင့်ပြုချက် ရခြင်း<br>၄) ရေးဆွဲရမည့်သင်ရိုးညွှန်းတမ်း ခေါင်းစဉ် စာရင်းပြုစုပြီးခြင်း<br>၅) သင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲများစာရင်း၊ တက်ရောက်သည့်ဦးရေနှင့် ဆန်းစစ်လွှာ မှတ်တမ်းစာအုပ် | မတ် - ဧပြီ ၂၀၁၅ |
| ၃.၄ | ကော်မရှင်မှဝန်ထမ်းဟောင်းများနှင့် ဝန်ထမ်းအသစ်များကို ၎င်းတို့၏တာဝန်များပြည့်မီစွာစွမ်းဆောင်နိုင်ရန် သင်တန်း ပေးခြင်းဖြင့် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း | ၃.၄.၁ | ကော်မရှင်ဝန်ထမ်းအဆင့်ဆင့်အတွက် ဌာနတွင်းအလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများ ပြုလုပ်နိုင်ရန် သင်ခန်းစာ များ ရေးဆွဲခြင်း - ဝန်ထမ်းသစ်များ အတွက် လုပ်ငန်းဝင်သင်တန်းများ၊ ဌာနအလိုက်နှင့် ဒေသအသီးသီးအတွက် အထူးသင်တန်းများ) | ကော်မရှင်၊ သင်တန်း ယူနစ် | ၁) သင်တန်းတက်ရောက်ရန် ရွေးချယ် ခံရသည့်ဝန်ထမ်းအရေအတွက်<br>၂) ရေးဆွဲသည့်သင်ခန်းစာ အရေအတွက်<br>၃) ကျင်းပခဲ့သည့်သင်တန်းအရေအတွက် | မေ ၂၀၁၄ မှ နိုဝင်ဘာ ၂၀၁၅ |
| | | ၃.၄.၂ | တက်ရောက်သည့်သင်တန်းသား အရေအတွက်နှင့် သင်တန်းဆန်းစစ်လွှာ များကို မှတ်တမ်းတင်ခြင်း | ကော်မရှင် နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် | ၁) အလုပ်ရုံဆွေးနွေးပွဲ/သင်တန်း အရေအတွက်<br>၂) တက်ရောက်သည့်ဦးရေ<br>၃) သင်တန်းဆန်းစစ်လွှာများမှတ်တမ်း | ၂၀၁၄-၂၀၁၈ |
| | | ၃.၄.၃ | ဌာနဆိုင်ရာမှလျာထားတွဲဖက်ဝန်ထမ်း များအားရွေးကောက်ပွဲဆိုင်ရာ သင်တန်းများပေးခြင်း | ကော်မရှင် နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် | ၁) ကျင်းပသည့်သင်တန်း အရေအတွက် | စက်တင်ဘာ - နိုဝင်ဘာ ၂၀၁၅ |

| | | | | | | |
|---|---|---|---|---|---|---|
| ၃.၅ | ကျန်ရှိနေသော ကော်မရှင်ဝန်ထမ်းများကို ရွေးချယ်တာဝန် ပေးအပ်ခြင်းနှင့် သင်တန်းပေးခြင်း | ၃.၅.၁ | တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၏ဝန်ထမ်းများခန့်အပ် တာဝန်ပေးခြင်း | ကော်မရှင် | ၁) တာဝန်ပေးအပ်ခံရသည့် ကော်မရှင် ဝန်ထမ်းဦးရေ | ဇွန် - ဇူလိုင် ၂၀၁၅ (၁၀၀%) |
| | | ၃.၅.၂ | ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများ၏ လစ်လပ်နေရာများတွင် ဝန်ထမ်းများ ခန့်အပ်တာဝန် ပေးအပ်ခြင်း | တိုင်းဒေသ ကြီးပြည်နယ်/ ကော်မရှင် အဖွဲ့ခွဲများ | ၁) တာဝန်ပေးအပ်ခံရသည့် ကော်မရှင် ဝန်ထမ်းဦးရေ | ဩဂုတ် - စက်တင်ဘာ ၂၀၁၅ (၁၀၀%) |
| | | ၃.၅.၃ | ဥပဒေများ၊ စည်းမျဉ်းများနှင့်လုပ်ထုံး လုပ်နည်းများကို သင်ကြားပေးရန် နားလည် လွယ်သည့်သင်ခန်းစာများ၊ ထိရောက်စွာ ပြန်လည်ဆန်းစစ်နိုင်သည့် စနစ်များပါသည့် သင်တန်းဗျူဟာကို ရေးဆွဲခြင်း | ကော်မရှင် | ၁) သင်တန်းဗျူဟာခွင့်ပြုချက်<br>၂) သင်ခန်းစာများရေးဆွဲပြီး အုပ်ရေ ၂၀၀၀ နှင့် အထက် ပုံနှိပ်ခြင်း<br>၃) သင်တန်းခေါင်းဆောင်များက နိုင်ငံနှင့်အဝှမ်း ဆင့်ပွားသင်တန်းပေးနေမှုများကို စဉ်ဆက် မပြတ် ကြီးကြပ်ဆန်းစစ် တင်ပြလာသော အစီရင်ခံစာများ | မတ် - မေ ၂၀၁၅ |
| | | ၃.၅.၄ | တိုင်းပြည်နယ်၊ခရိုင်၊မြို့နယ် နှင့်ကျေးရွာ အဆင့်ဆင့်ရှိ ကော်မရှင်ဝန်ထမ်းများအား ဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံး လုပ်နည်းများနှင့်လုပ်ငန်း အကောင်အထည် ဖော်ခြင်းဆိုင်ရာများကို ဆင့်ပွားသင်တန်းများပေးခြင်း | တိုင်းဒေသကြီး/ ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ များ | ၁) သင်တန်းအရေအတွက်<br>၂) သင်တန်းတက်ရောက်သူ အရေအတွက်<br>၃) သင်တန်းပေးခဲ့သည့် နေရာဒေသများ (အနည်းဆုံး ၈၀%) | ဇွန် – ဩဂုတ် ၂၀၁၅ |
| ၃.၆ | မဲရုံဝန်ထမ်းများအတွက် ဆင့်ပွားသင်တန်းပေးခြင်းဗျူဟာ၊ သင်တန်းဆရာလက်စွဲစာအုပ်၊ သင်ကြားနည်းစနစ် ရေးဆွဲခြင်း | ၃.၆.၁ | မဲရုံဝန်ထမ်းများအတွက်ဆင့်ပွားသင်တန်း ပေးခြင်းဗျူဟာရေးဆွဲခြင်းနှင့် နားလည်သဘော ပေါက်လွယ်သည့် လုပ်ထုံးလုပ်နည်းများ၊ ရုပ်ပုံများ၊ပုံစံများ ပါသည့် သင်တန်းဆရာလက်စွဲစာအုပ် ရေးဆွဲပုံနှိပ်ခြင်း | ကော်မရှင် သင်တန်း ယူနစ် | ၁) သင်တန်းပေးခြင်းဗျူဟာ ခွင့်ပြုချက်ရရှိပြီး<br>၂) သင်တန်းဆရာလက်စွဲစာအုပ် ရေးဆွဲ ပြီး အုပ် ၁၀၀၀၀ နှင့်အထက်ကို ပုံနှိပ်ပြီးခြင်း<br>၃) သင်တန်းအပေါ် ဆန်းစစ်သုံးသပ်ချက်များ | မေ - ဩဂုတ် ၂၀၁၅ |
| | | ၃.၆.၂ | မဲရုံဝန်ထမ်းများစုဆောင်းခြင်း၊ မဲရုံဝန်ထမ်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ခြင်း | မြို့နယ် ကော်မရှင် အဖွဲ့ခွဲများ | ၁) စုဆောင်းတာဝန်ပေးအပ် ခန့်ထားပြီး | စက်တင်ဘာ ၂၀၁၅ လိုအပ်သည့် စုစုပေါင်းမဲရုံ ဝန်ထမ်း အရေအတွက် |

| | | | | | | |
|---|---|---|---|---|---|---|
| | | ၃.၆.၃ | သင်ကြားရေးပစ္စည်းများဖြန့်ဝေ၍ သင်တန်းများ သင်ကြားစေခြင်း | ကော်မရှင် သင်တန်းယူနစ်၊ မြို့နယ် ကော်မရှင် အဖွဲ့ခွဲများ | ၁) သင်တန်းဆရာလက်စွဲစာအုပ်များကို မြို့နယ်အဆင့်များသို့ဖြန့်ဝေပြီး<br>၂) သင်တန်းပေးပြီးသည့် မဲရုံဝန်ထမ်း သင်တန်းသားအရေအ တွက် | စက်တင်ဘာ - နိုဝင်ဘာ ၂၀၁၅ |
| ၃.၇ | လုံခြုံရေးအဖွဲ့အစည်းများ၊နိုင်ငံရေးပါတီများ၊ စောင့်ကြည့်လေ့လာသူများနှင့် အခြားပါဝင်ဝင်ပတ်သက်သူများအား ၎င်းတို့၏အခန်းကဏ္ဍ နှင့်တာဝန်များအကြောင်း၊ ပဋိပက္ခ ကာကွယ်ခြင်းဆိုင်ရာများကို ရှင်းလင်းဖြေကြားခြင်း (မဟာဗျူဟာအခန်း ၆ ကိုကြည့်ရန်) | ၃.၇.၁ | လုံခြုံရေးတာဝန်ရှိသူများ ၊ နိုင်ငံရေးပါတီများ၊ စောင့်ကြည့် လေ့လာသူများနှင့် အခြားပါဝင်ပတ်သက် သူများအားရှင်းလင်း ဖြေကြားခြင်း | ကော်မရှင် | ၁) ရှင်းလင်းဆွေးနွေးသည့်ဦးရေ | အောက်တိုဘာ ၂၀၁၅ |
| ၃.၈ | ကော်မရှင်၏စွမ်းရည်နှင့် သင်တန်းဗျူဟာများကို ရွေးကောက်ပွဲ နှောင်းပိုင်းတွင် ဆန်းစစ်ခြင်း (မဟာဗျူဟာအခန်း ၁၂ ကိုကြည့်ရန်) | ၃.၈.၁ | စောင့်ကြည့်လေ့လာသူများ၏ အစီရင်ခံစာများကို သုံးသပ်ခြင်း၊ နောင်လာမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွက် ထောက်ခံ အကြံပြုချက်များကို စောင့်ကြည့်လေ့လာသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း | ကော်မရှင်၊ ပြည်တွင်းနှင့် နိုင်ငံတကာ မှ စောင့်ကြည့် လေ့လာသူများ | ၁) ရွေးကောက်ပွဲလွန်သုံးသပ်ဆွေးနွေးပွဲကို စောင့်ကြည့်လေ့လာသူများနှင့်ကျင်းပပြီးစီးပြီး သင်တန်းပေးခြင်းနှင့် လုပ်ထုံးလုပ်နည်းများ တိုးတက်ရန် ထောက်ခံအကြံပြုချက် အရေအတွက် | ဇန်နဝါရီ - မတ်လ ၂၀၁၆ |
| ၃.၉ | ကော်မရှင်မှဝန်ထမ်းဟောင်းများနှင့် ဝန်ထမ်းအသစ်များကို ကျွမ်းကျင် အတတ် ပညာရှင်ဖြစ်စေရန်နှင့် တရားဝင် အသိအမှတ်ပြုနိုင်ရန် ပြည်ထောင်စု ရွေးကောက်ပွဲ အကယ်ဒမီ (Union Election Academy, UEA) ထူထောင်ခြင်း | ၃.၉.၁ | ပြည်ထောင်စုရွေးကောက်ပွဲအကယ်ဒမီ အတွက် လုပ်ငန်းအဆိုပြုလွှာရေးဆွဲ၍ အဆိုပြုတင်ပြခြင်း | ကော်မရှင်၊ အစိုးရ | ၁။ နိုင်ငံတော်အစိုးရနှင့် အလှူရှင်အဖွဲ့အစည်း များထံသို့ အဆိုပြုလွှာနှင့် ဘတ်ဂျက်ကို တင်ပြခြင်း | ၂၀၁၆ နှစ်ဦးပိုင်း |
| | | ၃.၉.၂ | လုံလောက်သော ရန်ပုံငွေရရှိအောင်ဆောင်ရွက်ပြီး အဆောက်အအုံရွေးချယ်ခြင်း၊ ဝန်ထမ်း ခန့်ထားခြင်းနှင့်အကယ်ဒမီအတွက် လိုအပ် သောကိရိယာ များတပ်ဆင်၍ ပြည်ထောင်စု ရွေးကောက်ပွဲအကယ်ဒမီ ထူထောင်ခြင်း | ကော်မရှင်၊ အစိုးရ | ၁) ပြည်ထောင်စုရွေးကောက်ပွဲအကယ်ဒမီ အောင်မြင်စွာထူထောင်ပြီးစီးခြင်း | ၂၀၁၆ နှစ်လယ်ပိုင်း |
| | | ၃.၉.၃ | အကယ်ဒမီအတွက်လိုအပ်သော သင်ရိုးညွှန်းတမ်းကိုရေးဆွဲပြီး ပြည်သူ့ရေးရာစီမံခန့်ခွဲရေးဆိုင်ရာအရည် အချင်းသတ်မှတ်ချက်များနှင့် ချိတ်ဆက်ခြင်း | ကော်မရှင်၊ UEA၊ ပညာရေး ဝန်ကြီးဌာန၊ ဝန်ထမ်း ရွေးချယ်ခန့် ထားရေး ဘုတ်အဖွဲ့ | ၁) အခြားဝန်ကြီးဌာနများနှင့် ဆွေးနွေးတိုင်ပင်သည့် အကြိမ်ပေါင်း | ၂၀၁၆ နှောင်းပိုင်း – ၂၀၁၈ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ၃.၉.၄ | ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာသာသာရပ်များကို သင်ကြားခြင်းနှင့် သင်တန်းသားများကို တရားဝင် အသိအမှတ်ပြုခြင်း | UEA၊ ဝန်ထမ်းရွေးချယ်ခန့်ထားရေး ဘုတ်အဖွဲ့ | ၁) တရားဝင်အသိအမှတ်ပြုအောင်လက်မှတ်ပေးအပ်ခြင်းခံရသည့် သင်တန်းသားဦးရေ | သင်တန်းသား ၁၀၀၀ နှင့် အထက် ၂၀၁၆–၂၀၁၈ |

## မဟာဗျူဟာအခန်း ၄။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်း

မဟာဗျူဟာပန်းတိုင် – ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ၏ ထောက်ပံ့ကူညီမှုရယူပြီး မဲဆန္ဒရှင်စာရင်းဆိုင်ရာအချက်အလက်များကို တစ်နေရာတည်းပေါင်းစည်းခြင်း၊ ကွန်ပျူတာနည်းပညာအသုံးပြုခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုပိုမိုတိုးတက်စေရန်နှင့် နောက်ဆုံး အခြေအနေနှင့်ကိုက်ညီသော အချက်အလက်များကို စုစည်းခြင်းဖြင့် ပိုမိုပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုရန်

| စဉ် | လုပ်ငန်းစဉ် | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသောအညွှန်းများ | ပြီးစီးရမည့်အချိန်/ ပမာဏ |
|---|---|---|---|---|---|---|
| ၄.၁ | မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းယူနစ် (VR Unit) တစ်ခုကို (ကနဦးတွင် ICT ဌာနအတွင်း ထည့်သွင်း) ဖွဲ့စည်းပြီး ဝန်ထမ်းများအား တာဝန်ဝတ္တရားများ သတ်မှတ်ပေးအပ်ခြင်း (မဟာဗျူဟာအခန်း ၅ ကိုကြည့်ရန်) | ၄.၁.၁ | မဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်း ယူနစ်ခေါင်းဆောင်တစ်ဦး ခန့်အပ်ခြင်းနှင့်ဝန်ထမ်းများကိုတာဝန်အသစ်များ ပေးအပ်ခြင်း | ကော်မရှင်၊ ICT ဌာန | ၁) မဲဆန္ဒရှင်စာရင်း ပြုစုခြင်းယူနစ် ဖွဲ့စည်းပြီး မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းများအတွက် တာဝန်ခံခေါင်းဆောင်တစ်ဦး ခန့်အပ်ပြီးခြင်း | ဖေဖော်ဝါရီ ၂၀၁၄ |
| ၄.၂ | မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းရွှေ့ပြောင်းစီမံချက်နှင့် ဘတ်ဂျက်ရေးဆွဲခြင်း၊ ရွှေ့ပြောင်းစီမံကိန်းကို ရွေးချယ်ထားသော နေရာများတွင်အကောင်အထည်ဖော်ပြီး မတူညီသော အနေအထား၊ နေရာဒေသများတွင် လုပ်ငန်းထိရောက်စွာဆောင်ရွက်နိုင်မှုအခြေအနေကို ဆန်းစစ်ရန် နှင့် နိုင်ငံအဆင့်မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းအတွက် အတွေ့အကြုံ သင်ခန်းစာများရယူခြင်း | ၄.၂.၁ | ရွှေ့ပြောင်းစီမံကိန်းအတွက် ကွန်ပျူတာ မဲစာရင်းစနစ် (database) ရေးခြင်း၊ ကိရိယာပစ္စည်းများဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်မှုနည်းစဉ်များနှင့် ကွန်ပျူတာစနစ်(software)များ စမ်းသပ်ခြင်း၊ မဲဆန္ဒရှင် ပညာပေးခြင်းများ ပြုလုပ်ခြင်း | ICT ဌာန/ မဲဆန္ဒရှင်စာရင်း ပြုစုခြင်း လုပ်ငန်းယူနစ်၊ IT အကြံပေးများ | ၁) ကွန်ပျူတာ database တည်ဆောက်စမ်းသပ်ပြီး ရွှေ့ပြောင်းစီမံကိန်းအတွက် အဆင်သင့်ဖြစ်နေခြင်း<br>၂) ရွှေ့ပြောင်းစီမံကိန်းအတွက် ဝန်ထမ်းများ လေ့ကျင့်သင်ကြားပေးပြီး<br>၃) ရွေးချယ်ထားသော နေရာဒေသများမှ မဲဆန္ဒရှင်များအား အသိပညာပေးပြီး | ဖေဖော်ဝါရီ - မေ ၂၀၁၄ |
| | | ၄.၂.၂ | နိုင်ငံတော်အဆင့်မဲဆန္ဒရှင်စာရင်း ပြုစုခြင်းစီမံကိန်းရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန်နှင့် တွေ့ကြုံနိုင်သည့်အခက်အခဲများကိုဆန်းစစ်နိုင်ရန် နိုင်ငံအနှံ့အပြားရှိ မြို့နယ် သုံးခု (သို့) လေးခု (ဥပမာ – မြို့ပြ၊ ကျေးလက်၊ လျှပ်စစ်မီးရရှိရန်ခက်ခဲသောနေရာ၊ IDP များရှိသော အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရယူ ထားသောနေရာများ) တွင် ရွှေ့ပြောင်းစီမံကိန်းဆောင်ရွက်ခြင်း | ကော်မရှင်၊ ကော်မရှင် အဖွဲ့ခွဲများ၊ ICT ဌာန/ မဲဆန္ဒရှင်စာရင်း ပြုစုခြင်း လုပ်ငန်းယူနစ် | ၁) ရွှေ့ပြောင်းစီမံကိန်းမှ ထွက်ပေါ်လာသော ထောက်ခံအကြံပြုချက်များ နှင့် လေ့လာရရှိသောအတွေ့အကြုံသင်ခန်းစာများမှတ်တမ်း | မေ - ဇွန် ၂၀၁၄ |

| | | | | | | |
|---|---|---|---|---|---|---|
| ၄.၃ | နိုင်ငံလုံးဆိုင်ရာမဲဆန္ဒရှင်စာရင်းပြုစုခြင်းစီမံကိန်းကို ရွေ့ပြေးစီမံကိန်းမှရရှိလာသော အတွေ့အကြုံသင်ခန်းစာများအားအခြေခံပြီးရေးဆွဲခြင်း၊ တစ်နိုင်ငံလုံးဖြန့်ကျတ်ဆောင်ရွက်မည့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းကို ကော်မရှင်အနေဖြင့် အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော အရင်းအမြစ်များနှင့် ရန်ပုံငွေများ လုံလောက်စွာရှိကြောင်း သေချာစေရန် ဘတ်ဂျတ်ကြိုတင်ရေးဆွဲခြင်း | ၄.၃.၁ | ရွေးပြေးစီမံကိန်းမှရရှိလာသော သင်ခန်းစာများကိုအခြေခံပြီး ကွန်ပျူတာစာရင်းစနစ် (database) နှင့် လုပ်ငန်းဆောင်ရွက်မှုနည်းစဉ်များကို မွမ်းမံခြင်းနှင့် နိုင်ငံလုံးဆိုင်ရာ မဲဆန္ဒရှင်စာရင်းပြုစုခြင်းစီမံကိန်းကို အပြီးသတ်ရေးဆွဲခြင်း၊ ဘတ်ဂျတ်ရရှိအောင်ဆောင်ရွက်ခြင်း၊ လေ့လာစောင့်ကြည့်ရေးနှင့်ကူညီထောက်ပံ့ရေးယန္တရား ထူထောင်ခြင်း | စီမံဌာန၊ ဘဏ္ဍာဌာန၊ ICT ဌာန/ မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းယူနစ် | ၁) စီမံကိန်း နှင့် ဘတ်ဂျတ် အတည်ပြုပြီး<br>၂) လေ့လာစောင့်ကြည့်ရေးနှင့်ကူညီထောက်ပံ့ရေးယန္တရား ထူထောင်ပြီး | မတ် - ဩဂုတ် ၂၀၁၄ |
| | | ၄.၃.၂ | မြို့နယ်အဆင့်တွင် ကွန်ပြုတာစာရင်းအချက်အလက်ဘဏ်(data center)များထူထောင်ရန်၊ ကွန်ပျူတာ(laptop)များ၊ ကွန်ပျူတာစနစ်(software) နှင့်  ပြုပြင်ထိန်းသိမ်းရေး၊ လေ့ကျင့်သင်ကြားရေး၊ လုံခြုံရေး၊ ဖြန့်ဖြူးရေးနှင့်သိမ်းဆည်းရေး စရိတ်များအပါအဝင်၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းတစ်ခုလုံးကို ထောက်ကူရန်အတွက် အထွေထွေစီမံခန့်ခွဲမှုစရိတ် (ဥပမာ - ဝန်ထမ်းထပ်တိုးခန့်ထားခြင်း၊ ရုံးနေရာ၊ ပစ္စည်းအသုံးအဆောင်များ စသည်) အားလုံးအတွက် အသေးစိတ် ဘတ်ဂျတ် တွက်ချက်ခြင်း၊ | ညွှန်ကြားရေးမှူး (စီမံ)၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ)၊ ICT ဌာန/ မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းယူနစ် | ၁) ဝန်ထမ်း၊ လေ့ကျင့်သင်ကြားရေး၊ ကိရိယာပစ္စည်း၊ မဲဆန္ဒရှင်ပညာပေးခြင်၊ စီမံခန့်ခွဲမှုဆိုင်ရာများအပါအဝင် နိုင်ငံလုံးဆိုင်ရာ မဲဆန္ဒရှင်စာရင်းပြုစုခြင်း စီမံကိန်းအတွက် ဘတ်ဂျတ် အတည်ပြုပြီး | မတ် - ဩဂုတ် ၂၀၁၄ |
| ၄.၄ | သင့်လျော်သည့် ICTနည်းလမ်းများကို အသုံးပြု၍ (ဥပမာ – ကွန်ပျူတာစနစ်ဖြင့်စာရင်းသွင်းခြင်း) နိုင်ငံလုံးဆိုင်ရာ မဲဆန္ဒရှင်စာရင်းပြုစုခြင်း စီမံကိန်းကို အကောင်အထည်ဖော်ခြင်း<br>(မဟာဗျူဟာအခန်း ၃၊ ၅ ကိုကြည့်ရန်) | ၄.၄.၁ | နိုင်ငံလုံးဆိုင်ရာ မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ခြင်း - မဲဆန္ဒရှင်စာရင်းပြုစုခြင်းအတွက် လုံလောက်သောဝန်ထမ်းများခန့်ထားခြင်း၊ ကွန်ပျူတာ(laptop)များဝယ်ယူခြင်းနှင့် ဖြန့်ဖြူးရေးအစီအစဉ် ရေးဆွဲခြင်း၊ ကွန်ပျူတာအချက်အလက်စာရင်းစနစ် (database software) ထည့်သွင်းခြင်း နှင့် လိုအပ်သောပစ္စည်းများပေးအပ်ခြင်း | ကော်မရှင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲများ၊ ICT ဌာန/ မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းယူနစ် | ၁)၊ မြို့နယ် ၃၃၀ အတွက် ဝန်ထမ်းများခန့်ထားပြီး ပစ္စည်းများဝယ်ယူစုဆောင်းခြင်း၊<br>၂) ဝယ်ယူပြီးသောပစ္စည်းကိရိယာများ (ကွန်ပျူတာ laptop၊ ဘက္ထရီများ၊ မီးစက်များ) အရေအတွက် | ဩဂုတ် ၂၀၁၄ – ဇွန် ၂၀၁၅ |

| | | | | | | |
|---|---|---|---|---|---|---|
| ၄.၅ | မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းဆောင်ရွက်မည့် ဝန်ထမ်းများခန့်အပ်ခြင်းနှင့် လုပ်ငန်းထိရောက်စွာ ဆောင်ရွက်နိုင်ရန်လေ့ကျင့်ပညာပေးခြင်းနှင့် တာဝန်ပေးအပ်ခြင်း (မဟာဗျူဟာအခန်း ၃ ကိုကြည့်ရန်) | ၄.၅.၁ | အဆင့်ဆင့်မှကော်မရှင်ဝန်ထမ်းများနှင့် မြို့နယ်အဆင့်မှ ကွန်ပျူတာစာရင်းသွင်းသူများအတွက် မဲဆန္ဒရှင်စာရင်း ပြုစုခြင်း လုပ်ငန်းစဉ်များကိုသင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်းနှင့် ဆင့်ပွားသင်တန်းများ ပေးခြင်း | ကော်မရှင်၊ ကော်မရှင် အဖွဲ့ခွဲများ၊ သင်တန်းယူနစ် | ၁) ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၄) ခုတွင် ပြုလုပ်သော သင်တန်းအရေအတွက်<br>၂) ခန့်အပ်တာဝန်ပေးသည့် ဝန်ထမ်း အရေအတွက် | စက်တင်ဘာ ၂၀၁၄ – မတ်၂၀၁၅ |
| ၄.၆ | မဲဆန္ဒရှင်စာရင်းပြုစုရာတွင်မဲဆန္ဒရှင်များ ပူးပေါင်းပါဝင်လာစေရန်နှင့် မဲဆန္ဒရှင်စာရင်းကြေငြာပြသထားချိန်တွင် မိမိအမည်ကို မည်သို့ စိစစ်ရမည်ကို နားလည်သိရှိစေရန် အတွက် မဲဆန္ဒရှင်ပညာပေးခြင်းလုပ်ငန်းစီမံချက်တစ်ခု ရေးဆွဲ ဆောင်ရွက်ခြင်း (မဟာဗျူဟာအခန်း ၈ ကိုကြည့်ရန်) | ၄.၆.၁ | မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးတွင် ပြည်သူများပူးပေါင်းပါဝင်မှုမြင့်တင်ရန် နှင့် လိုက်နာရမည့်နည်းစဉ်များ၊ ဖြည့်စွက်ရမည့်ပုံစံများစသည်တို့ကို အသိပညာပေးနိုင်ရန် ထိရောက်သော 'ဖျော်ဖြေပညာပေး' အစီအစဉ်များကို ရေဒီယို၊ ရုပ်မြင်သံကြားမှတဆင့်ပေးနိုင်ရန် ရေးဆွဲခြင်း | ကော်မရှင်၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ | ၁) ထုတ်လုပ်သော အသိပညာပေး အစီအစဉ် အရေအတွက်<br>၂) ရေဒီယိုမှထုတ်လွှင့်သည့်အကြိမ်ရေနှင့် ပရိတ်သတ်များ၏အရေအတွက်<br>၃) ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးသည့် အကြိမ်ရေနှင့်ကြည့်ရှုသူ အရေအတွက် | ဇူလိုင် - စက်တင်ဘာ ၂၀၁၅ |
| ၄.၇ | ပိုမိုထိရောက်၍ အားလုံးပါဝင်ပြီး ပိုမိုတိကျသည့် မဲဆန္ဒရှင်စာရင်းဖြစ်စေရန် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနထံမှ အကူအညီ နှင့် နောက်ဆုံးရ အချက်အလက်များကို လ.ဝ.က ထံမှတောင်းခံခြင်း (မဟာဗျူဟာအခန်း ၇၊ ၉ ကိုကြည့်ရန်) | ၄.၇.၁ | ကွန်ပျူတာမဲဆန္ဒရှင်စာရင်းစနစ်သို့ အချက်အလက်များမသွင်းမီ အိမ်ထောင်စု စာရင်းအချက်အလက်များနှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မှတ်တမ်းများမှ နောက်ဆုံးရအချက်အလက်များရယူခြင်း နှင့်သန်းခေါင်စာရင်းမှအချက်အလက် များဖြင့် မဲပေးခွင့်ရှိသူများကို တိုက်ဆိုင် စစ်ဆေးခြင်း | ကော်မရှင် မြို့နယ်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ များ၊ ထွေအုပ်၊ လ.ဝ.က၊ | ၁) ရရှိလာသော အချက်အလက်များအားလုံး တိုက်ဆိုင်စစ်ဆေးပြီး<br>၂) နောက်ဆုံးရအချက်အလက်များ ဖြည့်သွင်း ထားသော မှတ်တမ်းများကိုအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၄ ခုနှစ်တွင် လက်ခံရရှိခြင်း | ဇူလိုင် ၂၀၁၄ နှင့် ဆက်လက်၍ |
| ၄.၈ | ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်စာရင်းကို ပြင်ပစစ်ဆေးသူများအနေဖြင့် ၎င်းတို့ကို လေ့လာစစ်ဆေးခွင့်ပြုခြင်း (မဟာဗျူဟာအခန်း ၇ ကိုကြည့်ရန်) | ၄.၈.၁ | နိုင်ငံရေး ပါတီများ လူမှုအဖွဲ့အစည်း များနှင့်ပူးပေါင်းဆောင်ရွက်ရန်၊ ပုံမှန် တွေ့ဆုံစည်းဝေးမှုများပြုလုပ်ရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို အကြောင်းကြားခြင်း နှင့် မဲဆန္ဒရှင် စာရင်းကို ကြည့်ရှုစစ်ဆေးခွင့်ပြုခြင်း | ရပ်/ကျေး၊ မြို့နယ် ကော်မရှင် အဖွဲ့ခွဲများ၊ လူမှုအဖွဲ့ အစည်းများ၊ နိုင်ငံရေး ပါတီများ | ၁) နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့်များတွင် ဖွဲ့စည်းပြီးသော မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်း ဆက်သွယ်ညှိနိုင်းရေးကော်မတီ အရေအတွက်<br>၂) ပြုလုပ်သော အစည်းအဝေး အရေအတွက်)<br>၃) တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး အတွက် မဲဆန္ဒရှင်စာရင်းကို ပိုမိုမှန်ကန် တိုးတက်စေရန် အကြံပြုချက်အရေအတွက် မှတ်တမ်း | မတ် ၂၀၁၄ - ဩဂုတ်၂၀၁၅ |

| | | | | | | |
|---|---|---|---|---|---|---|
| ၄.၉ | ကနဦး မဲဆန္ဒရှင်စာရင်းကို ကြေငြာပြသကပ်ထားပေးသည့် ကာလ သည် မဲဆန္ဒရှင်များ ၎င်းတို့၏အမည်များကို စစ်ဆေးရန် အချိန်လုံလောက်စေရန်နှင့် ကြိုတင်အသိပေးခြင်း<br>(မဟာဗျူဟာအခန်း ၆ ကိုကြည့်ရန်) | ၄.၉.၁ | ကော်မရှင်အဖွဲ့ခွဲများမှတဆင့် မြို့နယ်တစ်ခုစီသို့ ကနဦးမဲဆန္ဒရှင်စာရင်းများ ပုံနှိပ်ဖြန့်ဝေခြင်း | ICT ဌာန/ မဲဆန္ဒရှင်စာရင်း ပြုစုခြင်း လုပ်ငန်းယူနစ်၊ စီမံဌာန၊ ရပ်/ ကျေး၊ မြို့နယ် ကော်မရှင် အဖွဲ့ခွဲများ | ၁) မြို့နယ်တစ်ခုစီသို့ဖြန့်ဝေသော မဲဆန္ဒရှင်စာရင်းအရေအတွက် | ဇွန် - ဩဂုတ် ၂၀၁၅ |
| | | ၄.၉.၂ | မဲဆန္ဒရှင်စာရင်းကို စစ်ဆေးနိုင်ရန် ပြသ၊ ကပ်ထားပေးမည့်ကာလတိုးမြှင့်သတ်မှတ်ခြင်းနှင့် ၎င်းကာလအတွင်း ပြည်သူလူထုအားအသိပေးကြေငြာခြင်း | မြို့နယ် ကော်မရှင် အဖွဲ့ခွဲများ၊ ပြင်ပဆက်ဆံရေး ဌာန၊ မဲဆန္ဒရှင် ပညာပေးဌာန | ၁) ရုပ်မြင်သံကြား၊ ရေဒီယို မှကြေငြာချက် အရေအတွက်နှင့် ဖြန့်ဖြူးသော ပိုစတာ၊ လက်ကမ်းစာစောင်အရေအတွက် | စက်တင်ဘာ ၂၀၁၅ |
| | | ၄.၉.၃ | အမှားပြင်ဆင်၊ နုတ်ပယ်၊ ဖြည့်စွက်၊ ပြောင်းရွှေ့ရန်အတွက်တင်ပြသောပုံစံများကို ဇယ်စာရင်းနှင့်တိုက်ဆိုင်စစ်ဆေးခြင်းနှင့် မြို့နယ်အဆင့်တွင် ဖြည့်စွက်ထည့်သွင်းခြင်း | ရပ်/ကျေး ကော်မရှင် အဖွဲ့ခွဲများ၊ နိုင်ငံရေး ပါတီများနှင့် လူမှုအဖွဲ့ အစည်းများ | ၁) လက်ခံရရှိ အတည်ပြုသော ပြင်ဆင်ချက်များ အရေအတွက်မှတ်တမ်း | အောက်တိုဘာ ၂၀၁၅ |
| ၄.၁၀ | မဲဆန္ဒရှင်စာရင်းများကို မဲရုံတစ်ခုစီတိုင်းသို့ ဖြန့်ဝေပြီးကြောင်း သေချာစေခြင်း<br>(မဟာဗျူဟာအခန်း ၆ ကိုကြည့်ရန်) | ၄.၁၀.၁ | မဲဆန္ဒရှင်စာရင်းများကို ကော်မရှင်အဖွဲ့ခွဲများမှတဆင့် ပုံနှိပ်ဖြန့်ဝေခြင်း လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း | ICT ဌာန/ မဲဆန္ဒရှင်စာရင်း ပြုစုခြင်း လုပ်ငန်းယူနစ်၊ စီမံဌာန၊ ရပ်/ ကျေး၊ မြို့နယ် ကော်မရှင် အဖွဲ့ခွဲများ | ၁) ရွေးကောက်ပွဲနေ့အတွက် ဖြန့်ဝေသော မဲဆန္ဒရှင် စာရင်းအရေအတွက် | နိုဝင်ဘာ ၂၀၁၅ |
| ၄.၁၀ | မဲဆန္ဒရှင်စာရင်းကို ပုံမှန် (ဥပမာ - နှစ်စဉ်) သို့မဟုတ် လိုအပ်ချက်အပေါ်မူတည်၍ (ဥပမာ - ကြားဖြတ်ရွေးကောက်ပွဲများအတွက်) ထည့်သွင်းဖြည့်စွက်ခြင်း | ၄.၁၁.၁ | ၂၀၂၀ နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲအစရှိသော အနာဂတ်ရွေးကောက်ပွဲများအတွက် မဲဆန္ဒရှင်စာရင်းကို ပုံမှန်ထည့်သွင်း ဖြည့်စွက်ခြင်း | ကော်မရှင် အဆင့်အားလုံး | ၁) မြို့နယ်တစ်မြို့နယ်ချင်းစီ၏ နှစ်စဉ်ထည့်သွင်း ဖြည့်စွက်မှုအစီရင်ခံစာများ | နှစ်စဉ် ဆုံးဖြတ်ရန် |

| မဟာဗျူဟာအခန်း ၅။ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ | | | | | | |
|---|---|---|---|---|---|---|
| မဟာဗျူဟာပန်းတိုင် – ကော်မရှင်အတွင်းနှင့် ပြင်ပဆက်သွယ်ဆက်ဆံရေးများတွင် ပိုမိုအားကောင်းစေရန်၊ အချက်အလက်များကို စီမံခန့်ခွဲရာတွင်လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်စေရန်အတွက် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology) ကို မဟာဗျူဟာကျသော အရင်းအမြစ်တစ်ခုအဖြစ်မြှင့်တင်အသုံးချရန် | | | | | | |
| စဉ် | လုပ်ငန်းစဉ် | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသောအညွှန်းများ | ပြီးစီးရမည့်အချိန် /ပမာဏ |
| ၅.၁ | သတင်း အချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာ (ICT) ဌာနဖွဲ့စည်းထူထောင်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အတွက် ပြည့်စုံသော သတင်း အချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာ မူဝါဒ ချမှတ်ခြင်း | ၅.၁.၁ | ICT စီမံရေးမှူးများပါဝင်သည့်သတင်း အချက်အလက်နှင့်နည်းပညာဌာနဖွဲ့စည်း ပြီး စွမ်းဆောင်ရည်တိုးတက်အောင် အထူးသင်တန်းများဖြင့် သင်ကြားပေးခြင်း | ကော်မရှင် | ၁) ဝန်ထမ်းများခန့်အပ်ထားပြီး လိုအပ်သော ကွန်ယက်များ၊ ကိရိယာများနှင့် လုပ်ငန်းများ လည်ပတ်နေသည့်သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဌာန ဖွဲ့စည်းပြီး | ဖေဖော်ဝါရီ ၂၀၁၄ |
| | | ၅.၁.၂ | စွမ်းဆောင်ရည်၊ လုံခြုံရေး၊ရေရှည် ထိန်းသိမ်းထားနိုင်မှု အစရှိသည်တို့ကို ထည့်သွင်းစဉ်းစား၍သတင်း အချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာမူဝါဒရေးဆွဲ ချမှတ်ခြင်း | ကော်မရှင်၊ ICT ဌာန | ၁။ ICT မူဝါဒရေးဆွဲချမှတ်ပြီး ကော်မရှင် ဝန်ထမ်းများအားဖြန့်ဝေခြင်း | မတ် ၂၀၁၄ |
| | | ၅.၁.၃ | လိုအပ်သော ကိရိယာများ၊ ကွန်ပြူတာ များ နှင့် server များတပ်ဆင်၍ အင်တာနက် ချိတ်ဆက်ခြင်း၊ ဝက်ဘ်ဆိုက်လွှင့်တင်ခြင်း | ICT ဌာန | ၁) ရှိယင်းစွဲ server အခန်းကို ပြင်ဆင် မွမ်းမံ၍ စက်အသစ်များထပ်မံဖြည့်စွက် တပ်ဆင်ပြီးခြင်း<br>၂) ICTဌာနနှင့်ပြင်ပဆက်ဆံရေးဌာန ဝန်ထမ်း များအတွက် laptop ကွန်ပြူတာ ၁၇ လုံး ဖြန့်ဝေနေရာချ ချိတ်ဆက်ပြီးခြင်း | မတ် ၂၀၁၄ |
| ၅.၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းများကို ထိရောက်ချောမွေ့ စွာဆောင်ရွက်နိုင်ရန် သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ခြင်း | ၅.၂.၁ | ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် တွင် နည်းပညာကျွမ်းကျင်ဝန်ထမ်းများ ခန့်အပ်ခြင်းနှင့် လိုအပ်သည့် အဆင့်မြင့် သင်တန်းများ ပေးခြင်း | ကော်မရှင်၊ ကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့် | ၁) အခြေခံ ICT စွမ်းရည်များလေ့ကျင့် သင်ကြားပေးပြီး (သို့မဟုတ်) အဆင့်မြင့် စွမ်းရည်များသင်ယူနိုင်ရန်အလားအလာ ရှိသော ဝန်ထမ်းခန့်အပ်ပြီးသည့် အရေအတွက်<br>၂) သင်ကြားပေးခဲ့သည့် ICT ဆိုင်ရာ သင်တန်းအရေအတွက် | ဧပြီ - ဇူလိုင် ၂၀၁၄ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ၅.၂.၂ | ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် ရုံးများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ လိုအပ်သော ပစ္စည်းများ၊ Software များဖြည့်ဆည်းခြင်း၊ ပစ္စည်းစာရင်းများ စနစ်တကျထားရှိခြင်း၊ ရေရှည်ထိန်းသိမ်းရေး ဗျူဟာများရေးဆွဲခြင်းနှင့် အကူအညီပေးကောင်တာထားရှိခြင်း | ကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့် | ၁) ကွန်ပျူတာပစ္စည်းများ (Hardware), စနစ်များ(Software) တပ်ဆင် ပြီးသည့် ကော်မရှင်အဖွဲ့ခွဲရုံးအရေအတွက် | ဒီဇင်ဘာ ၂၀၁၄ တိုင်းဒေသကြီး/ ပြည် နယ်(၁၄)ခု၊ ခရိုင်(၇၃)ခု၊ မြို့နယ် (၃၃၀) |
| ၅.၃ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းအချက်အလက် လုံခြုံမှု တိုးမြင့်စေရန် လုံခြုံရေးစနစ်များနှင့် အရံမှူပွား(back-up)များ သိမ်းဆည်းနိုင်သည့် စနစ်တည်ဆောက်ခြင်း | ၅.၃.၁ | လုံခြုံမှုစနစ် နှင့် back-up စနစ်များ စဉ်ဆက်မပြတ် ပိုမိုကောင်းမွန်စေရန် ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း | ICT ဌာန၊ IT အကြံပေးများ | ၁) လုံခြုံရေးအတွက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်အရေအတွက် | ဖေဖော်ဝါရီ - ဧပြီ ၂၀၁၄ |
| | | ၅.၃.၂ | လုံခြုံမှုစနစ်ဆိုင်ရာ Hardware, Software များကို firewalls၊ လျှို့ဝှက်ကုတ်နံပတ် နှင့် virus protection စသည်များ ဖြင့်ဖြည့်တင်းတပ်ဆင်ခြင်း | ICTဌာန၊ IT အကြံပေးများ | ၁) လုံခြုံရေးစနစ်များကိုစမ်းသပ်ပြီး ကောင်းမွန်စွာအသုံးပြုလျက်ရှိခြင်း | မတ် - ဧပြီ ၂၀၁၄ |
| ၅.၄ | ကော်မရှင်ဝန်ထမ်းများအခြေခံ ICT နည်းပညာကို အသုံးပြုနိုင်သည့် စွမ်းရည်လုံ လောက်စွာရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာ လေ့ကျင့်ပညာပေးခြင်း | ၅.၄.၁ | ICT သင်တန်းပေးခြင်း ဗျူဟာ ရေးဆွဲခြင်းနှင့် အသုံးစရိတ် လျှောက်ထား တောင်းခံခြင်း | ICT ဌာန၊ သင်တန်းယူနစ် | ၁) အသုံးစရိတ် အတည်ပြုရရှိခြင်း၊ | မတ် ၂၀၁၄ |
| | | ၅.၄.၂ | ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများရှိ ဝန်ထမ်းများအတွက်အဆင့်ဆင့်သင်ကြားသော ICTသင်တန်းဗျူဟာ ရေးဆွဲခြင်း (အဆင့် ၁ ကို ၂၀၁၅ ရွေးကောက်ပွဲ မတိုင်ခင် နှင့် အဆင့် ၂ ကို ရွေးကောက်ပွဲ အပြီးတွင် ပြုလုပ်ရန်) | ICT ဌာန၊ သင်တန်းယူနစ် | ၁) အဆင့် ၁ အပြီးတွင်ပြုလုပ်ပြီးစီးသော သင်တန်းအရေအတွက်<br>၂) အဆင့် ၁ အပြီးတွင် ဝန်ထမ်း ၅၀ ရာခိုင်နှုန်း အခြေခံ IT စွမ်းရည်များ (Email, Word, Excel အသုံးပြုခြင်း)ရရှိခြင်း<br>၃) အဆင့် ၂ အပြီးတွင် ကျန်သော ဝန်ထမ်း ၅၀ ရာခိုင်နှုန်း သင်တန်းရရှိ ပြီးစီးခြင်း | ဧပြီ ၂၀၁၄ မှစပြီး နိုဝင်ဘာ ၂၀၁၅ အထိ (အဆင့် ၁)၊ ဇန်နဝါရီ ၂၀၁၆ မှ ဒီဇင်ဘာ ၂၀၁၈ အထိ (အဆင့် ၂) |

| | | | | | | |
|---|---|---|---|---|---|---|
| ၅.၅ | ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ကိုက်ညီမည့် ICT အသုံးချစနစ်များကို ကော်မရှင်တွင်ရှိသည့် ICTအခြေခံ အဆောက်အအုံနှင့် ဝန်ထမ်းစွမ်းဆောင်ရည်ပေါ် မူတည်၍ ရေးဆွဲခြင်း (မဟာဗျူဟာအခန်း ၄၊ ၆၊ ၁၀၊ ၁၁ ကိုကြည့်ရန်) | ၅.၅.၁ | မဲစာရင်းပြုစုခြင်း၊ ပါတီနှင့် အမတ်လောင်း မှတ်ပုံတင်ခြင်း၊ လေ့လာအကဲခတ်သူများမှတ်ပုံတင်ခြင်း အငြင်းပွားမှုတိုင်ကြားမှုများ ခြေရာခံ မှတ်တမ်းတင်ခြေရာခံစနစ်၊ စသည်တို့ အတွက် လိုအပ်မည့် ICT အသုံးချ စနစ်တွဲများရေးဆွဲခြင်း၊ ရွေးကောက်ပွဲ ရလဒ်များကို စီမံခန့်ခွဲသည့် စနစ်ရေးဆွဲခြင်း | ICT ဌာန၊ IT အကြံပေးများ | ၁) ရေးဆွဲခဲ့သည့်အိုင်တီ အသုံးချစနစ် အရေအတွက်နှင့် အသုံးပြုနေသောစနစ် အရေအတွက်<br>၂) ကဏ္ဍစုံမှပါဝင်ပတ်သက်သူများရယူနိုင်ရန် ဝက်ဘ်ဆိုက်ပေါ်တွင်တင်ထားသော ပုံစံများအရေအတွက်<br>၃) ဝက်ဘ်ဆိုက်ပေါ်တွင်တင်ထားသည့် မှတ်ပုံ တင်ထားသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများစာရင်း အရေအတွက် | မတ်လ ၂၀၁၄ - အောက်တိုဘာ ၂၀၁၅ |
| | | ၅.၅.၂ | သင့်လျော်သောဝန်ထမ်းများ အတွက် လိုအပ်သော ICT အသုံးချစနစ်များအား သင်ကြားပေးရန် သင်တန်း အစီအစဉ် ရေးဆွဲခြင်း (ဥပမာ - မဲဆန္ဒရှင်စာရင်း ပြုစုခြင်းအတွက်အချက်အလက်စနစ်များ အကြောင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ခြင်း၊ အငြင်းပွားမှုများခြေရာခံစနစ်နှင့် ရလဒ်များ စီမံခန့်ခွဲခြင်းစနစ်) | ICT ဌာန၊ IT အကြံပေးများ | ၁) ကော်မရှင်၏ဌာနများနှင့်ပူးပေါင်းပြီး ရေးဆွဲသည့် ICT အသုံးချစနစ် အရေအတွက်<br>၂) အသုံးချစနစ်တစ်ခုချင်းစီ အတွက် သင်တန်းပေးပြီးသည့်ဝန်ထမ်း အရေအတွက် | ဧပြီ၂၀၁၄ - နိုဝင်ဘာ ၂၀၁၅ |
| ၅.၆ | ICTနည်းပညာကိုအသုံးချ၍ ကော်မရှင်၏ဝက်ဘ်ဆိုက် လွှတ်တင်ခြင်းမှတဆင့် ကဏ္ဍစုံမှပါဝင်ပတ်သက် သူများ အားလုံးရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို အလွယ်တကူ ရရှိစေ၍ကော်မရှင်လုပ်ငန်းစဉ်များ၏ ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ခြင်း (မဟာဗျူဟာအခန်း ၇ ကိုကြည့်ရန်) | ၅.၆.၁ | ဝက်ဘ်ဆိုက်ကိုနောက်ဆုံးရသတင်း အချက်အလက်များ စဉ်ဆက်မပြတ် စုဆောင်း၍ ထည့်သွင်းဖြည့်စွက်ခြင်းနှင့် ထိန်းသိမ်းခြင်း | ICT ဌာန၊ ပြင်ပ ဆက်ဆံရေးဌာန | ၁) ဝက်ဘ်ဆိုက်တွင်ပါဝင်သော အကြောင်းအရာ များကိုအနည်းဆုံး အပတ်စဉ်ပုံမှန် ဖြည့်စွက် ပြင်ဆင်ခြင်း | ဖေဖော်ဝါရီ ၂၀၁၄ - ဒီဇင်ဘာ ၂၀၁၈ |
| | | ၅.၆.၂ | ဝက်ဘ်ဆိုက်ကိုကြည့်ရှုသူများ၏ တုံ့ပြန် မှတ်ချက်များ၊ အကြံပြုချက်များ ပေးနိုင်ရန် စနစ်ထားပေးခြင်း၊ နည်းပညာ ပိုင်းဆိုင်ရာ ပြဿနာများနှင့် လှုပ်ရှားမှု များကို အမြဲမပြတ်စောင့်ကြည့်ခြင်း | ICT ဌာန၊ ဝက်ဘ်ဆိုက်ကို လာရောက်ကြည့် ရှုသူများ (ကဏ္ဍစုံမှ ပါဝင် ပတ်သက် သူများ) | ၁) ဝက်ဘ်ဆိုက်၏ နည်းပညာပိုင်းဆိုင်ရာ ပြဿနာများဖြေရှင်းမှု အစီရင်ခံစာ၊ လာရောက်ကြည့်ရှုသူများ၏ အချက်အလက်အရေအတွက်များလစဉ် မှတ်တမ်း | ဖေဖော်ဝါရီ ၂၀၁၄ - ဒီဇင်ဘာ ၂၀၁၈ |

| မဟာဗျူဟာအခန်း ၆။ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများ | | | | | | |
|---|---|---|---|---|---|---|
| မဟာဗျူဟာပန်းတိုင် – ရွေးကောက်ပွဲလုပ်ငန်းစဉ်ကိုအများယုံကြည်လက်ခံမှုတိုးမြင့်အောင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်များချောမွေ့စေရန်ဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်ကိုမဲဆန္ဒရှင်များအလွယ်တကူ သိရှိနားလည်အောင်ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းများကိုထိရောက်စွာနှင့်ငြိမ်းချမ်းစွာစီမံခန့်ခွဲခြင်းနှင့်အစီအစဉ်ချမှတ်ခြင်းတို့အတွက် အဖွဲ့အစည်းတစ်ခုလုံး၏စွမ်းရည်ကိုမြှင့်တင်တည်ဆောက်ရန် | | | | | | |
| စဉ် | လုပ်ငန်းစဉ် | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသောအညွှန်းများ | ပြီးစီးရမည့်အချိန် /ပမာဏ |
| ၆.၁ | လုပ်ငန်းဆောင်ရွက်မှုနှင့် ဘတ်ဂျတ်ဆိုင်ရာစီမံကိန်း တစ်ခုရေးဆွဲပြီး ရန်ပုံငွေလိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ခြင်း | ၆.၁.၁ | လုပ်ငန်းဆောင်ရွက်မှုများဆိုင်ရာ ကော်မတီတစ်ရပ်ဖွဲ့စည်းကာ မဲပေးခြင်းလုပ်ငန်းစဉ်နှင့်ကြာချိန်ကို လက်တွေ့သရုပ်ပြလေ့ကျင့် လေ့လာမှုများပြုလုပ်ပြီး လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းမူကြမ်းရေးဆွဲခြင်းနှင့် အတည်ပြုခြင်း။ အဆိုပါမူကြမ်း တွင် မဲဆန္ဒနယ်များ သတ်မှတ်ရေးဆွဲခြင်း၊ မဲရုံများနေရာချထားခြင်း၊ ပစ္စည်းများစုဆောင်းခြင်း၊ ပစ္စည်းများရွှေ့ပြောင်းခြင်းနှင့် ဆက်သွယ်ရေးများ၊ မဲရုံဝန်ထမ်းစုဆောင်းခြင်းနှင့်သင်တန်းပေးခြင်း၊ မဲရလဒ်များ စီမံခန့်ခွဲခြင်း၊လုံခြုံရေးဆိုင်ရာ အစီအမံ၊ အချိန်နှင့်ငွေကြေးစီမံခန့်ခွဲမှု စသည်တို့ပါဝင်သည်။ | ကော်မရှင် နှင့် ကော်မရှင် အဖွဲ့ခွဲများ | ၁) မဲပေးခြင်းလုပ်ငန်းစဉ်နှင့်ကြာချိန်ကို လက်တွေ့သရုပ်ပြလေ့ကျင့်မှုများမှရှိသော လေ့လာတွေ့ရှိချက်များ<br>၂) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာစီမံကိန်းနှင့်ဘတ်ဂျက်အတည်ပြုချက် ရရှိပြီး ဒေသဆိုင်ရာရုံးများသို့ဖြန့်ဝေပြီး | ဧပြီ ၂၀၁၄ - ဒီဇင်ဘာ ၂၀၁၅ |
| ၆.၂ | လစ်လပ်နေသောနေရာများအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၄ ခုနှစ်တွင်ကျင်းပရန်ရှိလာပါက ကြားဖြတ်ရွေးကောက် ပွဲလုပ်ငန်းဆောင်ရွက်မှုများဆိုင်ရာစီမံကိန်းနှင့် ဘတ်ဂျတ်များရေးဆွဲခြင်း၊ ၎င်းမှရရှိလာသော အတွေ့အကြုံများကို ၂၀၁၅ ရွေးကောက်ပွဲလုပ်ငန်းဆောင်ရွက်မှုစီမံကိန်းအတွက် လေ့လာသင်ခန်းစာယူခြင်း | ၆.၂.၁ | သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်နှင့်မြို့နယ်များတွင် ကြားဖြတ်ရွေးကောက်ပွဲကြေငြာခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းအတွက် ကော်မရှင်အဖွဲ့ခွဲများနှင့် တိုင်ပင်ညှိနှိုင်းခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲလုပ်ငန်းဆောင်ရွက်မှုများဆိုင်ရာ စီမံကိန်းကို ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သော အထောက်အပံ့များကို ဖော်ထုတ်သတ်မှတ်ခြင်း | ကော်မရှင် နှင့် ကော်မရှင် အဖွဲ့ခွဲများ | ၁) နိုင်ငံလုံးဆိုင်ရာနှင့်ကြားဖြတ်ရွေးကောက်ပွဲများဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုစီမံကိန်းများနှင့် ဘတ်ဂျတ်များ ရေးဆွဲခွင့်ပြုချက်ရရှိပြီး ဒေသဆိုင်ရာရုံးများသို့ဖြန့်ဝေပြီး<br>၂) ကြားဖြတ်ရွေးကောက်ပွဲများမှ ရရှိသော အတွေ့အကြုံသင်ခန်းစာများ | ဇူလိုင် - ဒီဇင်ဘာ ၂၀၁၄ |

| | | | | | |
|---|---|---|---|---|---|
| ၆.၃ | မသမာမှုများကို ကာကွယ်ရန်အတွက် ရွေးကောက်ပွဲများ၏၊ တိကျမှန်ကန်ခိုင်မာမှုကို မြှင့်တင်ခြင်း | ၆.၃.၁ | တိကျ မှန်ကန်ခိုင်မာသော ရွေးကောက်ပွဲ တစ်ခုဖြစ်စေရန် လုပ်ထုံးလုပ်နည်းနှင့် အကောင်အထည်ဖော်မှုများတွင် တိကျ ခိုင်မာမှုရှိမရှိသိရှိရန် (ဥပမာ – နံပတ်များ ပါသည့်ပလပ်စတစ်အလုံပိတ်ကြိုး၊ ရေစာများပါသည့်မဲလက်မှတ်၊ မဲဆန္ဒရှင်လက်ညှိုးကို မှင်အမှတ်အသား ပြုခြင်း၊ မဲရုံတွင်ရရှိသောရလဒ်၊ လျှို့ဝှက်မဲထည့်ခြင်း) စသည်တို့ကို ဆန်းစစ်သည့် ဆန်းစစ်ချက်လုပ်ဆောင်ခြင်းနှင့် အဆိုပါဆန်းစစ်ချက်ကို ရန်ပုံငွေ အဆိုပြုရာတွင် ထည့်သွင်းတောင်းဆိုခြင်း | ကော်မရှင်၊ ဥပဒေနှင့် စီမံဌာန | ၁။ အကောင်အထည်ဖော်သည့် စီမံကိန်း တွင်တိကျမှန်ကန်ရန်လိုအပ်သော လုပ်ဆောင်ချက်များ ထပ်ထည့်သည့် အရေအတွက် နှင့် ထပ်ဆောင်းရန်ပုံငွေ အတွက်အဆိုပြုလွှာ | ဧပြီ ၂၀၁၄ - ဒီဇင်ဘာ ၂၀၁၅ |
| ၆.၄ | ရွေးကောက်ပွဲဆိုင်ရာ အခက်အခဲများ ဆန်းစစ်မှုနှင့် လုံခြုံရေးအစီအစဉ်များ ရေးဆွဲချမှတ်ခြင်းဖြင့် ငြိမ်းချမ်းလုံခြုံမှုနှင့်ယုံကြည်မှု ရရှိစေရန် | ၆.၄.၁ | သက်ဆိုင်သည့်ပါဝင်ပတ်သက်သူများနှင့် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ကော်မတီ တစ်ရပ်ကိုဖွဲ့စည်းပြီး မဲဆွယ်ကာလ၊ မဲထည့်သည့်နေ့နှင့် မဲရလဒ်များ ကြေညာခြင်း တို့အတွက် လုံခြုံရေး စီမံကိန်းတစ်ခု ရေးဆွဲခြင်း | ကော်မရှင်၊ ပြည်ထဲရေးဝန်ကြီး ဌာန၊လုံခြုံရေး ဆိုင်ရာတာဝန်ရှိသူ များနှင့်တိုင်းရင်း သား လူမျိုးစု ရပ်ရွာလူကြီးများ | ၁) ရွေးကောက်ပွဲလုံခြုံရေးကော်မတီ ထူထောင်ပြီး လုံခြုံရေးစီမံကိန်းနှင့် ဘတ်ဂျက်အတည်ပြု ချက်ရရှိခြင်း | ဧပြီ ၂၀၁၄ - ဒီဇင်ဘာ ၂၀၁၅ |
| | | ၆.၄.၂ | ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကော်မတီ များ ပဋိပက္ခဖြေရှင်းရေးဗျူဟာအတွက် အသုံးဝင်မည့်ရွေးကောက်ပွဲဆိုင်ရာ အခက်အခဲများကိုဆန်းစစ်သည့် နည်းလမ်းတစ်ခု ရေးဆွဲခြင်းနှင့် အသုံးပြုခြင်း | ကော်မရှင်၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ | ၁) ရွေးကောက်ပွဲဆိုင်ရာအခက် အခဲများ ဆန်းစစ်သည့်နည်းလမ်းရေးဆွဲပြီး၊ နည်းလမ်းအကြောင်းသင်ကြားပို့ချခြင်း ခံရသည့်ကော်မရှင်ဝန်ထမ်းအရေအတွက်<br>၂) ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကော်မတီသို့ တင်ပြသော ဖော်ထုတ်သိရှိရသည့်အခက်အခဲ အရေအတွက် | ဧပြီ ၂၀၁၄ - ဒီဇင်ဘာ ၂၀၁၅ |
| ၆.၅ | အဖွဲ့အစည်းကုန်ကျစရိတ်(အဖွဲ့အစည်း လည်ပတ်သည့် စရိတ်၊ မဟာဗျူဟာ ပန်းတိုင်များအကောင်အထည် ဖော်သည့်ကုန်ကျစရိတ်)၊ လုပ်ငန်းများအတွက်ကုန်ကျစရိတ် (မဲစာရင်းပြုစုခြင်းနှင့် မဲပေးခြင်း) နှင့် ပူးတွဲကုန်ကျစရိတ် (လုံခြုံရေးအတွက် အခြားဝန်ကြီး ဌာနများကိုပေးရခြင်း) စသည့် ကုန်ကျစရိတ်အမျိုးအစား များ ခွဲခြားဖော်ပြထား | ၆.၅.၁ | ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ အတွက် ဘတ်ဂျက် တွက်ချက်ခြင်း၊ အဆိုပြုခြင်း၊ ဘတ်ဂျက်ချထား ပေးခြင်းနှင့် ရွေးကောက်ပွဲလုပ်ငန်း အတွက် ဘတ်ဂျက်များ | ညွှန်ချုပ်၊ ဘဏ္ဍာရေး ဌာန | ၁) ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ၊နှင့် ရွေးကောက်ပွဲ များအတွက်တင်သွင်း သော ဘတ်ဂျက် ပမာဏ | ဘဏ္ဍာနှစ်အရ စက်တင်ဘာလ တိုင်း |
| | | | | | ၂) ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ နှင့် ရွေးကောက်ပွဲများအတွက် ချပေးသည့် ဘတ်ဂျက်ပမာဏ | ဘဏ္ဍာနှစ်အရ ဧပြီလတိုင်း |

| | | | | | |
|---|---|---|---|---|---|
| | သော ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အတွက် ရွေးကောက်ပွဲဆိုင်ရာပင်မ ဘတ်ဂျက် ချမှတ်ခြင်း | ၆.၅.၂ | မဟာဗျူဟာစီမံကိန်းအတွက် ရန်ပုံငွေလိုအပ်ချက်များကို ဖော်ထုတ်ပြီး အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထပ်ဆောင်းဘတ်ဂျတ်တောင်းခံရယူနိုင်ရန်အဆိုပြုလွှာများ ပြင်ဆင်ခြင်း | ညွှန်ချုပ်၊ ဘဏ္ဍာရေး ဌာန၊ အစိုးရ / လွှတ်တော် (နှင့် နိုင်ငံတကာ အဖွဲ့အစည်းများ | ၁) နှစ်စဉ်အစိုးရမှ ရွေးကောက်ပွဲများ အတွက် ချပေးသည့် ဘတ်ဂျက်<br>၂) ၂၀၁၄–၂၀၁၈ အတွက် ထောက်ပံ့မည့် နိုင်ငံတကာ အထောက်အပံ့အတွက် လျှောက်ထားခဲ့သည့် အဆိုပြုလွှာအရေအတွက် | ဘဏ္ဍာနှစ် အတိုင်း<br>ဇန်နဝါရီ ၂၀၁၄ - ဒီဇင်ဘာ ၂၀၁၈ |
| ၆.၆ | တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့် ကော်မရှင်အဖွဲ့ခွဲရုံးများ နှင့် ကော်မရှင်အကြား ကြီးကြပ်ကွပ်ကဲမှု နှင့် သတင်း အချက်အလက်စီးဆင်းမှု တိုးတက်စေရေးအတွက် ထိရောက်သော ဆက်သွယ်ရေး တည်ဆောက်ခြင်း<br>(မဟာဗျူဟာအခန်း ၂၊ ၅ ကိုကြည့်ရန်) | ၆.၆.၁ | ညှိနှိုင်းရေးမှူးများအဖွဲ့ကို ကော်မရှင်ရုံးချုပ်မှ ရွေးချယ်ဖွဲ့စည်းကာ တိုင်းဒေသကြီး/ပြည်နယ်များသို့ သွားရောက်ခြင်း၊ အခက်အခဲပြဿနာများကို ကူညီဖြေရှင်းခြင်းနှင့် အဆင့်ဆင့်ကြား ထိရောက်သည့် ဆက်သွယ်ရေးစနစ်ကို ချမှတ်ဖော်ဆောင်ပေးခြင်း | ကော်မရှင်၊ ICT ဌာန၊ ကော်မရှင် အဖွဲ့ခွဲများ | ၁) ညှိနှိုင်းဆက်စပ်ဆောင်ရွက်ခြင်း ဆိုင်ရာ အစီရင်ခံစာများ<br>၂) နေရာဒေသနှင့်ကိုက်ညီသော ဆက်သွယ်ရေး စနစ်ကိုစမ်းသပ်တပ်ဆင်ပြီး၊ (ဥပမာ - ဖက်စ်၊ SMS၊ အီးမေးလ် စသည် နေရာတစ်ခုစီအတွက်သင့်လျော်သော ဆက်သွယ်ရေးစနစ်များ)<br>၃) လက်ခံရရှိသည့်ညွှန်ကြားချက်နှင့် လမ်းညွှန်ချက်ရေအတွက် | လစဉ် |
| ၆.၇ | ကော်မရှင်အဖွဲ့ခွဲရုံးများအတွက်လိုအပ်သော ပစ္စည်း အသုံးအဆောင်နှင့်ဆက်သွယ်ရေး ကိရိယာများပံ့ပိုးခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုထိရောက်ကောင်းမွန်အောင် မြှင့်တင်ခြင်း | ၆.၇.၁ | တိုင်းဒေသကြီး၊ပြည်နယ်၊ ခရိုင်၊ နှင့် မြို့နယ်ရုံးများအတွက်လိုအပ်သော အရင်းအမြစ်များရှိပါက မော်တော်ယာဉ်များဝယ်ယူ ဖြည့်တင်းပေးခြင်း | ကော်မရှင် | ၁) ကော်မရှင်အဖွဲ့ခွဲရုံးများအတွက် ပံ့ပိုးပေးသည့် ပို့ဆောင်ရေးယာဉ်အရေအတွက် | ဖေဖော်ဝါရီ ၂၀၁၄ - ဇွန် ၂၀၁၅ (ဖေဖော်ဝါရီ ၂၀၁၄ တိုင်း/ပြည်နယ် ကား ၁၄ စီး၊ ဩဂုတ် ၂၀၁၄ တွင် ခရိုင်များ ကား ၇၃ စီး၊ ဇွန် ၂၀၁၅ တွင် မြို့နယ်များ ၆၆၀ စက်ဘီးနှင့် ဆိုင်ကယ်များ) |
| | | ၆.၇.၂ | ရရှိနိုင်မည့်အရင်းအမြစ်ပေါ်မူတည်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် များရှိကော်ခွဲရုံးများတွင် ဆက်သွယ်ရေး ပစ္စည်းများ (ဖုန်း၊ ဖက်စ်နှင့် အင်တာနက်) တပ်ဆင်ခြင်း | ကော်မရှင် | ၁) ဖုန်း၊ ဖက်စ်၊ အင်တာနက် များတပ်ဆင်သည့်အရေအတွက် | ဧပြီ ၂၀၁၄ – စက်တင်ဘာ ၂၀၁၅ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၈ | မသန်စွမ်းသူများအဖွဲ့အစည်းများမှ အကြံပြုချက်များနှင့် ဥပဒေများအပေါ်အခြေခံ၍ အားလုံးလက်လှန်းမီ အသုံးပြုနိုင်သော မဲရုံများ သတ်မှတ်ခြင်း (မဟာဗျူဟာအခန်း ၉ ကိုကြည့်ရန်) | ၆.၈.၁ | မဲဆန္ဒနယ်တစ်ခုချင်းစီအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအရေအတွက်ပေါ် မူတည်ပြီး လိုအပ်သောမဲရုံများ တွက်ချက်ခြင်း | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ | ၁) မဲရုံအရေအတွက် စာရင်း | စက်တင်ဘာ ၂၀၁၅ |
| | | ၆.၈.၂ | မသန်စွမ်းသူများအဖွဲ့အစည်းများမှ အကြံပြုချက်များနှင့် ကော်မရှင်မှ သက်မှတ်ထားသည့်စံနှုန်းများနှင့် ကိုက်ညီသော မဲရုံများ သတ်မှတ်ခြင်း | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ | ၁) စံနှုန်းများအတိုင်း ချထားသည့်မဲရုံအရေအတွက် (အနည်းဆုံး ၈၀%) | စက်တင်ဘာ ၂၀၁၅ |
| ၆.၉ | မဲပေးရမည့်ရက်မတိုင်မီ မဲဆန္ဒနယ် တစ်ခုချင်းစီရှိမဲရုံများတွင်မှန်ကန်သည့်မဲလက်မှတ်များရှိကြောင်း သေချာစေခြင်း | ၆.၉.၁ | မဲလက်မှတ်များကို မဲဆန္ဒနယ်အလိုက် သက်ဆိုင်သည့်ပါတီနှင့် ကိုယ်စားလှယ်လောင်းများအလိုက်ပုံစံထုတ်ပြီးမဲလက်မှတ်အရေအတွက်မှန်ကန်စွာပုံနှိပ်ခြင်း | ကော်မရှင် | ၁) မဲဆန္ဒနယ်တစ်ခုချင်းစီအတွက် ပုံနှိပ်သည့် မဲလက်မှတ် အရေအတွက် မှတ်တမ်းများ | စက်တင်ဘာ ၂၀၁၅ (၁၀၀%) |
| | | ၆.၉.၂ | မဲလက်မှတ်ဖြန့်ဝေခြင်းအစီအစဉ် ရေးဆွဲခြင်းနှင့် ဖြန့်ဝေမှုကို စောင့်ကြည့်ကြီးကြပ်ခြင်း | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ | ၁) မြို့နယ်တစ်ခုချင်းသို့ ဖြန့်ဝေသည့် မဲလက်မှတ်အရေအတွက် | နိုဝင်ဘာ ၂၀၁၅ (၁၀၀%) |
| ၆.၁၀ | မဲရုံများအားလုံး ရွေးကောက်ပွဲ နှင့်ဆိုင်သည့်ပစ္စည်းများကို အချိန်မီ ရရှိရန် သေချာစေခြင်း နှင့် အရေးကြီးသော ပစ္စည်းများကို လုံခြုံစွာသိမ်းဆည်းထားခြင်း | ၆.၁၀.၁ | မဲရုံတစ်ခုချင်းစီအတွက် ဝယ်ယူရမည့် ပစ္စည်းအမျိုးအစား တစ်ခုချင်းစီ (ဥပမာ – မဲပုံး၊ တံဆိပ်တုံး၊ ပုံစံများ၊ အိတ်များ၊ စာအိတ်များ၊ မှင်၊ မဲထည့်ခန်း၊ လမ်းညွှန်ဆိုင်းဘုတ်၊ ပိုစတာ၊ လက်စွဲစာအုပ်၊ မဲဆန္ဒရှင် စာရင်း စသည်)ကိုတွက်ချက်ခြင်း | ညွှန်ချုပ်၊ ဒုညွှန်ချုပ်၊ ညွှန်မှူး (စီမံ)၊ ညွှန်မှူး (ရွေးကောက်ပွဲ) | ၁) ပစ္စည်းအမျိုးအစားတစ်ခုချင်းစီ အတွက် ဝယ်ယူရန်လိုအပ်သည့် အရေအတွက်နှင့် ဘတ်ဂျက် | မေ ၂၀၁၅ |
| | | ၆.၁၀.၂ | အရည်အသွေးကောင်းမွန်ပြီးဈေးနှုန်းချိုသာသော ပစ္စည်းများကိုလေလံစနစ်ဖြင့် ဝယ်ယူရရှိနိုင်ရန် ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | ၁) ပစ္စည်းများဝယ်ယူရေး အစီအစဉ် နှင့် ဘတ်ဂျက် ခွင့်ပြုချက် | ဇွန် - ဇူလိုင် ၂၀၁၅ |
| | | ၆.၁၀.၃ | ရွေးကောက်ပွဲဆိုင်ရာပစ္စည်းထုပ်များ တစ်နိုင်ငံလုံးရှိ မဲရုံများသို့ ပို့နိုင်ရန် ထုပ်ပိုးခြင်းနှင့် ဖြန့်ဝေခြင်း၊ ပစ္စည်းရောက်၊ မရောက်စိစစ်သည့် အစီအစဉ် ချမှတ်ခြင်း | | ၁) ဖြန့်ဝေခြင်းအစီအစဉ် အတည်ပြုချက် ရရှိပြီး၊ ပစ္စည်းများ နေရာတကျ ရောက်ရှိခြင်း ရှိမရှိ စစ်ဆေးသည့်စနစ် ချမှတ်ပြီး | ဩဂုတ် - အောက်တိုဘာ ၂၀၁၅ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၁၁ | ကော်မရှင်ဝက်ဘ်ဆိုက်တွင် ရွေးကောက်ပွဲနှင့် ဆိုင်သည့် သတင်း အချက်အလက်များကို သက်ဆိုင်သူ အားလုံး အလွယ်တကူရယူနိုင်ရန် စုစည်းပေးထားခြင်း (မဟာဗျူဟာအခန်း ၇၊ ၈ ကိုကြည့်ရန်) | ၆.၁၁.၁ | သတင်းအချက်အလက်အစုံလိုက် (ဥပမာ – မဲရုံစာရင်း၊ သင်တန်းလက်စွဲ စာအုပ်များ၊ ရွေးကောက်ပွဲ ဆိုင်ရာ ပုံစံများ) ကို သက်ဆိုင်ရာပါဝင် ပတ်သက် သူများ သင်တန်းနှင့် လုပ်ငန်းများတွင် အသုံး ပြုရန်အတွက် ကော်မရှင် ဝက်ဘ်ဆိုက်ပေါ်တွင် အလွယ်တကူ ရယူနိုင်အောင် ဆောင်ရွက်ခြင်း | ကော်မရှင်၊ စီမံ၊ ပြင်ပ ဆက်ဆံရေး ဌာန၊ သင်တန်း ယူနစ်၊ မဲဆန္ဒရှင် ပညာပေးယူနစ် | ၁) ဝက်ဘ်ဆိုက်တွင်သတင်း အချက်အလက် များကို ကြည့်ရှု၊ ရယူသည့် အကြိမ် အရေအတွက် | ၂၀၁၄ - ၂၀၁၆ |
| ၆.၁၂ | ရှင်းလင်းသော လုပ်ငန်းစဉ်များကို အခြေခံပြီး ပါတီကိုယ်စားလှယ်များနှင့် လေ့လာအကဲခတ်သူများက လေ့လာကြည့်ရှုခွင့်ရခြင်းဖြင့် ကြိုတင်မဲပေးခြင်းသည် ပွင့်လင်း မြင်သာပြီး အားလုံးပါဝင်သည့် ကြိုတင်မဲပေးခြင်း လုပ်ငန်း ဖြစ်စေခြင်း | ၆.၁၂.၁ | ကြိုတင်မဲဆန္ဒရှင်စာရင်းနှင့်မဲထည့်မည့် နေရာများကို ပုံနှိပ်ထုတ်ဝေခြင်း၊ ပိုမိုရိုးရှင်းလွယ်ကူသောလုပ်ထုံးလုပ်နည်း နှင့်ပုံစံချမှတ်ခြင်း၊ ရွေးကောက်ပွဲ ဝန်ထမ်း များကိုပိုမိုကြီးကြပ် ကွပ်ကဲခြင်းနှင့် သင်တန်းများပေးခြင်း၊ နိုင်ငံရေးပါတီများ နှင့် လေ့လာအကဲခတ် သူများကြိုတင် မဲပေးခြင်းလုပ်ငန်းစဉ်ကို အဆင်ပြေစွာ စောင့်ကြည့်နိုင်စေခြင်း စသည်တို့ ပါဝင်သည့်ကြိုတင်မဲပေးခြင်း ဆိုင်ရာ စီမံကိန်း ရေးဆွဲခြင်း | ကော်မရှင်၊ ပြင်ပ ဆက်ဆံရေးဌာန | ၁) ကြိုတင်မဲပေးခြင်းဆိုင်ရာစီမံကိန်း အတည်ပြုပြီး<br>၂) ကြိုတင်မဲစာရင်းနှင့်မဲထည့်မည့်နေရာများ စာရင်းထုတ်ပြန်ပြီး<br>၃) နိုင်ငံရေးပါတီများနှင့် လေ့လာစောင့်ကြည့် သူများကို ဖိတ်ကြားပြီး | ဧပြီ ၂၀၁၄ - စက်တင်ဘာ ၂၀၁၅ |
| | | ၆.၁၂.၂ | ပြည်တွင်းရှိမဲဆန္ဒနယ်အတွင်းတွင်ရှိသော မဲဆန္ဒရှင်များ ကြိုတင်မဲသေချာစွာပေးနိုင် စေရန်ပြင်ဆင်မှုများဆောင်ရွက်ခြင်း | ရပ်/ကျေး ကော်မရှင် အဖွဲ့ခွဲများ | ၁) ကြိုတင်မဲစာရင်းနှင့်မဲထည့်မည့်နေရာများ စာရင်းထုတ်ပြန်ပြီး<br>၂) လေ့လာစောင့်ကြည့်ခြင်းခံရသည့် ကြိုတင် မဲရုံအရေအတွက်<br>၃) မဲဆန္ဒနယ်တစ်ခုချင်းစီအတွက် ကြိုတင်မဲ အရေအတွက်နှင့် မဲရလဒ် အရေအတွက် | အောက်တိုဘာ - နိုဝင်ဘာ ၂၀၁၅ |
| | | ၆.၁၂.၃ | မြန်မာသံရုံးများနှင့်ချိတ်ဆက်၍ မဲဆန္ဒနယ်နှင့်နိုင်ငံပြင်ပရောက်နေသူများ ကြိုတင်မဲ ပေးနိုင်ရေးအစီအစဉ်များ ပြုလုပ်ခြင်း | ကော်မရှင်၊ မြို့နယ် ကော်မရှင် အဖွဲ့ခွဲများ နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန | ၁) ကြိုတင်မဲစာရင်းအရပြည်ပနိုင်ငံ တစ်နိုင်ငံချင်းစီ မှ မဲဆန္ဒရှင်အရေအတွက် | အောက်တိုဘာ - နိုဝင်ဘာ ၂၀၁၅ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၁၃ | ပွင့်လင်းမြင်သာမှုရှိစေရန်ရွေးကောက်ပွဲပဏာမရလဒ်များကို ရွေးကောက်ပွဲ သတင်းအချက်အလက်ထုတ်ပြန်ရေးဌာနနှင့် ဝက်ဘ်ဆိုက်များမှ တဆင့် လျင်မြန်စွာ ထုတ်ပြန်ကြေညာခြင်း<br>(မဟာဗျူဟာအခန်း ၇ ကိုကြည့်ရန်) | ၆.၁၃.၁ | ရွေးကောက်ပွဲပဏာမရလဒ်ကိုပါဝင်ပတ်သက်သူများအလွယ်တကူရယူနိုင်သည့် သတင်းအချက်အလက်ဌာနနှင့် အငြင်းပွားမှုများ ဖြေရှင်းပြီးနောက် နောက်ဆုံးရလဒ်ကို ကြေညာပေးခြင်း စသော အစီအစဉ်များ ပါဝင်သည့် ရလဒ်များစီမံခန့်ခွဲသည့် အစီအစဉ် ရေးဆွဲခြင်း | ကော်မရှင်၊ ICT ဌာန၊ ပြင်ပဆက်ဆံရေး ဌာန | ၁) ရလဒ်များစီမံခန့်ခွဲသည့် အစီအစဉ်နှင့်ဘတ်ဂျတ်အတည်ပြုခြင်း<br>၂) သတင်း အချက်အလက်ဌာနကို ပါဝင်ပတ်သက်သူများ လက်လှမ်းမီသည့်နေရာတွင် ထူထောင်ခြင်း<br>၃) ရလဒ်များကို ဖော်ပြသည့် ဝက်ဘ်ဆိုက်စာမျက်နှာတွင် ပဏာမ နှင့် နောက်ဆုံး မဲရလဒ်များကြေညာခြင်း | စက်တင်ဘာ - နိုဝင်ဘာလ ၂၀၁၅ |
| ၆.၁၄ | ကော်မရှင်ရုံးတစ်ခုချင်း၏ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ် စာရင်းစစ်ခြင်း | ၆.၁၄.၁ | ကော်မရှင်ရုံးများအားလုံး၏ရွေးကောက်ပွဲကုန်ကျစရိတ် အစီရင်ခံစာများကို စုဆောင်း၍ စာရင်းစစ်အဖွဲ့ ဖွဲ့စည်းပြီး လိုအပ်ပါက ကွန်ပျူတာစာရင်းသွင်း သင်တန်းပေးကာ အသုံးစရိတ်များကို ကွန်ပျူတာဖိုင်ဖြင့်ထားရှိ၍လွှတ်တော် သို့ နောက်ဆုံးအသုံးစရိတ် အစီရင်ခံစာ တင်သွင်းခြင်း | ကော်မရှင် နှင့် ကော်မရှင် အဖွဲ့ခွဲများ၊ ဘဏ္ဍာရေးဌာန | ၁) ရွေးကောက်ပွဲကုန်ကျစရိတ်အတွက် တင်သွင်းသည့်အဆိုပြုလွှာအရေအတွက်<br>၂) အစိုးရနှင့် လွှတ်တော် သို့ ၂၀၁၅ ရွေးကောက်ပွဲအသုံးစရိတ်နှင့်ပက်သက်၍ စာရင်းစစ်ပြီး တင်သွင်းခြင်း | လွှတ်တော် ကိုယ်စားလှယ် အမည်ကြေညာ သည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း |
| | | ၆.၁၄.၂ | ရွေးကောက်ပွဲဆိုင်ရာခုံရုံးနှင့်အငြင်းပွားမှုများကို စစ်ဆေးသည့် ကုန်ကျစရိတ် သီးသန့် စာရင်းစစ်၍ အစီရင်ခံစာ တင်သွင်းခြင်း | ကော်မရှင်၊ ဘဏ္ဍာရေးဌာန | ၁) ဖွဲ့စည်းသည့် ခုံအဖွဲ့ရေအတွက်<br>၂) စစ်ဆေးစီရင်သည့်အမှုအရေအတွက်<br>၃) ခုံရုံးအသုံးစရိတ်နောက်ဆုံး အစီရင်ခံစာ | လွှတ်တော် ကိုယ်စားလှယ် အမည် ကြေညာ သည့်နေ့မှစ၍ ရက်ပေါင်း (၃၀)ရက် နောက်ပိုင်း |
| ၆.၁၅ | ၂၀၁၅ ရွေးကောက်ပွဲများကျင်းပပြီးသောအခါ ၂၀၁၆ - ၂၀၁၈ ခုနှစ်များအတွင်း လစ်လပ်နေရာများအတွက် ကျင်းပရန် ရှိလာမည့် ကြားဖြတ်ရွေးကောက်ပွဲများအတွက် ကြားဖြတ်ရွေးကောက်ပွဲလုပ်ငန်းဆောင်ရွက်မှုများဆိုင်ရာ စီမံကိန်းကို ထပ်မံ ပြင်ဆင်ရေးဆွဲခြင်း | ၆.၁၅.၁ | သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်နှင့်မြို့နယ်များတွင် ကြားဖြတ်ရွေးကောက်ပွဲကြေငြာခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းအတွက် ကော်မရှင်အဖွဲ့ခွဲများနှင့် တိုင်ပင်ညှိနှိုင်းခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲလုပ်ငန်း ဆောင်ရွက်မှုများဆိုင်ရာ စီမံကိန်းကို ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သော အထောက်အပံ့များကို ဖော်ထုတ်သတ်မှတ်ခြင်း | ကော်မရှင် နှင့် ကော်မရှင် အဖွဲ့ခွဲများ | ၁) နိုင်ငံလုံးဆိုင်ရာနှင့်ကြားဖြတ်ရွေးကောက်ပွဲများဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုစီမံကိန်းများနှင့် ဘတ်ဂျတ်များ ရေးဆွဲခွင့်ပြုချက်ရရှိပြီး ဒေသဆိုင်ရာရုံးများသို့ဖြန့်ဝေပြီး<br>၂) ကြားဖြတ်ရွေးကောက်ပွဲများမှ ရရှိသော အတွေ့အကြုံသင်ခန်းစာများ | ၂၀၁၆ - ၂၀၁၈ |

| ၇။ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့်ဆက်ဆံရေး | | | | | |
|---|---|---|---|---|---|
| မဟာဗျူဟာပန်းတိုင် – ပြည်သူလူထု၊ မီဒီယာ၊ စောင့်ကြည့်အကဲခတ်သူများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ကူညီထောက်ပံ့မှုများရယူခြင်းဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ယုံကြည်မှုတည်ဆောက်ရန်နှင့် ပွင့်လင်းမြင်သာမှုမြှင့်တင်ရန် | | | | | |
| စဉ် | လုပ်ငန်းစဉ် | လုပ်ငန်းစဉ်အဆင့်ဆင့် | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသောအညွှန်းများ | ပြီးစီးရမည့်အချိန် /ပမာဏ |
| ၇.၁ | ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့်ပိုမို ကောင်းမွန်စွာ ထိတွေ့တုံ့ပြန်နိုင်စေရန်၊ သတင်းအချက်အလက် များ အပြန်အလှန်စီးဆင်းမှု တိုးတက်စေရန်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ပြင်ပဆက်ဆံရေးဌာနတစ်ခုကို ဖွဲ့စည်းခြင်းနှင့်ပြန်ကြား ဆက်သွယ် ဆက်ဆံရေးဗျူဟာ ချမှတ်ရေးဆွဲဆောင်ရွက်ခြင်း | ၇.၁.၁ ရွေးကောက်ပွဲကျင်းပရန်အချိန်နီးကပ်လာသည်နှင့်အမျှတိုးမြင့်များပြားလာသော သတင်းအချက်အလက်ဆိုင်ရာ တောင်းဆိုမှုများကို ဖြည့်ဆည်းနိုင်ရန် ပြင်ပဆက်ဆံရေးဌာန ဖွဲ့စည်းခြင်း | ကော်မရှင် | ၁) ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ပြင်ပဆက်ဆံရေးဌာနဖွဲ့စည်းပြီး၍ လုပ်ငန်းများဆောင်ရွက်နေခြင်း၊ | ဇန်နဝါရီ ၂၀၁၄ |
| | | ၇.၁.၂ ပြင်ပဆက်ဆံရေးဌာနမှ ဝန်ထမ်းများအား ပြန်ကြားဆက်သွယ်ဆက်ဆံရေး ဗျူဟာ ရေးဆွဲခြင်း၊ ဆက်သွယ်ဆက်ဆံရမည့်သူများ၏အချက်အလက်များ စနစ်တကျ စာရင်းပြုစုခြင်း၊ သတင်းထုတ်ပြန်ခြင်းနှင့် ကော်မရှင်၏ ဝက်ဘ်ဆိုက်ပေါ်သို့ အချိန်နှင့်တစ်ပြေးညီ သတင်း အချက်အလက်များလွှင့်တင်ပေးနိုင်ရန် လေ့ကျင့် သင်ကြားပေးခြင်း | ICT ဌာန၊ ပြင်ပဆက်ဆံရေးဌာန၊ အခြားဌာနများနှင့် အဖွဲ့အစည်းများ | ၁) ကျင်းပပြီးသောသင်တန်း အရေအတွက်<br>၂) ပြန်ကြားရေးနှင့်ဆက်ဆံရေး ဗျူဟာ အတည်ပြုရေးဆွဲပြီး<br>၃) ဆက်သွယ်ရမည့်လိပ်စာများကို နောက်ဆုံးရ အချက်အလက်များဖြင့် ဖြည့်စွက်ခြင်း<br>၄) ဝက်ဘ်ဆိုက်ကို လစဉ်နှင့် အရေးကြီး ကြေငြာချက်များစသည့် လိုအပ်ချက်ပေါ် မူတည်၍ပြင်ဆင်ဖြည့်စွက်ခြင်း | မတ် ၂၀၁၅ |
| | | ၇.၁.၃ ကော်မရှင်၏သုံးလတစ် ကြိမ်သတင်းလွှာ ထုတ်ဝေခြင်း၊ လိုအပ်ချက်ပေါ်မူတည်၍ သတင်းထုတ်ပြန်ခြင်း၊ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံနိုင်ရန် စီစဉ်ခြင်း | ICTဌာန၊ ပြင်ပဆက်ဆံရေးဌာန | ၁) မြန်မာ၊အင်္ဂလိပ်နှစ်ဘာသာ ဖြင့် သုံးလတစ်ကြိမ် ပုံနှိပ်ဖြန့်ဝေသည့် သတင်းလွှာ အရေအတွက်<br>၂) အီးမေးလ်နှင့်ကော်မရှင်ဝက်ဘ်ဆိုက်မှ တဆင့်ဖြန့်ဝေလွှင့်တင်ထားမှုကို ဖတ်ရှု၊ ကူးယူ download ရယူမှုအရေအတွက်<br>၃) သတင်းထုတ်ပြန်သည့် အရေ အတွက်<br>၄) အစိုးရနှင့်ပုဂ္ဂလိကသတင်းမီဒီယာ များနှင့် လူတွေ့တွေ့ဆုံခြင်း | ၂၀၁၄ – ၂၀၁၈ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ၇.၁.၄ | မေးမြန်းစုံစမ်းမှုများကို သတင်းအချက်အလက်ဖြေကြားရေးအဖွဲ့မှ(ဖုန်း၊ အီးမေးလ်) များမှတစ်ဆင့်ပြန်ကြားခြင်း၊ ပြင်ပမှပါဝင်ပတ်သက်သူများနှင့် ကော်မရှင် အစည်းအဝေးများညှိနှိုင်းစီစဉ်ခြင်း နှင့်အထွေထွေသတင်းအချက်အလက်များ ပါဝင်သည့်စာစဉ်များ ပြုစုခြင်း | ICT ဌာန၊ ပြင်ပ ဆက်ဆံရေး ဌာန | ၁) သုံးလပတ်တစ်ကြိမ် တုံ့ပြန်သည့်အကြိမ် အရေအတွက်<br>၂) သတင်းစာနှင့် စာစောင်များတွင် ဖော်ပြ သည့် ကော်မရှင်သတင်း အရေအတွက် | ၂၀၁၄ – ၂၀၁၈ |
| | | ၇.၁.၅ | ကဏ္ဍစုံမှသူများအနေဖြင့် သတင်းအချက်အလက်များကို ပိုမိုကောင်းမွန်စွာ လက်လှမ်းမီရရှိနိုင်စေရန်မဲဆွယ်ကာလမှ ရွေးကောက်ပွဲရလဒ်များကြေညာသည့် အချိန်အထိ သတင်းအချက်အလက် ထုတ်ပြန်ရေးဌာန ဖွင့်လှစ်ရန်စီမံကိန်း ရေးဆွဲခြင်းနှင့်ဖွင့်လှစ်ခြင်း (မဟာဗျူဟာခေါင်းစဉ် ၆ ကိုကြည့်ရန်) | ကော်မရှင် နှင့် ကော်မရှင် အဖွဲ့ခွဲများ | ၁) သတင်းအချက်အလက် ထုတ်ပြန်ရေး ဌာန ဖွဲ့စည်းဖွင့်လှစ်ပြီးခြင်း<br>၂) လာရောက်သော ကဏ္ဍစုံမှ ပါဝင် ပတ်သက်သူများ အရေအတွက်<br>၃) ထုတ်ပြန်ပေးသော ပဏာမရလဒ်များ အရေအတွက် | စက်တင်ဘာ ၂၀၁၅ မှ ဇန်နဝါရီ ၂၀၁၆ |
| ၇.၂ | အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့်ပူးပေါင်းခြင်းဖြင့် အရင်းအမြစ်များ အစွမ်းကုန်အားကောင်းစေ၍၊ သတင်းကျန်ခြင်း၊ ထပ်ခြင်းများ ရှောင်ရှားနိုင်ပြီး သတင်းများကိုပိုမို အကျိုးရှိစွာထုတ်လွှင့်ခြင်း | ၇.၁.၁ | ရွေးကောက်ပွဲတွင်ပါဝင်ပတ်သက်သူများ နှင့်ရွေးကောက်ပွဲကြိုတွေ့ဆုံညှိနှိုင်းပွဲများ ပုံမှန်ကျင်းပခြင်းဖြင့် ဒေသအဆင့်နှင့် တစ်နိုင်ငံ လုံးအတိုင်းအတာအဆင့် တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ဝေဖန်အကြံပြုချက်များရယူခြင်း၊ သတင်းအချက်အလက်များပေးခြင်း | ပြင်ပဆက်ဆံ ရေးဌာန၊ ကဏ္ဍစုံ မှပါဝင်ပတ်သက် သူများ | ၁) နိုင်ငံအဆင့်နှင့်ဒေသအလိုက်ကျင်းပ သည့်အစည်းအဝေး အကြိမ်အရေအတွက် | ၂၀၁၄–၂၀၁၈ |
| | | ၇.၁.၂ | အစိုးရအဖွဲ့အစည်းများ၊နိုင်ငံရေး ပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာ များနှင့် မဲစာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲ ဆိုင်ရာပညာပေးခြင်းနှင့်မဲဆွယ်လုပ်ငန်း စဉ်များအတွက် ပူးပေါင်းဆောင်ရွက်ခြင်း | ပြင်ပဆက်ဆံ ရေးဌာန၊ ကဏ္ဍစုံ မှပါဝင်ပတ်သက် သူများ | ၁) မဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းများ တွင်ပူးပေါင်းဆောင်ရွက်သည့် အရေအတွက် | ဇွန် ၂၀၁၄ မှ ဒီဇင်ဘာ ၂၀၁၅ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ၇.၁.၃ | ရရှိခဲ့သောသင်ခန်းစာများကို နောင်လာမည့် ရွေးကောက်ပွဲစက်ဝန်းရှိ လုပ်ငန်းစဉ်များပိုမိုတိုးတက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ထည့်သွင်းအသုံးချနိုင်ရန်ရွေးကောက်ပွဲနောင်းပိုင်းကာလ သုံးသပ် ဆွေးနွေးပွဲကျင်းပခြင်း (မဟာဗျူဟာခေါင်းစဉ် ၁၂ ကိုကြည့်ရန်) | ပြင်ပဆက်ဆံရေးဌာန၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ | ၁) ရွေးကောက်ပွဲနောင်းပိုင်းကာလ သုံးသပ်ဆွေးနွေးပွဲ များ ကျင်းပသည်။ | ဇန်နဝါရီ - မေ ၂၀၁၆ |
| ၇.၂ | ပြည်တွင်း/ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ အဖွဲ့အစည်းများ၏ အမည်စာရင်းကိုလက်ခံခြင်း၊ စိစစ်ခြင်းလုပ်ငန်း စဉ်များကိုချမှတ်ပြီးရွေးကောက်ပွဲများကို ယုံကြည်လက်ခံမှုနှင့်ပွင့်လင်းမြင်သာမှုတိုးတက်အောင် ဆောင်ရွက်ခြင်း (မဟာဗျူဟာအခန်း ၅ ကိုကြည့်ရန်) | ၇.၂.၁ | လျှောက်လွှာနှင့်စိစစ်သည့်စံနှုန်းများကို ကြေညာ၍ နိုင်ငံလုံးနှင့်ဒေသအလိုက် စောင့်ကြည့်လေ့လာသူများနှင့် အဖွဲ့အစည်းများအား လျှောက်ထားရန် ဖိတ်ကြားခြင်း | ကော်မရှင်၊ လူမှုအဖွဲ့အစည်းများ | ၁) ဖိတ်ကြားခံရသည့်အဖွဲ့အစည်းနှင့် ကွန်ယက်အရေအတွက် | ဇွန် - နိုဝင်ဘာ ၂၀၁၅ |
| | | ၇.၂.၂ | ရွေးကောက်ပွဲစောင့်ကြည့်လေ့လာလိုသည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်အမည်စာရင်း လက်ခံခြင်းနှင့် စိစစ်၍အသိအမှတ်ပြုကတ်ပြားများထုတ်ပေးခြင်းနှင့် ကွန်ပြူတာစာရင်းပြုစုခြင်းစနစ်ဖြင့် စာရင်းသွင်းခြင်း | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ၊ လူမှုအဖွဲ့အစည်းများ | ၁) လျှောက်လွှာတင်သည့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ် အရေအတွက်နှင့် ခွင့်ပြုသည့် အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ် အရေအတွက် | ဇွန် - နိုဝင်ဘာ ၂၀၁၅ |
| | | ၇.၂.၃ | စောင့်ကြည့်လေ့လာသူများ၏အခန်းကဏ္ဍကိုကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံဝန်ထမ်းများအားသင်ကြားပို့ ချခြင်း | ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၊ သင်တန်းယူနစ် | ၁) စောင့်ကြည့်လေ့လာသူများ၏ အခန်းကဏ္ဍကို ပို့ချသည့် သင်ခန်းစာများ သင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲများသင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းပြီး | စက်တင်ဘာ - နိုဝင်ဘာ ၂၀၁၅ |

## မဟာဗျူဟာအခန်း ၈။ ပြည်သူများနှင့် မဲဆန္ဒရှင်များအားအသိပညာပေးခြင်း

မဟာဗျူဟာပန်းတိုင် – ထိရောက်ပြီးဆက်စပ်ဆောင်ရွက်သော ပြည်သူလူထုနှင့်မဲဆန္ဒရှင်ပညာပေးလှုံ့ဆော်ရေးအစီအစဉ်များမှတဆင့် နိုင်ငံသားများအားလုံးအကြား ရွေးကောက်ပွဲလုပ်ငန်းစဉ်အကြောင်း သိရှိနားလည်ဘောပေါက်မှုရရှိစေရန်နှင့် ပါဝင်ဆောင်ရွက်မှုတိုးမြှင့်ရန်

| စဉ် | လုပ်ငန်းစဉ် | လုပ်ငန်းစဉ်အဆင့်ဆင့် | | တာဝန်ရှိသူ | လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသောအညွှန်းများ | ပြီးစီးရမည့်အချိန် /ပမာဏ |
|---|---|---|---|---|---|---|
| ၈.၁ | မဲဆန္ဒရှင်များအတွက်သင့်လျော်သည့် သတင်းအချက်အလက်များကို ရွေးထုတ်နိုင်ရန် ရွေးကောက်ပွဲနှင့်ပတ်သက်သော ပြည်သူများ၏ အသိပညာကို လေ့လာထားသော ကနဦး အခြေအနေ စစ်တမ်းများနှင့် သုတေသနတွေ့ရှိချက်များကို ဆန်းစစ် လေ့လာခြင်း | ၈.၁.၁ | ကနဦးစစ်တမ်းများကိုစုစည်းလေ့လာပြီး ဆန်းစစ်ဆုံးဖြတ်ချက်များချခြင်း | ကော်မရှင်၊ လူမှုအဖွဲ့အစည်းများ | ၁) မဲဆန္ဒရှင်ပညာပေးခြင်း နည်းဗျူဟာ အပေါ် သုံးသပ် လေ့လာ ထားသည့်လေ့လာမှုများပေါ်အခြေခံ၍ ရေးထားသောကော်မရှင်သုံးသပ်ချက် စာတမ်း | ၂၀၁၄ -၂၀၁၅၊ ရွေးကောက်ပွဲနှောင်းပိုင်း ကိန်းဂဏန်းအချက်အလက်များ |
| ၈.၂ | နိုင်ငံတဝန်းနှင့် ဒေသအလိုက်ဆောင်ရွက်မည့် ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင်နှင့် အချက်အလက်များပေးရာတွင်ဟန်ချက်ညီညီနှင့်ထိရောက်စွာဆောင်ရွက်နိုင်စေရန် ပညာပေးလုပ်ငန်းများကို ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း (မဟာဗျူဟာအခန်း ၇ ကိုကြည့်ရန်) | ၈.၂.၁ | ပြည်သူများနှင့်မဲဆန္ဒရှင်များကို ပညာပေးရန် နိုင်ငံနှင့် ဒေသတွင်းရှိ လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ ပါဝင်သည့်လူထုနှင့်မဲဆန္ဒရှင် ပညာပေးရေး ဆက်စပ်ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့ (CVEC) ကိုဒေသဆိုင်ရာ အဆင့်နှင့် နိုင်ငံတော်အဆင့်တွင် ဖွဲ့စည်းခြင်း | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ၊ လူမှုအဖွဲ့အစည်းများ၊ CVEC | ၁) လူထုနှင့်မဲဆန္ဒရှင်ပညာပေးရေး ဆက်စပ်ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့ (CVEC) ကို နိုင်ငံတော်အဆင့်နှင့်ဒေသဆိုင်ရာ အဆင့်တွင် ဖွဲ့စည်းပြီးခြင်း၊ လစဉ်အစည်းအဝေးများ ကျင်းပပြီး အစည်းအဝေးမှတ်တမ်းများကို မဲဆန္ဒရှင်ပညာပေးဌာနသို့ ပေးပို့ခြင်း | မတ် ၂၀၁၄ တွင် နိုင်ငံတော်အဆင့်၊ ဧပြီ၂၀၁၄ တွင် ဒေသဆိုင်ရာအဆင့်၊ လစဉ်အစည်းအဝေးများ |
| | | ၈.၂.၂ | ပုံမှန်အစည်းအဝေး (ဥပမာ–လစဉ်) များကျင်းပ၍ ပူးပေါင်းဆောင်ရွက်မည့် အခန်းကဏ္ဍများဖော်ထုတ်ခြင်းနှင့် တာဝန် ခွဲဝေပေးအပ်ခြင်း | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ၊ CVEC | ၁) ပူးပေါင်းဆောင်ရွက်မည့်အခန်း ကဏ္ဍများကို အစည်းအဝေးအစီအစဉ်များတွင်ထည့်သွင်းခြင်းနှင့် အစည်းအဝေး မှတ်တမ်းတွင် မှတ်သားခြင်း<br>၂) တာဝန်ခွဲဝေပေးအပ်မှု<br>၃) လစဉ်ပြုလုပ်သော အစည်းအဝေး အရေအတွက် | ဇွန် ၂၀၁၄ – ဒီဇင်ဘာ ၂၀၁၅ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ၈.၂.၃ | CVEC နှင့်ပါဝင်ပူးပေါင်းဆောင်ရွက်မည့်အဖွဲ့အစည်းများစဉ်ဆက်မပြတ်ဆက်သွယ်ဆောင်ရွက်နိုင်ရန် နည်းလမ်းများ သတ်မှတ်ခြင်း | ကော်မရှင်၊ လူမှုအဖွဲ့အစည်းများ | ၁) လုပ်ထုံးလုပ်နည်းများ နောက်ဆုံးပြောင်းလဲချက်များနှင့်ပတ်သက်သည့်သတင်းအချက်အလက်များကိုလူမှုအဖွဲ့အစည်းများ အတွက် ဝက်ဘ်ဆိုက်တွင် တင်ထားခြင်း<br>၂) CVEC၏လစဉ်အစည်းအဝေး များတွင်နောက်ဆုံးတိုးတက်မှု အခြေအနေများကို အသိပေးခြင်း၊ | ၂၀၁၄ - ၂၀၁၅ |
| | | ၈.၂.၄ | လုပ်ငန်းပြီးစီးမှုစစ်တမ်းများအပါအဝင် ပြည်သူနှင့် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စဉ်ဆက် မပြတ်စောင့်ကြည့်အကဲခတ်ခြင်း | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ၊ လူမှုအဖွဲ့အစည်းများ | ၁) လစဉ်အစည်းအဝေးများမှတ်တမ်းနှင့် လုပ်ငန်းမှတ်တမ်း<br>၂) ပြည်သူနှင့်မဲဆန္ဒရှင်ပညာ ပေးခြင်း အစီအစဉ်များနှင့်အတူ ကော်မရှင်မှဆောင်ရွက်သောလုပ်ငန်းများ၊ လူမှုအဖွဲ့အစည်းများ၊ ဦးတည်အုပ်စု၊ နေရာဒေသ၊ အသုံးပြုသည့်ပစ္စည်းများကို ဖော်ပြထားသည့်ဇယား<br>၃) အောင်မြင်မှုများအပြင် လိုအပ်မှုများကို အခြေပြု၍နောင်ကြားဖြတ် ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအတွက် လိုအပ်သော အကြံပြုချက်များဖြင့်ရွေးကောက်ပွဲနောင်းပိုင်းဆန်းစစ်လွှာ | လစဉ် နှင့် ရွေးကောက်ပွဲ နောင်းပိုင်း ကာလများအထိ |
| ၈.၃ | မဲဆန္ဒရှင်လက်စွဲစာအုပ်၊ လက်ကမ်း စာစောင်နှင့် ပိုစတာများကို မြန်မာ ဘာသာအပြင် တိုင်းရင်းသား ဘာသာများရွေးချယ်ပြီး ပြုစုခြင်း နှင့် ရိုက်နှိပ်ဖြန့်ဝေခြင်း (မဟာဗျူဟာအခန်း ၉ ကိုကြည့်ရန်) | ၈.၃.၁ | မဲစာရင်းသွင်းခြင်းနှင့်မဲပေးခြင်းဆိုင်ရာ မဲဆန္ဒရှင်လက် စွဲစာအုပ်၊ လက်ကမ်း စာစောင်နှင့် ပိုစတာများကို လူမှုအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ပြုစုခြင်းနှင့် ရိုက်နှိပ် ဖြန့်ဝေခြင်း | ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ၊ လူမှုအဖွဲ့အစည်းများ | ၁) လူမှုအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများ၊ ရရှိလာသောထောက်ခံအကြံပေးချက်များ အရေအတွက်<br>၂) ပုံနှိပ်ဖြန့်ဝေပြီးသော အရေအတွက် | ဖေဖော်ဝါရီ ၂၀၁၄ မှ နိုဝင်ဘာ ၂၀၁၅ |
